
http://www.dhammadownload.com

ကျေးရူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ မူအရ

ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်း လည်ပုံ, ဖြတ်ပုံ, ဒေသနာ




မူလနှစ်ဖြာ, သစ္စာနှစ်ခု, လေးခုအလွှာ, အင်္ဂါတဆယ့်နှစ်ပါး, တရားကိုယ်များနှင့်

သုံးပါးအစပ်, နှစ်ရပ်မူလ, ဝဋ်သုံးဝနှင့်, ကာလသုံးဖြာ, ခြင်းရာနှစ်ဆယ်, ဤရှစ်

သွယ်ကို, အလွယ်ကျက်မှတ်, သိစေအပ်သည်, သံသရာမှလွတ်ကြောင်းတည်း။

# မိုးကုတ်ဆရာတော်ဘုရားကြီး

၏

## ဥပနိဿယအတိုင်း

# ဝိပဿနာ ဉာဏ်တပရိညာ


## ဒုတိယတွဲ

စီစဉ်ထုတ်ဝေသူ ဦးခင်စိုး

http://www.dhammadownload.com

# ကျေးဇူးတော်ရှင်မိုးကုတ်ဆရာတော်ဘုရားကြီး၏ မူအရ

## ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်း၊လည်ပုံ၊ဖြတ်ပုံ၊ဒေသနာ



MOE WIN COLOR

❖ အသေမစောင့်နဲ့ လူဘဝ ရတုံးရခါ တရားရှာပါ။

❖ မသိဘေး အဝိဇ္ဇာ အကန်း ဖျောက်ကြ။

❖ အမှားဘေး ဒိဋ္ဌိ အရှုး ဖျောက်ကြ။

## စိတ္တာနုပဿနာရှုပွားနည်း

● အပြင်ဒွေ့သည်(၅)နှင့် အတွင်းဒွေ့သည်(၆) အိမ်သည်(၂)ခုကို အမေဟာနှင့်ရှု ကာမပုဂ္ဂိုလ်မို့ ကာမစိတ်ပေါ်မည်။

● ပေါ်ရာကိုရှု မပေါ်တာရှုမိရင် ပညတ်ဖြစ်မည်။


● ပေါ်လာတဲ့တရား နောက်ကနေကြည့်ရင် အနိစ္စ ဆိုတဲ့ အပျက်တွေမှ မဂ်ညာဏ် ဖိုညာဏ် နှင့် နီးမည်။

● ဒီနေရာဖြစ် ဒီနေရာပျက်လို့သိပေး အရှုခံလဲ ဓမ္မ ရှုညာဏ်လဲ ဓမ္မ။

ဒါကြောင့် ဓမ္မ ကိုဓမ္မ နှင့်ရှု တဏှာနှင့် မခံစားနှင့် (ဖြစ်+ပျက်) မဂ်နှင့်ခံစား။

အနိစ္စ ဆိုတာ ပျက်စီးတာ
စောင့်ကာကြည့်နေ
ခန္ဓာရှိသရွေ့ ဖြစ်+ပျက်
အနိစ္စ တွေ့ရမယ်
နိဗ္ဗာန် နားရောက်ဖို့ ဖြစ်+ပျက် တွေ့အောင်လုပ်

**ဓမ္မဒါန**
မောင်ခင်စိုး-စိန်စိန် (မိုးကုတ်ဝိပဿနာမြန်ပွားရေး)
အမှတ်(၁၇၁) မြစ်နဒီလမ်း
အောင်တော်မူ၊မန္တလေးမြို့။ ☎ ၆၆၂၀၉



လက်ဆောင်ပုဒ်

MOE WIN COLOR

မူလနှစ်ဖြာ,သစ္စာနှစ်ခု,လေးခုအလွှာ,အင်္ဂါတဆယ့်နှစ်ပါး,တရားကိုယ်များနှင့်
သုံးပါးအစပ်,နှစ်ရပ်မူလ,ဝဋ်သုံးဝနှင့်,ကာလသုံးဖြာ,ခြင်းရာနှစ်ဆယ်,ဤရှစ်
သွယ်ကို,အလွယ်ကျက်မှတ်,သိစေအပ်သည့်,သံသရာမှလွတ်ကြောင်းတည်း။


ပြန့်ပွားရေး
အောင်တော်မူ ~ မန္တလေး
အမှတ်(၁၇၁)ပြစန္တာလမ်း။ ☎ ၆၆၂၀၉

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ



မိုးကုတ်ဆရာတော်ဘုရားကြီးဦးဝိမလပုံတော်

http://www.dhammadownload.com

http://www.dhammadownload.com

# ဉာတပရိညာအမှတ် (၂) တရားတော်


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၅၇၇ / ၉၉ / ၁၀ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၆၁၄ / ၉၉ / ၁၂ |
| ပုံနှိပ်သူ | ဒေါ်ခင်ခင်ဝင်း<br>ကလျာပုံနှိပ်တိုက်<br>၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊<br>ရန်ကုန်။ |
| ထုတ်ဝေသူ | ဦးအောင်ကြီး<br>ရွှေပုရပိုက် စာပေ<br>၅၊ တင့်ဆန်းလမ်း၊ ဝွတ္တလစ်၊<br>ရန်ကုန်။ |
| အကြိမ် | ပထမအကြိမ်<br>၂၀၀၀ ခုနှစ်၊ ဇန်နဝါရီလ |

http://www.dhammadownload.com

ဦးခင်စိုး

# မိုးကုတ်ဝိပဿနာပြန့်ပွားရေး

အမှတ်(၁၇၁)၊မြစ်နွှာလမ်း၊ ၂၇× ၂၈ကြား၊၆၂×၆၃ကြား

အောင်တော်မူရပ်၊ မန္တလေးမြို့ ၀၂-၆၆၂၀၉

မှ

ပြန့်ချိသောစာအုပ်များ

၁။ ဉာတပရိညာ (ပဌမ) တွဲ
၂။ ဉာတပရိညာ (ဒုတိယ) တွဲ
၃။ ပဋ္ဌာန်းပစ္စယနိဒ္ဒေသအဖွင့်
၄။ ဝိသာခနှင့်ဓမ္မဒိန္နာ
၅။ ဒိဋ္ဌိသုံးမျိုးဖြုတ်နည်းနှင့်ဝိပဿနာရှုနည်း
၆။ မေတ္တာသုတ်အဖွင့်
၇။ ဇော(၇)ကြိမ်နှင့် အာစိဏ္ဏကံ အာသန္နကံ
၈။ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းလက်ကမ်းစာရွက်
၉။ ဆရာတော်ဘုရားကြီး၏ ဩဝါဒလက်ကမ်းစာရွက်
၁၀။ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းပိတ်ကားနှင့် **Vinyl** ဆိုဒ်စုံများ

ကို လက်လီလက်ကားဖြန့်ချိပေးနေပါသည်။

**လက်လီရနိုင်သော ဌာနများ**

မန္တလေးမြို့စာအုပ်ဆိုင်များ

ရန်ကုန်မြို့တွင်းနှင့်ရွှေတိဂုံဘုရားစာအုပ်ဆိုင်များတွင် ရနိုင်ပါသည်။

http://www.dhammadownload.com


မိုးကုတ် ဥပနိသယ
နှင့်အညီ
ပဋ္ဌာန်းပစ္စယနိဒ္ဒေသ
အဖွင့်
ထွက်ပြီ
ပြုစုသူ ဦးခင်စိုး

မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိသယအတိုင်း
ဇော (၇) ကြိမ် နှင့် အာစိဏ္ဏကံ အာသန္နကံ
ဆောင်ရန် ရှောင်ရန် တရားတော်
ထွက်ပြီ
စီစဉ်ထုတ်ဝေသူ ဦးခင်စိုး

ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းများကို
ပိတ်စ (သို့) VINYL ပလပ်စတစ်များဖြင့်
ဆိုဒ်စုံရရှိနိုင်ပါသည်။

http://www.dhammadownload.com

http://www.dhammadownload.com

# မာတိကာ



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | မူလနှစ်ဖြာဆိုသည်မှာ | ၂ မှ ၃ |
| ၂ | သစ္စာ (၂) ခုဆိုသည်မှာ | ၃ မှ ၄ |
| ၃ | လေးခုအလွှာဆိုသည်မှာ | ၄ မှ ၅ |
| ၄ | အင်္ဂါတစ်ဆယ့်နှစ်ပါးဆိုသည်မှာ | ၅ မှ ၅၃ |
| ၅ | အဝိဇ္ဇာသင်္ခါရ ရှင်းပြပုံ | ၆ မှ ၇ |
| ၆ | ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ရှင်းပြပုံ | ၈ မှ ၁၅ |
| ၇ | အခံဓါတ် အတိုက်ဓါတ် အပွင့်ဓါတ် | ၉ |
| ၈ | ဓါတ် (၁၈) ပါးပုံစံပြ | ၁၁ |
| ၉ | ဝေဒနာပုံစံပြ | ၁၂ |
| ၁၀ | ဝေဒနာပြလူ့ပုံ | ၁၃ |
| ၁၁ | ဝေဒနာအမျိုးအစား | ၁၃ မှ ၁၅ |
| ၁၂ | ဝေဒနာ ပစ္စယာ တဏှာ ဖြစ်ပုံ | ၁၆ မှ ၁၇ |
| ၁၃ | ဥပါဒါန်ဖြစ်ပုံ | ၁၈ မှ ၃၆ |
| ၁၄ | မြတ်စွာဘုရား ဥဒါန်းကျူးရင့်တော်မူပုံ | ၂၁ မှ ၂၄ |
| ၁၅ | ဒိဋ္ဌိကထာ ပဋိသမ္ဘိဒါမဂ်ပါဠိတော် | ၂၇ မှ ၂၈ |
| ၁၆ | ဝိဘာဝ တဏှာ ဥစ္ဆေဒဒိဋ္ဌိ ကထာ | ၂၈ |
| ၁၇ | ဥပါဒါန် (၄) မျိုး | ၂၉ |
| ၁၈ | ကာမုပါဒါန် – ပုံစံပြ | ၂၉ မှ ၃၁ |
| ၁၉ | သီလဗ္ဗတုပါဒါန် | ၃၁ မှ ၃၆ |

http://www.dhammadownload.com


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၀ | အတ္တဝါဒုပါဒါန် | ၃၆ |
| ၂၁ | ကမ္မဘာဝတင်ပြပါမယ် | ၃၆ မှ ၄၄ |
| ၂၂ | တဏှာ ဥပါဒါန် ဦးစီးသော ကံ (၃) မျိုးနှင့် တဏှာ ဥပါဒါန် ဦးမစီးသော အဖြူအမဲမရော သော ကံပုံစံပြ | ၃၇ မှ ၃၈ |
| ၂၃ | အဖြူအမဲ မရောသောကံကို (ကမ္မ ဘဝ) ကို လလိုအပေါက်ချန်ထားပုံ | ၃၉ |
| ၂၄ | တဏှာ – မာန – ဒိဋ္ဌိ အုပ်ချုပ်တဲ့ ကံပုံစံပြ | ၃၉ |
| ၂၅ | ကမ္မဘာဝအကြောင်းခံ၍ ဝိပါကဝဋ် (၈) ပါးပုံစံ နှင့်စာ | ၄၀ မှ ၄၄ |
| ၂၆ | တဏှာဖြစ်ခြင်း (၉) ချက်ပုံစံပြ | ၄၇ |
| ၂၇ | အကြောင်း သမုဒယ သစ္စာ ဘဝကို (၃) အ ကွက်ပုံစံပြ | ၄၈ |
| ၂၈ | ဇာတိ၏ ဝိသေသပုံစံပြ | ၅၁ |
| ၂၉ | ဇရာ၏ ဝိသေသ | ၅၃ မှ ၅၇ |
| ၃၀ | သမ္မာဒိဋ္ဌိ နှင့် သမ္မာသက်ပ္ပ မည်သူကရှေ့ မည် သူကနောက် အငြင်းပွားမှုဆရာတော်က ရှင်းပေးပုံ | ၅၅ မှ ၅၈ |
| ၃၁ | သမ္မာဒိဋ္ဌိ (၅) မျိုး ပုံစံပြ | ၅၈ |
| ၃၂ | ဉာဏ် (၅) မျိုး ပုံစံပြ | ၆၀ |

http://www.dhammadownload.com


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၃ | မဂ္ဂင် (၅) ပါးမှ သမ္မာဝိမဂ္ဂင် (၃) ပါးကို လှူပုံနှင့် စာပုံစံပြ | ၆၁ မှ ၆၄ |
| ၃၄ | မဂ္ဂင် (၈) ပါး ပုံစံပြ | ၆၅ |
| ၃၅ | သမ္မာဒိဋ္ဌိမဂ္ဂင် ရဘို့ လိုအပ်တဲ့ ဉာဏ်ပုံစံပြ | ၆၆ |
| ၃၆ | ပုဂ္ဂိုလ် (၂) မျိုး ပုံစံပြ | ၇၁ |
| ၃၇ | နိမိတ်တင်၍ သေပုံ | ၇၂ မှ ၇၃ |
| ၃၈ | သေခါနီး ဘာနှလုံးသွင်းမလဲ | ၇၆ |
| ၃၉ | သုံးပါးအစစ် ပုံစံပြ | ၇၇ မှ ၇၈ |
| ၄၀ | ကိလေသာဝဋ် (၃) ပါး | ၇၉ |
| ၄၁ | ကမ္မဝဋ် (၂) ပါးပုံစံပြ | ၈၀ |
| ၄၂ | သခ်ါရ ပုံစံဖယောင်းပြ | ၈၁ |
| ၄၃ | ကမ္မဘဝ ပုံစံဖယောင်းပြ | ၈၁ |
| ၄၄ | ကမ္မဘဝနှင့် သခ်ါရတွဲပုံ တင်ပြပါမယ် | ၈၂ |
| ၄၅ | ကိလေသာဝဋ်နှင့် ကမ္မဝဋ် ပုံစံပြ | ၈၃ |
| ၄၆ | ဝိသုဒ္ဓိ (၇) ပါးတရားတော် | ၈၆ မှ ၉၃ |
| ၄၇ | အပါယ် (၄) ပါးသို့သော တရားသည် ကိလေသာဝဋ် ကမ္မဝဋ် မဟုတ်ပါ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာသာဖြစ်ပါတယ် | ၈၇ |
| ၄၈ | သီလဝိသုဒ္ဓိ ပုံစံပြ | ၈၈ |
| ၄၉ | စိတ္တဝိသုဒ္ဓိ ပုံစံပြ | ၈၈ |

http://www.dhammadownload.com



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၀ | မဂ္ဂါမဂ္ဂ ဉာဏ ဒဿန ဝိသုဒ္ဓိ၏ အဝိပ္ပာယ်များ | ၉၁ မှ ၉၂ |
| ၅၁ | ပဋိပဒါ ဉာဏ ဒဿန ဝိသုဒ္ဓိ ပုံစံပြ | ၉၂ |
| ၅၂ | ဝိသုဒ္ဓိ (၇) ပါး ပုံစံပြ | ၉၃ |
| ၅၃ | ကိလေသာဝဋ်နိုင်း၍ ကမ္မဝဋ်လုပ်ပုံ | ၉၄ မှ ၉၅ |
| ၅၄ | သခ်ါရနှင့် ကမ္မဘဝတွဲပုံ | ၉၅ မှ ၉၈ |
| ၅၅ | ဓိပါကဝဋ် (၈) ပါးပုံစံပြ | ၉၉ မှ ၁၀၇ |
| ၅၆ | ဦးမြင့်ဆွေနှင့် ကျွန်တော် သာသနာအကျိုး သယ်ပိုးတာခြင်းတူပေမယ့်ကျိုဘဝ အကျိုး ပေးမတူပုံ | ၁၀၁ မှ ၁၀၇ |
| ၅၇ | ဥပပတ္တိနှင့် ပါတ်သက်၍ သိမှတ်ဖွယ်များမှာ | ၁၀၄ မှ ၁၀၆ |
| ၅၈ | ကာလ (၃) ဖြာပုံစံနှင့်တင်ပြပါမယ် | ၁၀၈ |
| ၅၉ | ခြင်းရာ (၂၀) ပုံစံနှင့် တင်ပြပါမယ် | ၁၀၉ မှ ၁၁၆ |
| ၆၀ | ခန္ဓာ (၅) ပါး သင်္ခါယတရား ပုံစံပြ | ၁၁၉ |
| ၆၁ | မြင်စိတ်ခန္ဓာ (၅) ပါး ဖြစ်ပုံ ပုံစံပြ | ၁၂၀ |
| ၆၂ | ကြားစိတ်ခန္ဓာ (၅) ပါး ဖြစ်ပုံ ပုံစံပြ | ၁၂၁ |
| ၆၃ | မြင်စိတ်ခန္ဓာ (၅) ပါး ပုံစံပြဖယား | ၁၂၂ |
| ၆၄ | စက္ခုဝိဉာဏ်မှ မနောဝိဉာဏ်ထိပေါ်ပုံ – ပုံစံပြ | ၁၂၄ မှ ၁၂၇ |
| ၆၅ | သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ လွယ်လွယ် သဘောပေါက်အောင် ရှင်းပြပုံ | ၁၂၈ မှ ၁၂၉ |

http://www.dhammadownload.com


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆၆ | ဝိပဿနာအရှုခံ (၅) ပါးနှင့် ရှုဉာဏ် (၅) ပါး | ၁၃၁ |
| ၆၇ | စိတ္တာနုပဿနာ ရှုပွားပုံ ပုံစံဇယားပြ | ၁၃၃ |
| ၆၈ | ပဋ္ဌဝိဉာဏ်ပေါ်ပုံ – ပုံစံပြ | ၁၃၄ |
| ၆၉ | ဝိပါက်အမှန်ဇောအပြန် ရှင်းပြပုံ | ၁၃၄ မှ ၁၃၆ |
| ၇၀ | စက္ခုဝိဉာဏ်မှ မနောဝိဉာဏ်ပေါ်ပုံ – ပဋ္ဌာန်းနည်းနှင့်ရှင်းပြပုံ | ၁၃၆ မှ ၁၃၇ |
| ၇၁ | ခန္ဓာ (၄) မျိုး ခွဲခြားပြပုံ | ၁၄၁ မှ ၁၅၈ |
| ၇၂ | ဝိဉာဏ် (၆) မျိုး ပေါ်ပုံ ပုံစံပြ | ၁၄၂ |
| ၇၃ | ဥပေက္ခာဝေဒနာပေါ်ရာဋ္ဌာန ပုံစံပြ | ၁၄၃ |
| ၇၄ | ဝိပါက်စိတ်ဇော စိတ်ပေါ်ပုံ ပုံစံပြ | ၁၄၃ မှ ၁၄၄ |
| ၇၅ | ကိလေသာဖြစ်စေသော ဥပါဒါနက္ခန္ဓာ (၄) ပါးပုံစံပြ | ၁၄၅ |
| ၇၆ | ဝိပဿနာရှုရမည့် ဥပါဒါနက္ခန္ဓာ (၅) မျိုး ပုံစံပြ | ၁၄၅ |
| ၇၇ | ခန္ဓာဝဂ္ဂသံယုတ်ပါဠိတော် မြန်မာပြန် | ၁၄၆ မှ ၁၅၄ |
| ၇၈ | ခန္ဓာ (၅) မျိုး | ၁၄၇ |
| ၇၉ | ဥပါဒါနက္ခန္ဓာ (၅) မျိုး | ၁၄၇ |
| ၈၀ | ခန္ဓာဝဂ္ဂသံယုတ်စာမျက်နှာ (၁၂၇) ပုဒ်ရေ (၁၂၂) | ၁၄၈ မှ ၁၅၄ |

http://www.dhammadownload.com


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈၁ | အာသဝ ဆိုသည်မှာ ပုံစံပြ | ၁၅၀ |
| ၈၂ | ကာလ (၃) ပါး၌ ဖြစ်သော ခန္ဓာ၊ ရုပ်ကို ခွဲမှိ ဖြစ်သောခန္ဓာ = ရူပုပါဒါနက္ခန္ဓာ | ၁၅၂ မှ ၁၅၃ |
| ၈၃ | ဝိပဿနာ ဉာဏ်ရင့်၍ မဂ်ဉာဏ် ရောက်ပုံ– အဆင့်ဆင့်ပြပုံ | ၁၅၄ မှ ၁၅၈ |
| ၈၄ | ဝိပ္ပလ္လာသ (၁၂) ပါး | ၁၅၈ မှ ၁၇၀ |
| ၈၅ | ခန္ဓာ (၅) ပါး သက္ကာယတရား၏ အဓိပ္ပာယ် | ၁၅၉ မှ ၁၆၀ |
| ၈၆ | ဝိပ္ပလ္လာသ (၁၂) ပါး ပုံစံပြနှင့် စာနှင့်ရှင်းပြပုံ | ၁၆၁ မှ ၁၇၀ |
| ၈၇ | သာသနာသမိုင်း တဘောင် | ၁၇၁ မှ ၁၇၅ |
| ၈၈ | အင်းကန်းဆရာတော်ဘုရားနှင့် ရုပ်သေး မင်းသားကြီး ဦးဖိုးညို | ၁၇၅ မှ ၁၇၆ |

http://www.dhammadownload.com



# ထုတ်ဝေသူ၏အမှာစာ

ကျွန်တော်သည် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားသော တရားများကို ၁၉၇၆ ခုနှစ်မှစ၍ ယခုတရားစာရေးသောအချိန် ၂၄-၈-၉၈ အထိ နှစ်ပေါင်း(၂၂)နှစ်ကျော် ကျွန်တော်တရားနာ တရားအားထုတ်၍ မြန်မာပြည်အနှံ့အပြား မိုးကုတ်ယောဂီများ ဆရာတော်၏တရားများကို နာကြားစေလိုသော ဆန္ဒနှင့် မိုးကုတ်ဝိပဿနာပြန့်ပွားရေး၊ အောင်တော်မူရပ်၊ မန္တလေးမြို့ အမည်နှင့် တရားတိတ်ခွေများနှင့် တရားစာအုပ်များမှာ ဉာတပရိညာစာအုပ်နှင့် ဝိသာခနှင့်ဓမ္မဒိန္နာတရားစာအုပ်များ ဖြန့်ဝေလျက်ရှိပါတယ်။ ဆရာတော်ဘုရားကြီး ဟောကြားခဲ့သော တရားများမှ *ပဋိစ္စသမုပ္ပါဒ်မှာပါသော ဝဋ်သုံးပါးမှ – ကိလေသဝဋ်သုံးပါး၊ ကမ္မဝဋ်နှစ်ပါး၊ ဝိပါကဝဋ်ရှစ်ပါး* ဟု ရှိပါတယ်။ (အဝိဇ္ဇာ) နှင့် (တဏှာ) (ဉပါဒါန်) *ကိလေသ* ဝဋ် သုံးပါးမှာ ဘဲဥပုံအဝိုင်းထဲမှာ အပေါက်မပါဘဲ လုံလုံခြုံခြုံ ဝိုင်းထားပုံ ကမ္မဝဋ်နှစ်ပါးမှာ (သင်္ခါရ) မှာ လုံလုံခြုံခြုံ

http://www.dhammadownload.com



ဘဲဥပုံဝိုင်း၍ (ကမ္မ ဘဝ) မှာ လုံလုံခြုံခြုံမဝိုင်းဘဲ၊ "လ" အက္ခရာလို အပေါက်ချန်ထားပုံ၊ ဝိပါကဝဋ် (၈) ပါး မှာ ဇာတိ/ဥပပတ္တိဘဝ ကို ထပ်ဆင့်ထားပုံ *ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်း* မှာ ဇာတိ/ဥပပတ္တိဘဝ သည်၊ နေရာကျယ်၍ ရေးသာပါလျက်နဲ့ အဘယ်ကြောင့် ထပ်ဆင့်ထားရပါသလဲလို့ တွေးတောစရာမို့ ကျွန်တော်သည် တရားလိုက်စားခါစက ဤကဲ့သို့ တွေးတောမိပါတယ် စွဲစွဲမြဲမြဲတရားနာ တရားအားထုတ်ပါများတော့ နာ၍ အားထုတ်သော တရားထမှ အသိဉာဏ်ရသောအခါကျမှ ကိုယ့်ဆရာတော်ရဲ့ ဉာဏ်ကြီးပုံ အပိုမပါ ထပ်ဖြည့်စရာ မရှိအောင် ပြည့်စုံလွန်းလို့ ကျေးဇူးထဲမှာ တော်မထည့်၍ မဖြစ်အောင်ကြီးလွန်းလို့ ကျေးဇူးတော်ရှင်ဆရာတော်ဘုရားဟု ကင်ပွန်းတပ်ရပါတယ်။

ကျွန်တော်ကျေးဇူးပြုလိုသော တရားကတော့ *ဝဋ်(၃)ပါး* ဆက်စပ် လည်ပုံ ဖြတ်ပုံနှင့် *ကမ္မဝဋ်(၂)ပါးမှာ ကမ္မဘဝနှင့်* ဆက်နေသော *သင်္ခါရမှာ ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရ နှင့် ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ စိတ္တသင်္ခါရ*

http://www.dhammadownload.com



သာလျှင်ဖြစ်၍ *မနောသင်္ခါရ* မဖြစ်ပုံ ရှင်းပြပါမည်။

## ကမ္မနှင့် ဘဝတွဲပုံ

*ပဋိစ္စသမုပ္ပါဒ်*မှာပါသော (၃)အကွက် *ကမ္မနှင့်တွဲသော ဘဝ၌သမုဒယသစ္စာ*ထိုက်ပုံရှင်းပြပါမည်။ *ဘဝ*မှာ အကျိုး*ဘဝ* နှင့် အကြောင်းဘဝဟူ၍ (၂)မျိုးရှိပါတယ်။ (၃)အကွက် (ကမ္မ ဘဝ) မှာပါသောဘဝက အကြောင်းတရား*သမုဒယ သစ္စာ*သာဖြစ်ပါတယ်။ ဥပမာ–ပဌမအရွယ်ကျောင်းသားဘဝ၊ အိမ်ထောင်သည်ဘဝ၊ သားသည်အဖေဘဝ၊ စက်ပိုင်ဘဝ၊ မင်းစိုးရာဇာဘဝ၊ အလုပ်သမားဘဝ၊ ဆင်းရဲသားဘဝ၊ အဲဒီ ဘဝတွေအားလုံး(၃)အကွက် *သမုဒယသစ္စာ*ထဲက *ကမ္မနှင့် တွဲသော ဘဝ* သာဖြစ်ပါတယ်။

(၂)အကွက်(၄)အကွက် အကျိုးတရား *ဒုက္ခသစ္စာ*ထိုက်တဲ့ ဘဝကတော့ *ဝိပါကဝဋ်*(၈)ပါးမှာပါသော $\frac{\text{ဇာတိ}}{\text{ဥပပတ္တိဘဝ}}$ သာဖြစ်ပါတယ်။ ဤ $\frac{\text{ဇာတိ}}{\text{ဥပပတ္တိဘဝ}}$ အကျိုးတရား *ဝိပါကဝဋ်* (၈)ပါးဒုက္ခသစ္စာသည် အကြောင်းတရားသမုဒယသစ္စာ

http://www.dhammadownload.com



*ကိလေသဝဋ်(၃)ပါးနှင့် ကမ္မဝဋ်(၂)*ပါးကြောင့် ဖြစ်ပါသည်။

*ဝိပါကဝဋ်*(၈)ပါး အကျိုးတရား*ဒုက္ခသစ္စာ*ကို ဘုရားက၊ *ပဋ္ဌာန်းပါဠိတော်*မှာ *ကမ္မံဝိပါကဿပစ္စယောဟောတိ*ဟု ကံလုပ်ရင် *ဝိပါကဝဋ်*ရမည်ဟု ဘုရားကလည်းဟော၊ ဆရာတော်ဘုရားကြီးကလည်း ဟောပါတယ်။ ဆရာတော်ဘုရားကြီးက တရားမှာ *ပဋ္ဌာန်းနည်း၊ သစ္စာနည်း၊ ပဋိစ္စသမုပ္ပါဒ်နည်း* နှင့် ညီညွတ်၍ ကိုက်ရင် ဒီတရားမှန်တယ်ဟု ဟောကြားတော်မူပါတယ်။

*ပဋိစ္စသမုပ္ပါဒ်နည်း* နှင့် ဆိုလျှင် (ကမ္မ ဘဝ) က အကြောင်း ဇာတိ/ဥပပတ္တိဘဝ က အကျိုးတရား။

*ပဋ္ဌာန်းနည်းနှင့် ဆိုလျှင် ကမ္မံ – ဝိပါကဿပစ္စယော*။ ကံလုပ်လျှင် *ဝိပါကဝဋ် (၈) ပါး*ရမည်။

*သစ္စာနည်း* နှင့်ဆိုလျှင် (ကမ္မ ဘဝ) က*သမုဒယသစ္စာ* ဇာတိ/ဥပပတ္တိဘဝ က *ဒုက္ခသစ္စာ*ပါဘဲ။ အကြောင်း*ကမ္မဘဝ*ပြု၍ အကျိုးတရား ကောင်းကျိုး၊ ဆိုးပြစ်မတူပုံကို ပညာရှိများက စာစပ်ထားပါတယ်။

http://www.dhammadownload.com



ယုတ်/မြတ်မျိုးနွယ်၊ ကြီး/ငယ်ဂုဏ်သိမ်၊ စည်းစိမ်နည်း/များ။ နာဖျား ကင်း/ထူ၊ သက်မူ တို/ရှည်၊ ရုပ်ရည်ဆင်းက လှ/မလှနှင့်၊ ဉာဏ ရှိ/ကင်းဖြစ်ရခြင်းမှာ ကံဟောင်းကြမ္မာ သူ့ကြောင့်တည်း။

ကျွန်တော်သည် ဤစာအုပ်ရေးရခြင်းအကြောင်းမှာ ကမ္မဘဝနှင့် $\frac{\text{ဇာတိ}}{\text{ဥပပတ္တိဘဝ}}$ ကို ဦးစားပေး၍ ပြလိုတဲ့သဘောပါ။

*ကမ္မမှာပါသောဘဝသည်အကြောင်းသမုဒယသစ္စာဘဝ*၊ ဥပမာ–ကုန်သည်ဘဝမှာ ကုန်ရောင်းကုန်ဝယ်ဆိုတဲ့ ကမ္မအမှု ကိစ္စတွေလုပ်နေရပါတယ်။ ကံအမှုတွေ ဘယ်တုံးကလုပ်သလဲ၊ ကုန်သည်ဘဝမှာ အကျိုးပေးဒုက္ခသစ္စာ *ဝိပါကဝဋ်* ထဲက အကြောင်းကမ္မအလုပ်တွေ လုပ်နေရပါတယ်။

တနည်း–ကံတွေကို ကုန်သည်ဘဝ၊ စာရေးဘဝ၊ သူဌေးဘဝ၊ အလုပ်သမားဘဝမှာ ကမ္မအလုပ်တွေလုပ်နေရပါတယ်။ ဘယ်သူခိုင်းသလဲ (အဝိဇ္ဇာ) (တဏှာ)

(ဥပါဒါန်) ဆိုတဲ့ *ကိလေသဝဋ်က* ခိုင်းလို့ (သင်္ခါရ)

http://www.dhammadownload.com



(ကမ္မ ဘဝ) လုပ်ရပါတယ်၊ *ကိလေသာ*ခိုင်းလို့လုပ်ရတဲ့

(ကမ္မ ဘဝ) ထွက်ပေါက်ရှိသေးရဲ့လား။

ထွက်ပေါက်ကတော့ *စက္ခုသံဖဿဝေဒနာ*နောက်က ဝေဒနာအနိစ္စကို *ဝိပဿနာဉာဏ်*နှင့် နှလုံးသွင်းမိလို့ တဏှာ မပေါ်ရင် ထွက်ပေါက်လမ်းပါဘဲ။ ကျွန်တော်တို့မှာ ခန္ဓာတွင်း ဖြစ်နေသော *ပဋိစ္စသမုပ္ပါဒ်*ကို ကျွန်တော်တို့နှင့် ယောဂီတို့ ကိုယ်ခန္ဓာမှာဖြစ်နေသော *ပဋိစ္စသမုပ္ပါဒ်*ပါ။ ကျွန်တော်၏ စေတနာသည် ကျေးဇူးတော်ရှင်မိုးကုတ် ဆရာတော်ဘုရားကြီး ၏ တရားလိုက်စားခါစ ယောဂီများအား ဉာတပရိညာအခြေခံ ကို အထောက်အကူပြုသဘောနဲ့ ဤတရားစာအုပ်ကို ရေးသား တင်ပြအပ်ပါသည်ခင်ဗျား။

“*သဒ္ဒိသံ ပါကံ ဖနေတိ* ”

မိမိပြုသော ကံအတိုင်း အကျိုးပေးမြဲပေတည်း။

ဤကောင်းမှုကြောင့် ယခုဒုက္ခအပေါင်းမှ ကင်းဝေးရ ပါလို၏။

*ဦးခင်စိုး (မိုးကုတ်ဝိပဿနာပြန့်ပွားရေး)*

*အောင်တော်မူရပ်၊ မန္တလေးမြို့။*

http://www.dhammadownload.com



*နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ*

*ပဋ္ဌဂုဏံ အဟံဝန္ဒာမိ*

*"ယော ပဋိစ္စသမုပ္ပါဒံ ပဿတိ သော ဓမ္မံ ပဿတိ၊ ယောဓမ္မံ ပဿတိ သော ပဋိစ္စသမုပ္ပါဒံ ပဿတိ"*

အကြင်သူသည် *ပဋိစ္စသမုပ္ပါဒ်* တရားကိုသိ၏။ ထိုသူသည် တရားကိုသိ၏။ တရားသိသောသူသည် ငါဘုရားကိုသိ၏။ ဟု ***မူလပဏ္ဏာသပါဠိတော်မဟာဟတ္ထိပဒေါပမ*** သုတ်မှာ ဘုရားရှင်ဟောကြားတော်မူသည့်အတိုင်း မိုးကုတ်ဆရာတော်ဘုရားကြီးဟောကြားခဲ့ပါတယ်။ ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ *ပဋိစ္စ သမုပ္ပါဒ်နှင့် လက်ဆောင်ပုဒ်မှာ*။

## ပဋိစ္စသမုပ္ပါဒ် အနုလောမ

*အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပ ပစ္စယာ သဠာယတနံ၊*

http://www.dhammadownload.com



*သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာ ပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ – မရဏ – သောက – ပရိဒေဝ – ဒုက္ခ – ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။*

မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလွှာ၊ အင်္ဂါတဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့်၊ သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ ဝင့်သုံးဝနှင့်၊ ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းဘည်း။


## မူလနှစ်ဖြာဆိုသည်မှာ

*အဝိဇ္ဇာနှင့်တဏှာ* ပါဘဲ။ ယှဉ်ပုံနှင့်ပြထားသော စက်ဝိုင်းအလယ်မှာ *အဝိဇ္ဇာနှင့်တဏှာ* သည် (၃၁)ဘုံခန္ဓာရတဲ့ သူများ၏ မူလပဌမ အကြောင်းရင်းပါဘဲ။ *သတ္တဝါ* တစ်ဦးတစ်ယောက် ဖြစ်ခဲ့ရတဲ့ *ဘဝ*ပေါင်းကို ဘုရားဖြစ်တဲ့နေ့မှစ၍

http://www.dhammadownload.com



*ပရိနိဗ္ဗာန်စံတော်မူအထိပြောရင်  ကုန်နိုင်ဖွယ်မရှိပါဘူး။*




လက်သယ်အရင်း ကျကျနနရှာကြည့်တော့ *အဝိဇ္ဇာနှင့်တဏှာ* ဘဲ တွေ့ပါတယ်ဟု ဟောပါတယ်။ *အနမတဂ္ဂသံယုတ် ပါဠိတော်မှာ အနမတဂ္ဂေါယံ ဘိက္ခဝေသံသာရော၊ ပုဗ္ဗာကောဋိ န ပညာယတိ အဝိဇ္ဇာ နီဝရဏာနံ သတ္တာနံ တဏှာ သံယောဇနာနံ သန္ဓာဝတံ သံသရတံ။*


## သစ္စာနှစ်ခုဆိုသည်မှာ

မဆုံးနိုင်သော *သံသရာတစ်ခွင်တွင် အဝိဇ္ဇာနှင့်တဏှာ*

http://www.dhammadownload.com



ဦးစီးနေ၍ သမုဒယသစ္စာအကြောင်းခံတော့ ဒုက္ခသစ္စာနဲ့လည်း နေရပါတယ်။





သမုဒယသစ္စာ အဝိဇ္ဇာနှင့်တဏှာ ဒွေးမူလ ကြောင့် လူ၊ နတ်၊ ဗြဟ္မာ အပါယ်(၄)ဘုံမှာ အကျိုးဒုက္ခ လူဇာတိ၊ နတ်ဇာတိ၊ ဗြဟ္မာဇာတိ အပါယ်(၄)ပါးဇာတိ ဒုက္ခသစ္စာ ကြီး နှင့်လည်းနေရပါတယ်။

## လေးခုအလွှာဆိုသည်မှာ

(၁)အကွက် သမုဒယသစ္စာ အတိတ်အကြောင်းတစ်လွှာ၊ (၂)အကွက် ဒုက္ခသစ္စာ ပစ္စုပ္ပန် အကျိုးတစ်လွှာ၊ (၃)အကွက် သမုဒယသစ္စာ ပစ္စုပ္ပန် အကြောင်းတစ်လွှာ၊ (၄)အကွက် ဒုက္ခသစ္စာ အနာဂတ် အကျိုးတစ်လွှာဖြစ်ပါတယ်။

http://www.dhammadownload.com






## အင်္ဂါတစ်ဆယ့်နှစ်ပါးဆိုသည်မှာ


တစ်အကွက်မှာ ပုံနှင့်ပြထားသော သမုဒယသစ္စာထဲက *အဝိဇ္ဇာ သင်္ခါရ*၊ *အဝိဇ္ဇာ*သည် သိကောင်းတာမသိ၊ မသိကောင်းတာ သိတယ်လို့ ဟောထားပါတယ်။ *ဒုက္ခသစ္စာ*၊ *သမုဒယသစ္စာ*၊ *မဂ္ဂသစ္စာ*၊ *နိရောဓသစ္စာ* ဆိုတဲ့ သစ္စာ(၄)ပါးမသိတာ *အဝိဇ္ဇာ*ဟုဟောပါသည်။ *ဒုက္ခေဉာဏံ*၊ *ဒုက္ခသမုဒယေ ဉာဏံ*၊ *ဒုက္ခနိရောဓေဉာဏံ*၊ *ဒုက္ခနိရောဓဂါမိနိပဋိပဒါယ ဉာဏံ*၊ *အယံဝုစ္စတိ သမ္မာဒိဋ္ဌိ*။

*ဒုက္ခသစ္စာ* ဆင်းရဲခြင်းမသိတာ *အဝိဇ္ဇာ*၊ *သမုဒယသစ္စာ* ဒုက္ခဖြစ်ကြောင်းမသိတာ *အဝိဇ္ဇာ*၊ *နိရောဓသစ္စာ* ဒုက္ခချုပ်ရာ

http://www.dhammadownload.com



အမှန်မသိတာ *အဝိဇ္ဇာ*။ *မဂ္ဂသစ္စာ ဒုက္ခ*ချုပ်ကြောင်းအကျင့်ကောင်းမသိတာ *အဝိဇ္ဇာ*။




## အဝိဇ္ဇာကြောင့်တစ်နည်း

*အဝိဇ္ဇာ*လက်အောက်ခံ သင်္ခါရ(၃)မျိုး *ပုညာဘိသင်္ခါရ*၊ *အပုညာဘိသင်္ခါရ*၊ *အာနေဉ္ဇာဘိသင်္ခါရ*၊ မသိမှု *အဝိဇ္ဇာ* ဦးစီး၍ လွန်ကဲစွာပြုလုပ်သော *ကုသိုလ် (ပုညာဘိသင်္ခါရ)*။ လွန်ကဲစွာ ပြုလုပ်သော *အကုသိုလ် (အပုညာဘိသင်္ခါရ)*။ သစ္စာလေးပါး မသိသော *ဈာန် သမထ ဘာဝနာ* ပွားများခြင်းများကို *အဝိဇ္ဇာ* ဦးစီးသော *သင်္ခါရ*။ အဲဒါကြောင့် *အဝိဇ္ဇာပစ္စယာ*

http://www.dhammadownload.com




*သင်္ခါရာ*။ *သင်္ခါရ* ပြုလုပ်တာသည် *တဏှာ*စေခိုင်းရာ *ပုည၊ အပုည၊ အနဉ္ဇာဘိသင်္ခါရ*များဖြစ်ပါသည်။

အဘယ်ကြောင့် *တဏှာ*စေခိုင်းရာပြုသော *သင်္ခါရ*ဟု ပြောသလဲဆိုလျှင် *အဝိဇ္ဇာ*နှင့်*တဏှာ*၊ *တဏှာ*နှင့်*အဝိဇ္ဇာ*သည် ဒွေးမှုလဖြစ်ပါသည်။ ဥပမာ – တရားအားထုတ်ချိန်မှာ *ဝိဇ္ဇာဉာဏ်*နှင့် နှလုံးသွင်းတဲ့အခါမှာ *တဏှာ*ပေါ်ခွင့်မရ၍ *တဏှာ*က *အလောဘ*အဖြစ်နှင့်နေပါတယ်။ သားရေး၊ သမီးရေး၊ စီးပွားရေးလုပ်နေချိန်မှာ *တဏှာ*ရှေ့တန်းမှာနေ၍ ထိုအချိန်မှာ *ဒုက္ခသစ္စာ*ဟု နှလုံးမသွင်းမိသောကြောင့် *အဝိဇ္ဇာ*က *ဝိဇ္ဇာ*ဖြစ်မနေတော့ *အဝိဇ္ဇာပစ္စယာသင်္ခါရာ* ဖြစ်တော့တာပါဘဲ။ *သင်္ခါရပစ္စယာ* (၂)အကွက်ပုံစံနှင့်ပြထားသော *ဒုက္ခသစ္စာ*ထဲက *ဝိညာဏ်*–*နာမ် ရုပ်သဠာယတန ဖဿ ဝေဒနာ*တို့ကိုကြည့်ပါ၊ လွန်လေပြီးသော အတိတ်ကာလက ပြုလုပ်သော *အဝိဇ္ဇာ* ဦးစီးသော *သင်္ခါရ* ကြောင့် ယခု(၂)အကွက် လက်ရှိ *ခန္ဓာ*အကျိုးတရား *ဒုက္ခသစ္စာ*မှာ *ပဋိသန္ဓေဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ* ယခုလက်ရှိ *ခန္ဓာ*ပါ။

http://www.dhammadownload.com






ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်း(၂)အကွက်က ဝိညာဏ်သည် ပဋိသန္ဓေဝိညာဏ်ဟုမှတ်ပါ။ ဝိညာဏ်ကြောင့် နာမ်ရုပ် ဖြစ်ပါတယ်။ သိတာသည် နာမ်တရား။ ကိုင်၍ရတာ မသိတာသည် ရုပ်တရား။ ဝိညာဏ်ကြောင့် နာမ်ရုပ်၊ နာမ်ရုပ် ကြောင့် သဠာယတနဟူသော အကြည်(၆)မျိုး စက္ခာယတန၊ သောတာယတန၊ ဃာနာယတန၊ ဇိဝှါယတန၊ ကာယာ

http://www.dhammadownload.com



ယတန၊ မနာယတန ဟုခေါ်သော မျက်စိအကြည်၊ နားအကြည်၊ နှာအကြည်၊ လျှာအကြည်၊ ကိုယ်အကြည်၊ မနောအကြည် ဟု (၆) မျိုးရှိပါတယ်။

*သဠာယတနပစ္စယာဖဿော* ဟုခေါ်သော အဆင်းအာရုံ၊ အသံအာရုံ၊ အနံ့အာရုံ၊ ရသာအာရုံ၊ တွေ့ထိစရာအာရုံ၊ ကြံတွေးစရာအာရုံဟု အာရုံ(၆)ပါးရှိသည်။ ဖဿ(၆)ပါးနှင့် အတူတူပါဘဲ။ ဖဿ ဆိုတာသည် တွေ့ထိတာကိုဆိုပါသည်။ ဥပမာ– ဖဿ ဆိုသောစကားပါလျှင် အာရုံပါပြီးသား ဖြစ်သည်ဟု ပုံစံပြ။

| | | |
|---|---|---|
| အတွင်းအာယတန (၆) ပါး ဒွါယ (၆) ပါး အခံဓါတ် (၆) ပါး | အပြင်အာယတန (၆) ပါး အာရုံ (၆) ပါး အတိုက်ဓါတ်(၆)ပါး | အာရုံဒွါရ တိုက်၍ ပေါ်တဲ့တရား အပွင့်ဓါတ်(၆)ပါး |
| မျက်စိပါဝင်သော အကြည် (၆) ပါး ⇓ | အဆင်းပါဝင်သော အာရုံ (၆) ပါး ⇓ | မြင်ခံစား ⇓ |
| သဠာယတန(၆)ပါး | ဖဿ (၆) ပါး | ဝေဒနာ (၆) ပါး |
| *သဠာယတန ပစ္စယာ+ဖဿော၊ ဖဿ ပစ္စယာ+ဝေဒနာ၊ ဝေဒနာ ပစ္စယာ* | | |

http://www.dhammadownload.com



မျက်စိအကြည် → အဆင်း → မြင်ခံစား

*သဠာယတနပစ္စယာ ,ဖဿော, ဖဿပစ္စယာ, ဝေဒနာ*

အပြင် *အာယတန*(၆)ပါး တစ်နည်း *အာရုံ*(၆)ပါး တစ်နည်း အတိုက်ခါတ် (၆)ပါးဆိုသော တရား*အဓိပ္ပါယ်*နှင့် *ဖဿ*ဆိုသော *အဓိပ္ပါယ်* အတူတူပါဘဲ။

*သဠာယတန*ဆိုသော *အဓိပ္ပါယ်*သည် အကြည် (၆) မျိုး အခံခါတ်ကိုဆိုပါသည်။ *အာယတန*ဆိုသော *အဓိပ္ပါယ်*သည် သံသရာရှည်အောင် ချဲ့တတ်သောတရား *အာရုံ*(၆)ပါး အတိုက်ခါတ်ကိုဆိုပါသည်။ အထက်ပါရှင်းလင်းပြတာ ကြည့်ခြင်းအားဖြင့် *အာရုံ* ဆိုသောအဓိပ္ပါယ်နှင့် ဖဿ ဆိုသော အဓိပ္ပါယ် အတူတူဆိုတာ နားလည်သဘောပေါက်လောက် ပါပြီ။

ဓာတ်[၁၈]ပါး

အာယတန[၁၂]ပါး

| အတွင်း အာယတန (၆)ပါး ဒွါရ(၆)ပါး အခံဓာတ်(၆)ပါး | | | |
|---|---|---|---|
| ၁။ စက္ခု | = | မျက်စိ | အကြည် |
| ၂။ သောတ | = | နား | အကြည် |
| ၃။ ဃာန | = | နှာ | အကြည် |
| ၄။ ဇိဝှါ | = | လျှာ | အကြည် |
| ၅။ ကာယ | = | ကိုယ် | အကြည် |
| ၆။ မန | = | မနော | အကြည် |

| အပြင် အာယတန (၆)ပါး အာရုံ(၆)ပါး အတိုက်ဓာတ်(၆)ပါး | | | |
|---|---|---|---|
| ၁။ ရူပ | = | အဆင်း | အာရုံ |
| ၂။ သဒ္ဒ | = | အသံ | အာရုံ |
| ၃။ ဂန္ဓ | = | အနံ့ | အာရုံ |
| ၄။ ရသ | = | အရသာ | အာရုံ |
| ၅။ ဖောဋ္ဌဗ္ဗ | = | တွေ့ထိစရာ | အာရုံ |
| ၆။ ဓမ္မ | = | ကြံတွေးစရာ | အာရုံ |

| အာရုံနှင့်ဒွါရတိုက်၍ ပေါ်တဲ့တရား အပွင့်ဓာတ်(၆)ပါး | | | |
|---|---|---|---|
| ၁။စက္ခု | ဝိညာဏ် | =မြင် | စိတ် |
| ၂။သောတ | ဝိညာဏ် | =ကြား | စိတ် |
| ၃။ဃာန | ဝိညာဏ် | =နံ | စိတ် |
| ၄။ဇိဝှါ | ဝိညာဏ် | =စား | စိတ် |
| ၅။ကာယ | ဝိညာဏ် | =တွေ့ထိ | စိတ် |
| ၆။မနော | ဝိညာဏ် | =ကြံတွေး | စိတ် |

အတွင်းအာယတန (၆) ပါး၊ အပြင်အာယတန (၆) ပါး၊ အပွင့်ဓာတ် (၆) ပါး ပေါင်း (၁၈) ပါးတို့ ဓာတ် (၁၈) ပါးဒေါ်သည်။

http://www.dhammadownload.com



ဖဿပစ္စယာဝေဒနာ တစ်နည်း တွေ့ထိမှုဖဿကြောင့် ခံစားမှု ဝေဒနာ အဲဒါကြောင့် ပြန်ရှင်းပြမယ်။ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ။

## ဝေဒနာကိုဖြငါမည်

| | | |
|---|---|---|
| သဠာယတန | အကြည်ဓါတ် | (၆)မျိုး |
| ဖဿ | အာရုံ | (၆)မျိုး |
| ဝေဒနာ | ခံစား | (၆)မျိုး |

| | | | |
|---|---|---|---|
| ၁။ | စက္ခု | သမ္ဖဿ | ဝေဒနာ |
| ၂။ | သောတ | သမ္ဖဿ | ဝေဒနာ |
| ၃။ | ဃာန | သမ္ဖဿ | ဝေဒနာ |
| ၄။ | ဇိဝှါ | သမ္ဖဿ | ဝေဒနာ |
| ၅။ | ကာယ | သမ္ဖဿ | ဝေဒနာ |
| ၆။ | မနော | သမ္ဖဿ | ဝေဒနာ |

http://www.dhammadownload.com



# ဝေဒနာ နုပဿနာ ရှုပွားပုံ




| | | |
|---|---|---|
| မြင် | ခံစား | ဥပေက္ခာဝေဒနာ |
| ကြား | ခံစား | ဥပေက္ခာဝေဒနာ |
| နံ့ | ခံစား | ဥပေက္ခာဝေဒနာ |

http://www.dhammadownload.com



| | | |
|---|---|---|
| စား | ခံစား | ဥပေက္ခာဝေဒနာ |
| ကာယအကြည်တွေ့ထိ | ခံစား | သုခ၊ ဒုက္ခဝေဒနာ |
| မနောအကြည်တွေး | ခံစား | သောမနဿ – ဒေါမနဿ<br>ဥပေက္ခာဝေဒနာ |

## ဝေဒနာနှင့်ဝေဒနာရှုပွားနည်း ပေါ်ရာရှု အရှုခံတရားများ

| | အပွင့်ဓာတ် | ဝေဒနာအမျိုးအစား | ပေါ်ရာဌာန |
|---|---|---|---|
| ၁ | မြင်ကာ မတ္တ | ဥပေက္ခာ ဝေဒနာ | မျက်လုံးမှာပေါ်သည် |
| ၂ | ကြားကာ မတ္တ | ဥပေက္ခာ ဝေဒနာ | နားမှာပေါ်သည် |
| ၃ | နံ့ကာ မတ္တ | ဥပေက္ခာ ဝေဒနာ | နှာခေါင်းမှာပေါ်သည် |
| ၄ | စားကာ မတ္တ | ဥပေက္ခာ ဝေဒနာ | လျှာမှာပေါ်သည် |

အပြင်ဧည့်သည် ဦးခေါင်းမှာ (၄) နေရာ

| | | | |
|---|---|---|---|
| ၁ | ကိုယ်အကြည်ပေါ်မှာ | သုခ ဝေဒနာ | ခန္ဓာကိုယ်မှာပေါ်သည် |
| ၂ | ကိုယ်အကြည်ပေါ်မှာ | ဒုက္ခ ဝေဒနာ | ခန္ဓာကိုယ်မှာပေါ်သည် |

အပြင်ဧည့်သည် ကိုယ်အကြည်ပေါ်မှာ (၂) မျိုး

http://www.dhammadownload.com



| | | | |
|---|---|---|---|
| ၁ | ဝမ်းတွင်းအဖျွတ္တ | သောမနဿ ဝေဒနာ | မနောမှာပေါ်သည် |
| ၂ | ဝမ်းတွင်းအဖျွတ္တ | ဒေါမနဿ ဝေဒနာ | မနောမှာပေါ်သည် |
| ၃ | ဝမ်းတွင်းအဖျွတ္တ | ဥပေက္ခာ ဝေဒနာ | မနောမှာပေါ်သည် |

အတွင်းညွှဲသည် အဇ္ဈတ္တမှာ(၃)မျိုး

မှတ်ချက် – တစ်ကိုယ်လုံးတွင် အကြည်ဓာတ်ရှိ၍ ဝေဒနာပေါ်နိုင်ပါသည်။ သို့ရာတွင် ဆံပင်၊ လက်သည်း၊ ခြေသည်း၊ အရေခြောက်ချန်၍ အားလုံးဝေဒနာပေါ်နိုင်ပါသည်။

*ဝေဒနာ*သည် အကျိုးတရား *ပဋိစ္စသမုပ္ပါဒ်*(၂)အကွက် ပုံစံထဲကလို ဒုက္ခသစ္စာ။ လယ်တီဆရာတော်ဘုရားက *"ခံစား စံစား စကားနှစ်ထွေ တရားနေမှာ ဝေဒနာဓါတ် ခန္ဓာမှတ်လော့"* ဟု လင်္ကာစပ်ခဲ့ပါတယ်။ ဝေဒနာကတော့ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးလည်း ခန္ဓာဝန်မချမီက *ဝေဒနာ*ရှိတာဘဲ။ *အရိယာ*များလည်းရှိတာဘဲ။ *လောဘ၊ ဒေါသ* မဖြစ်တာပါ။ အဲဒါကြောင့် *အရိယာ*များလို ကျင့်စဉ်ယူ၍ *ဝေဒနာ*နောက်က *တဏှာ*မဖြစ်အောင် *ဝိပဿနာမဂ်၊ ပဋိကမဂ်၊ ပုဗ္ဗဘာဂမဂ်*ဖြစ်အောင် *ဝေဒနာ*နိရောဓါ *ဝေဒနာ*

http://www.dhammadownload.com



ချုပ်တာကို *ဉာဏ်*ကမြင်အောင်လည်း မဂ္ဂင်(၅)ပါး ရှုဉာဏ် တရားနှင့် နှလုံးသွင်းဆင်ခြင်မှ *ဝေဒနာ*ချုပ်တာကို *ဉာဏ်*မြင်မှ *တဏှာနိရောဓေါ*ဆိုတဲ့ *တဏှာ*မလာချုပ် – ချုပ်မှာပါ။ အဲဒါကြောင့် ကျေးဇူးတော်ရှင်မိုးကုတ်ဆရာတော်ဘုရားကြီးက *ဝေဒနာနိရောဓါ တဏှာနိရောဓေါ* ဖြစ်အောင် ကျွန်တော် တို့အား အမျိုးမျိုးဆုံးမတော်မူတာပါ။ *ဝေဒနာ*ချုပ်တာကို *ဉာဏ်*မမြင်လျှင် *ဝေဒနာပစ္စယာ တဏှာ*ကူးတော့တာပါဘဲ။


## တဏှာဖြစ်လာပုံ

(၃)အကွက် ပုံစံပြ *သမုဒယသစ္စာ* မှာပါသော *တဏှာ* ပါဘဲ။ *တဏှာ*ဖြစ်ရခြင်းအကြောင်းမှာ (၂)အကွက်မှ အကျိုး တရား *ဒုက္ခသစ္စာ* မှ *ဝေဒနာအနိစ္စ*ကိုနှလုံးမသွင်းမိလို့ပါ။ ***ဝိပဿနာဘာဝနာ*** နှလုံးမသွင်းတဲ့အချိန် တရားအားထုတ်ဆဲ ယောဂီများမှာ *ကာမတဏှာ ဘဝတဏှာ*နှင့်ပျော်နေတာပါဘဲ။ ကိုယ့်အကြောင်းပြုရာ(၃)အကွက် *သမုဒယသစ္စာ*ထဲမှာ သားနဲ့ ပျော်၊ သမီးနဲ့ပျော်၊ စီးပွားဥစ္စာနှင့်ပျော်။ အလုပ်သမားကလည်း အလုပ်လုပ်ရင်းပျော်။ စက်ပိုင်ကလည်း စက်ထဲမှာပျော်။

F
2
A

http://www.dhammadownload.com






ဆရာတော်ဘုရားဟောတဲ့တိတ်ခွေထဲကတော့ *တဏှာက* ချော့ထားတာတဲ့။ (၅) ပါး *အာရုံကာမဂုဏ်*နှင့်ပျော်တာက *ကာမတဏှာ*၊ မိသားစု*ဘဝ*ထဲမှာ ကားနဲ့တိုက်နဲ့ စီးပွားနှင့်ပျော် ဆင်းရဲသားမိသားစုများကလည်း ကိုယ်ပိုင်ပစ္စည်း အသုံးအဆောင်နဲ့ ကိုယ်နေတဲ့အိမ်နှင့်ပျော်တာကတော့ *ဘဝတဏှာ*

http://www.dhammadownload.com



ပါဘဲ။ *တဏှာပစ္စယာဥပါဒါန်၊ ဥပါဒါနပစ္စယာ* = (ကမ္မဘဝ) ဖြစ်တော့တာပါဘဲ။

## အဝိဇ္ဇာပြီးရင် ဥပါဒါန်ဖြစ်တော့တာဘဲ

*တဏှာ*နှင့် *ဥပါဒါန်*ဖြစ်ခြင်းအကြောင်းမှာ *အဝိဇ္ဇာ* ကြောင့်ပါ။ *သစ္စာ* မသိတာ တနည်း *သစ္စာ*နှလုံးမသွင်း မိတာပါ။ *အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်* ဆိုတဲ့ *ကိလေသာ*သည် *မနေ*သွင် ပူလောင်စေတတ်၍ မီးဟု ဘုရားနှင့် ဆရာတော် ဘုရားက အမည်ပေးထားပါသည်။

*တဏှာ*သည် *အဝိဇ္ဇာ*နှင့်ယှဉ်ဖေါ်ယှဉ်ဖက်ဖြစ်၍ *တဏှာ* ဖြစ်ရတာသည် *အဝိဇ္ဇာ*ကြောင့်။ *အဝိဇ္ဇာ* ဆိုရင်*တဏှာ* ပါ ပြီးသားဟု *ဉာဏ်*ရောက်ထားပါ။ *သံသရာ*တစ်လျှောက်လုံးမှ မူလနှစ်ဖြာသည် အဝိဇ္ဇာနှင့်တဏှာပါဘဲ။ တရားအားထုတ်တဲ့ ယောဂီများမှာ *ရုပ်နာမ်*ရဲ့*အနိစ္စ* ဖြစ်ပျက်ကို *ဝိပဿနာဉာဏ်* နဲ့ မြင်နေတော့ ဖြစ်ပျက်က *ဒုက္ခသစ္စာ*၊ ဒီအချိန်သေတာက *သမုဒယသစ္စာ*၊ ဖြစ်ပျက်မြင်တဲ့ဉာဏ်က မဂ္ဂသစ္စာ၊ ဒီအချိန်မှာ ကိလေသာတဏှာလာခွင့်မရတာက *နိရောဓသစ္စာ*၊ ဒါကြောင့်

http://www.dhammadownload.com



ကိလေသာသတ်တဲ့နေရာမှာ *ဝိပဿနာမဂ်သည်ရင်း ပုဗ္ဗဘာဂ မဂ်သည်ရင်း ပဋ္ဌိကမဂ်တို့သည် အတူတူပါဘဲ။ ဝိပဿနာ* ရှုမှသာလျှင် *အဝိဇ္ဇာကဝိဇ္ဇာဖြစ်၍ တဏှာပေါ်ခွင့်မရတာ* ဖြစ်ပါသည်။ *ဝိပဿနာသည် အဝိဇ္ဇာသတ် တဏှာသတ်* တရားပါ။ ကျွန်တော်တို့ မိုးကုတ်ဆရာတော်ကြီးရဲ့ တပည့်သာဝကတွေသည် ဆရာတော်ရဲ့သစ္စာတရားနာ၍ ဝိပဿနာ ဆိုတဲ့တရားကို နှလုံးမသွင်းရင်မဖြစ်တဲ့အလုပ်ပါ။ ဒီအလုပ် မလုပ်ရသေးရင် လူဖြစ်ကျိုးနပ်သည်ဟုမဆိုနိုင်ပါဟု ဆရာတော် ဘုရားက သူ့တပည့်သာဝကများအား ဆုံးမခဲ့ပါတယ်။

## တဏှာသည်

*ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ*ရယ်လို့ (၃) မျိုးရှိပါတယ်။ တိပိဋကတ်ဆရာတော်က *တဏှာအစစ်* (၁၀၈)ရှိပုံ လင်္ကာနှင့်ဟောထားပါတယ်။ *တဏှာသုံးတန်* အရင်းခံ *အာကာသံ*နှင့်မြှောက်၊ *တဏှာအစစ်* (၁၀၈) ဟု ဟောထားပါတယ်။ *တဏှာသုံးတန်က ကာမတဏှာ၊ ဘဝ*

http://www.dhammadownload.com



တဏှာ၊ ဝိဘဝတဏှာ။ "အာ"က အာရုံ(၆)ပါ၊ "ကာ"က ကာလ(၃)ပါ၊ "သ"က အဇ္ဈတ္တသန္တာန်၊ ဗဟိဒ္ဓသန္တာန်(၂) ပါ၊ တဏှာ(၃)တန်ကို အာရုံ(၆)ပါးနှင့်မြှောက်သောအခါ (၁၈)ရပါသည်။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလ(၃)ပါး နှင့်မြှောက် (၁၈ x ၃ = ၅၄)။ အဇ္ဈတ္တသန္တာန်၊ ဗဟိဒ္ဓသန္တာန် (၂)ပါးနှင့်မြှောက်သောအခါ (၁၀၈)ရပါသည်။ ငါးပါးအာရုံ ကာမဂုဏ်နှင့် ခင်တွယ်နေတာက ကာမတဏှာ၊ သဿတဒိဋ္ဌိ ပါဘဲ။ တဏှာသည် ကိလေသာမီး တဏှာနှင့် ယှဉ်ဖော် ယှဉ်ဖက် အဝိဇ္ဇာလဲ ကိလေသာမီးပါဘဲ။ တဏှာရင့်တော့ ဥပါဒါန်လည်း ကိလေသာမီးပါဘဲ။ (၃၁)ဘုံ ခန္ဓာ တည်ဆောက်တဲ့နေရာမှာ ကိလေသာသည် နံပါတ်(၁)ပါဘဲ။

(အဝိဇ္ဇာ) (တဏှာ) (ဥပါဒါန်) သည် ကိလေသာမီးဟု ထင်ရှားအောင်လို့ဝိုင်းထားပါသည်။ ပေါ်လွင်အောင်ပြရလျှင် ဘုရားဖြစ်တော်မူတော့ တဏှာ ယောကျ်ားလက်သမား၊ မင်း ခန္ဓာအိမ်မတည်ဆောက်ရတော့ဘူးဟု မိန့်တော်မူပါတယ်။

http://www.dhammadownload.com



## မြတ်စွာဘုရား ဥဒါန်းကျူးရင့်တော်မူခြင်း

၁။ *အနေကဇာတိ သံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။*
*ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။*

၂။ *ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ န ကာဟသိ။*
*သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။*
*ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယ မဇ္ဈဂါ။*

*ယသ္မာ*–အကြင်အကြောင်းကြောင့်၊ *ပုနပ္ပုနံ*–အဖန် တလဲလဲ၊ *ဇာတိ*–ပဋိသန္ဓေနေရခြင်းသည်၊ *ဒုက္ခာ*–ပင်ပန်း ဆင်းရဲငြိုငြင်ခြင်း ဖြစ်ရပေ၏။ *တသ္မာ*–ထိုသို့ ဆင်းရဲခြင်းဖြစ်ရသည့် အကြောင်းကြောင့်၊ *ဂဟကာရံ*–ခန္ဓာ အိမ်ကို ကြိမ်ဖန်များစွာ ဆောက်လုပ်၍လာသော *တဏှာ* ယောကျ်ား သင်လက်သမားကို၊ *ဂဝေသန္တော*–ဉာဏ်ဖြင့်မွေ၍ ရှာဖွေအပ်သောငါသည်၊ *အနိဗ္ဗိသံ အနိဗ္ဗိသန္တော*–သင့်ကို မြင်နိုင် *ဉာဏ်မဂ္ဂါင်ကို* မပိုင်ရသေးသောကြောင့်သာလျှင်၊ *အနေကဇာတိသံသာရံ*–ဘဝများစွာ သံသရာကာလပတ်လုံး၊ *သန္ဓာဝိဿံ*–သံသရာ ၌ ကျင်လည်၍ ပြေးခဲ့ရလေပြီ၊

http://www.dhammadownload.com



*ဂဟကာရက* – ခန္ဓာအိမ်ကို အကြိမ်များစွာ ဆောက်လုပ်လာသော *တဏှာ*ယောက်ျား လက်သမား၊ *တွံ* – သင်*တဏှာ*ယောက်ျားကို၊ *ဒိဋ္ဌော* – ပညာစက္ခုသဗ္ဗညု ဖြင့် ယခုငါသည် မြင်အပ်ပြီးသောသူသည်၊ *အသိ* – ဖြစ်၏၊ *ပုန* – တဖန်၊ *ဂေဟံ* – *အတ္တဘော* တည်းဟူသော ခန္ဓာ အိမ်ကို၊ *န ကာဟသိ* – သင် မပြုလုပ်ရတော့လတ္တံ့၊ *တေ* – *တဏှာ*ယောက်ျား သင် လက်သမား၏၊ *သဗ္ဗာ* – ခပ်သိမ်းကုန်သော၊ *ဖာသုကာ* – *ကိလေသာ*တည်းဟူသော အိမ်၏အခြင်တို့ကို၊ *ဘဂ္ဂါ* – ငါသည် ချိုးဖျက်အပ်ကုန်ပြီ၊ *ဂဟကူဋံ* – *အဝိဇ္ဇာ*တည်းဟူသော အိမ်၏ အထွတ်တို့ကို၊ *ဝိသင်္ခတံ* – ဖျက်ဆီးအပ်ကုန်ပြီ၊ *မေ* – ငါ၏၊ *စိတ္တံ* – စိတ်သည်၊ *ဝိသင်္ခါရံ* – ပြုပြင်ခြင်းကင်းသော နိဗ္ဗာန်သို့၊ *ဂတံ* – အာရုံပြုသောအားဖြင့်ရောက်ပြီ၊ *တဏှာနံ* – *တဏှာ*တို့၏၊ *ခယံ* – ကုန်ရာကုန်ကြောင်းဖြစ်သော *အရဟတ္တဖိုလ်*သို့၊ *အဇ္ဈဂါ* – ရောက်လေပြီ။

*တဏှာ*၏ကုန်ရာဖြစ်သော *ဝိပဿနာ*တရားတို့ကို ပွားများအားထုတ်နိုင်ကြပါစေသောဝ်။

သံသရာတစ်လျှောက်မှာ၊ ခန္ဓာအိမ်တည်ဆောက်တာ

http://www.dhammadownload.com



ကိလေသာ (တဏှာ) နှင့် အပေါင်းပါ (ဥပါဒါန်) (အဝိဇ္ဇာ) ပါဘဲ။ ဒါကြောင့် *ကိလေသာကြောင့် ကမ္မပြုပြင်၊ ဝိပါကဝဋ်၊ မလွတ်နိုင်ပင်ဟု* စာဆိုရှိပါတယ်။ *ကိလေသာ* ကြောင့် *ကံ*လုပ်တယ်။ ကံလုပ်လို့ ဝဋ်ရတယ်။ *ပဋ္ဌာန်း ပါဠိတော်မှာ ကမ္မံဝိပါကသပစ္စယောဟောတိ*။ (ကမ္မ) (ဘဝ) ကြောင့် *ဝိပါကဝဋ်(၈) ပါး*ရပါသည်။ (ကမ္မ) (ဘဝ) ဖြစ်ရခြင်း အကြောင်းမှာ *ကိလေသာ*ဟူသော (အဝိဇ္ဇာ) (တဏှာ) (ဥပါဒါန်) သည် မူရင်းလက်သယ်ဖြစ်ပါသည်။

*ငါးပါးအာရုံ ကာမဂုဏ်*နှင့် တွယ်တာနေတာသည် *ကာမတဏှာ၊ သဿတဒိဋ္ဌိ*၊ *ငါးပါးအာရုံ ကာမဂုဏ်*နှင့် ဆက်သွယ်နေသော *ဘဝတဏှာ*ကတော့ ကိုယ်အကျိုးပေးရာ ဘဝမှာ၊ သားမယား၊ လင်သား၊ တိုက်တာ၊ စည်းစိမ်ဥစ္စာ၊ အိုးအိမ်နှင့် ဆက်နွှယ်နေသော အလုပ်သမားဘဝ၊ လယ်သမား ဘဝ၊ ကုန်သည်ဘဝ၊ စက်ပိုင်ဘဝ၊ သူဌေးဘဝ စသည်အားဖြင့် ကိုယ်အကျိုးပေးရာဘဝမှာ ပျော်မွေ့နေကြသော *ဘဝတဏှာ သဿတဒိဋ္ဌိ*။ *ဝိဘဝတဏှာ*ကတော့ *ဥစ္ဆေဒဒိဋ္ဌိ*နှင့် အပြတ် ယူသောအယူ။ ဥပမာ – ဒါလောက်ဆင်းရဲတာ သားမယား

http://www.dhammadownload.com



တွေ့ကလည်း ပြောစကားနားမထောင်၊ ဖြစ်ချင်သလိုလဲ ဖြစ်မလာတော့၊ ငါစိတ်ညစ်တာဘဲ၊ သေတာကအေးတာဘဲဟု ညီးတွား၍၊ သေရင်အေးမည်ဟုယူသောအယူသည် *ဝိဘဝ တဏှာ၊ ဥစ္ဆေဒဒိဋ္ဌိ*ဖြစ်ပါတယ်။ ယခုတင်ပြသော *ဝိဘဝတဏှာ ဥစ္ဆေဒဒိဋ္ဌိ* နှင့်ပတ်သက်၍ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော် ဘုရားကြီးက (၈-၉-၆၂)နေ့ဟောသော ဒိဋ္ဌိစင်မှ နိဗ္ဗာန်မြင် တရားတော်အမှတ်စဉ်စာအုပ်(၁၄)၊ စာမျက်နှာ(၂၃၉မှ ၂၄၁) ထိ၊ တရားတော်မူရင်း တင်ပြပါမည်။ ၎င်းတရားတိတ်ခွေကို အောင်တော်မူ မိုးကုတ်ဝိပဿနာပြန့်ပွားရေးတွင် ရနိုင်ပါသည်။

## ဝစ္ဆဂေါတ္တပုဏ္ဏား မေး - ဘုရား ဖြေ

ရှင်ကြီးဂေါတမ တစ်ယောက်သောပုဂ္ဂိုလ်ဟာ ဒီဘဝလဲ သူ့ခန္ဓာမစွဲဘူး… (မှန်ပါ)၊ ရ-ထားတဲ့ခန္ဓာကြီးလဲ သူမစွဲဘူး၊ နောက်ခန္ဓာလဲ မတောင်းတ-ပဲနဲ့ သေသွားတယ်၊ နောက် ခန္ဓာလဲမဖြစ်ချင်ပဲနဲ့ သေသွားတယ်၊ အဲဒါ ရှင်ကြီးဂေါတမ ဘယ့်နှယ်လုပ်မတုန်း…၊ မေးပြန်တယ်။

ဒီခန္ဓာလဲ သူမစွဲပါဘူး… (မှန်ပါ)၊ ဒီခန္ဓာလဲ မလိုချင်

http://www.dhammadownload.com



ဘူး၊ ဒီခန္ဓာလဲ သဘောမကျဘူးတဲ့၊ ဟိုဘက် *သတ္တဝါခန္ဓာကိုလဲ* သူ – မရချင်ဘူး... (မှန်ပါ့)၊ အဲဒီ *ပုဂ္ဂိုလ်ကျ*တော့ ရှင်ကြီး ဂေါတမ... ဘာသွားဖြစ်တယ်လို့ဆိုမတုန်း။

အဲဒါလဲကွာ၊ *တဏှာ၊ ဥပါဒါန်*ပဲ၊ *တဏှာ၊ ဥပါဒါန်*ပဲ ပြတ်ခြင်းကိုအလိုရှိတဲ့ *ဥစ္ဆေဒဒိဋ္ဌိ* ကွ... (မှန်ပါ့ဘုရား)၊ ***နိဗ္ဗာန်*** မှ သဘောမကျပဲကိုး၊ *ဥစ္ဆေဒဒိဋ္ဌိ* သွားဖြစ်နေတယ်... (မှန်ပါ့)၊ ခုနင်ကပြောတာ သဘောပါပလား... (ပါ – ပါပြီဘုရား)။

*ဥစ္ဆေဒဒိဋ္ဌိ* သွားဖြစ်တယ်၊ သေရင်ပြီးရောကွ... ဆိုတာနဲ့ အတူတူပဲ၊ သေရင်ဘာမှမဖြစ်ဘူး... (မှန်ပါ့ဘုရား)။

*ဒီဘဝ ဒီခန္ဓာ*လဲ သူမခင်ပါဘူး၊ ဟိုဘဝလဲမလိုချင်တဲ့ ပုဂ္ဂိုလ် ဘယ်သွားသတုန်း...၊ အဲဒီလိုပုဂ္ဂိုလ်ကျတော့ ရှင်ကြီး ဂေါတမ ဘယ့်နှယ်ဆိုမတုန်း...။

အဲဒါ *ဥပါဒါန်*ကွ၊ *တဏှာ*သဲ... (မှန်ပါ့)၊ ဘာတုန်း ဆိုတော့ ပြတ်ခြင်းကိုအလိုရှိတယ်... (မှန်ပါ့)၊ နိဗ္ဗာန်က ပြတ်တာလားတဲ့၊ အခုစုတိ အခုနိဗ္ဗာန်ဆိုတော့ ပြတ်သေး ရဲ့လား... (မပြတ်ပါဘုရား)။

သူကပြတ်ခြင်းအလိုရှိနေတာ *ဥစ္ဆေဒဒိဋ္ဌိ*သွားဖြစ်မနေ

http://www.dhammadownload.com



ဘူးလား... (ဖြစ်ပါတယ်)၊ သဘောပါပလား... (ပါ–ပါပြီ ဘုရား)။

သူက ပြတ်ခြင်းအလိုရှိတော့ ဘာဖြစ်နေသလဲ... (*ဥစ္ဆေဒ ဒိဋ္ဌိသွား*ဖြစ်ပါတယ်ဘုရား)။

*ဥစ္ဆေဒဒိဋ္ဌိသွား*ဖြစ်နေတော့ကို တစ်ယောက်သောပုဂ္ဂိုလ်က ဟာ ပြန်ပြောပါတယ်၊ ဒီဘဝလဲသူမခင်တွယ်ဘူး၊ ဒီ*သတ္တဝါ* ဟာ နောက်ဘဝလဲ ဘာမှမဖြစ်ချင်ဘူးဆိုတဲ့ပုဂ္ဂိုလ်ကျတော့ ရှင်ကြီးဂေါတမ ဘယ့်နှယ်ပြောမလဲ... မေးတာပဲ၊ ကတ်ကတ် သတ်သတ်မေးတယ်... (မှန်ပါ)၊ ဟုတ်လား... (မှန်ပါဘုရား)။

အဲဒါဟာ... *တဏှာ*ပဲကွ၊ *ဥစ္ဆေဒဒိဋ္ဌိ*နှစ်သက်တဲ့ *ဝိဘဝ တဏှာ*ဆိုတာ ဒါပဲ... (မှန်ပါ)၊ *ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ*လို့ *တဏှာ*(၃)မျိုးရှိတယ်... (မှန်ပါ)၊ ရှင်း ပလား... (ရှင်းပါပြီဘုရား)။

ဘာ*တဏှာ*တဲ့တုန်း... (*ဝိဘဝတဏှာ*ပါ)၊ ဘဝပြတ် ခြင်းကိုသာအလိုရှိတယ်၊ နိဗ္ဗာန်မပါဘူး သူ့အထဲမှာ... (မှန်ပါ)၊ ပါသေးရဲ့လား... (မပါ–ပါ)၊ အဲဒီတော့ သူ့ကို ဘာ*တဏှာ*ဆိုကြမလဲ... (*ဝိဘဝတဏှာ*ပါဘုရား)။

http://www.dhammadownload.com



*ဝိဘဝတဏှာဆိုတာ ဥစ္ဆေဒဒိဋ္ဌိလို့မှတ်လိုက်ပါ*... (မှန်ပါ့)၊ *ဝိဘဝတဏှာကို* ဘယ်လိုမှတ်ကြမယ်... (*ဥစ္ဆေဒ ဒိဋ္ဌိ*ပါဘုရား)။

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး (၈–၉–၆၂)နေ့ ဟောကြား၍ ၁ လ နှင့် ၉ ရက်အကြာ (၁၇–၁၀–၆၂) နေ့တွင် ခန္ဓာဝန်ချတော်မူပါသည်။

## ဒိဋ္ဌိကထာ
## ပဋိသမ္ဘိဒါမဂ် ပါဠိတော်

*ယေ*– အချို့သော၊ *ဒေဝမနုဿာ*– နတ်လူတို့သည်၊ *အတိဓါဝန္တိ* – ရှေ့သို့ကျော်လွန်ပြေးသွားကြကုန်၏၊ *တေ*– ထိုနတ်လူတို့သည်၊ *ဘဝနေဝ*– ဘဝရသဖြင့်၊ *ဒုက္ခိယမာနေ*– ဆင်းရဲရသည်ဖြစ်၍၊ *ဟာလယမာနေ*– ရှက်နိုးကြကုန်လျက်၊ *ဇိဂုစ္ဆမာနေ*– စက်ဆုပ်ကြကုန်သည်ဖြစ်၍၊ *ဝိဘဝံ*– ဘဝ၏ ကင်းပြတ်ခြင်းကို၊ *အဘိနန္ဒတိ*– အလွန်နှစ်သက်ကြကုန်သည် ဖြစ်၍၊ *ကာယဿဘေဒါ*– ဤခန္ဓာကိုယ်ပျက်ပြီးသည့် နောက်၌၊ *ဥစ္ဆိဇ္ဇတိကိရ*– ကင်းပြတ်ရလတ္တံ့၊ *ဝိနဿတိကိရ*–

http://www.dhammadownload.com



ပျောက်ပျက်ရလတ္တံ့၊ *နပဟောတိကိရ*– တဖန်မဖြစ်ရတော့အံ့၊ *ဖလံ*– ဤသဘောသည်ပင်၊ *ပဏီတံ*– မြတ်၏၊ *သန္တံ*– ငြိမ်သက်၏ဟူ၍၊ *အတိဓါဝန္တိ*– ရှေ့သို့ကျော်လွန်ပြေးသွားသော၊ *ဥစ္ဆေဒ*အယူမှားကို စွဲယူထားကြကုန်၏။

## ဝိဘဝတဏှာ ဥစ္ဆေဒ ဒိဋ္ဌိတသော မြွန်မာပြွန်

အချို့သော နတ်လူတို့သည်၊ ရှေ့သို့ကျော်လွန်ပြေးသွားကြကုန်၏၊ ထိုနတ်လူတို့သည်၊ ဘဝရသဖြင့်၊ ဆင်းရဲရသည်ဖြစ်၍၊ ရှက်နိုးကြကုန်လျက်၊ စက်ဆုပ်ကြကုန်သည်ဖြစ်၍၊ ဘဝ၏ကင်းပြတ်ခြင်းကို၊ အလွန်နှစ်သက်ကြကုန်သည်ဖြစ်၍၊ ဤခန္ဓာကိုယ်၊ ပျက်ပြီးသည်နောက်၌၊ ကင်းပြတ်ရလတ္တံ့၊ ပျောက်ပျက်ရလတ္တံ့၊ တဖန်မဖြစ်ရတော့အံ့၊ ဤသဘောသည်ပင်မြတ်၏၊ ငြိမ်သက်၏ဟူ၍၊ ရှေ့သို့ကျော်လွန်းပြေးသွားသော ဥစ္ဆေဒအယူကို စွဲယူထားကြကုန်၏။

http://www.dhammadownload.com




# ဥပါဒါန် (၄) မျိုး

တဏှာ ပစ္စယာ ဥပါဒါန်၊ ဥပါဒါန်က (၄) မျိုး၊ ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်။

## ကာမုပါဒါန်ဖြစ်ပုံ ထင်ပြပါမယ်

ကာမုပါဒါန်က ငါးပါးအာရုံကာမဂုဏ်အပေါ်မှာ တဏှာက ကျေးဇူးပြု၍ ကာမမှုနှင့် စွဲလမ်းတာကို ကာမုပါဒါန်ဟုခေါ်ပါတယ်။



http://www.dhammadownload.com



| | | | |
|---|---|---|---|
| မြင် | တဲ့တဏှာပေါ်မှာ | စွဲလမ်းတာက | ကာမုပါဒါန် |
| ကြား | တဲ့တဏှာပေါ်မှာ | စွဲလမ်းတာက | ကာမုပါဒါန် |
| နံ | တဲ့တဏှာပေါ်မှာ | စွဲလမ်းတာက | ကာမုပါဒါန် |
| စား | တဲ့တဏှာပေါ်မှာ | စွဲလမ်းတာက | ကာမုပါဒါန် |
| ကာယ နဲ့တွေ့ထိ | တဲ့တဏှာပေါ်မှာ | စွဲလမ်းတာက | ကာမုပါဒါန် |

ဥပါဒါန်(၄)ချက်ထဲက ကာမုပါဒါန် ပြီးပါပြီ။

## ဒိဋ္ဌုပါဒါန်ဖြစ်ပုံ တင်ပြပါမယ်

*စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခု ဝိ ညာဏံ။*

မြင်စိတ် ခန္ဓာ(၅)ပါးသက္ကာယတရားပေါ်မှာ ငါဟူသော ဒိဋ္ဌိ ဖြင့်စွဲလမ်းတော့ ဒိဋ္ဌုပါဒါန်ဖြစ်တော့တာပေါ့။

| | | |
|---|---|---|
| မြင် စိတ် | ခန္ဓာငါးပါး | သက္ကာယတရားပေါ်မှာ ငါဟူသော ဒိဋ္ဌိဖြင့်စွဲလမ်းတဲ့ ဥပါဒါန်။ |
| ကြား စိတ် | ခန္ဓာငါးပါး | သက္ကာယတရားပေါ်မှာ ငါဟူသော ဒိဋ္ဌိဖြင့်စွဲလမ်းတဲ့ ဥပါဒါန်။ |
| နံ စိတ် | ခန္ဓာငါးပါး | သက္ကာယတရားပေါ်မှာ ငါဟူသော ဒိဋ္ဌိဖြင့်စွဲလမ်းတဲ့ ဥပါဒါန်။ |

http://www.dhammadownload.com



| | | |
|---|---|---|
| စား စိတ် | ခန္ဓာငါးပါး | သက္ကာယတရားပေါ်မှာ ငါဟူသော ဒိဋ္ဌိဖြင့်စွဲလမ်းတဲ့ ဥပါဒါန်။ |
| တွေ့ထိ စိတ် | ခန္ဓာငါးပါး | သက္ကာယတရားပေါ်မှာ ငါဟူသော ဒိဋ္ဌိဖြင့်စွဲလမ်းတဲ့ ဥပါဒါန်။ |
| တွေး စိတ် | ခန္ဓာငါးပါး | သက္ကာယတရားပေါ်မှာ ငါဟူသော ဒိဋ္ဌိဖြင့်စွဲလမ်းတဲ့ ဥပါဒါန်။ |

## သီလဗ္ဗတုပါဒါန်

ဖေါက်ပြန်သော သီလ အလေ့အကျင့်၌ စွဲလမ်းတဲ့ သီလဗ္ဗတုပါဒါန်။ မှားယွင်းစွာကျင့်သော သီလအပေါ်၌၊ စွဲလမ်းသော ဥပါဒါန်ဆိုသည်မှာ (၂၄-၃-၆၀)နေ့ ဆရာတော်ဘုရားကြီး ဟောသောတရားမှ သေနိယ နှင့် ပုဏ္ဏဆိုသော ပုဂ္ဂိုလ်နှစ်ဦးမှာ သေနိယဆိုသောပုဂ္ဂိုလ်က ခွေးလိုကျင့်၍၊ ပုဏ္ဏဆိုသောပုဂ္ဂိုလ်က နွားလိုကျင့်ပါသည်။ ဘုရားထံရောက်လာသောအခါ၊ ဘုရားက အဖြူအမဲမရောသော ဝိပဿနာကံ၊ မဂ်ကံ၊ (တစ်နည်း) ဝိပဿနာဉာဏ်၊ မဂ်ဉာဏ် တရားဟောတော့ ။သေနိယဆိုသောပုဂ္ဂိုလ်က

http://www.dhammadownload.com



ရဟန္တာတည်း၍၊ ပုဏ္ဏဆိုသောပုဂ္ဂိုလ်က သရဏဂုံ ဘဲ တည်ပါတယ်။

(မှတ်ချက်) (ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး က (၂၄–၃–၆၀)နေ့ကဟောသော သေနိယနှင့် ပုဏ္ဏတရား မှာ၊ ကံ(၄)မျိုးထဲက *ဝိပဿနာ*ကို အဖြူအမဲမရောတဲ့ကံဟု ဟောထားပါတယ်။) ဤပုဂ္ဂိုလ်များ အဖြူအမဲမရောတဲ့ *ဝိပဿနာ*မလုပ်ရင် အပါယ်ရောက်မှာသေချာပါတယ်ဟု ဟောပါသည်။

*ကမ္မဿကတ သမ္မာဒိဋ္ဌိ*သည် အခြေခံဖြစ်၍၊ *ကံ*နှင့် အကျိုးပေးကို ယုံကြည်မှသာ *ဗုဒ္ဓသာသနာ*တွင်းမှာ လူဖြစ်ကျိုး နပ်ပါတယ်။ ကိုးကွယ်မှုနှင့်အကျင့်များသည် အလွန်အရေး ကြီးပါတယ်။ ကိုးကွယ်မှုတော့ အကျင့်များပါတယ်။ ကိုးကွယ်ရမှာက *သရဏဂုံ(၃)ပါး၊ ဘုရား၊ တရား၊ သံဃာ* သာလျှင်ဖြစ်ပါတယ်။ *ဗုဒ္ဓဘာသာ*ဆိုသည်မှာ *ဗုဒ္ဓက ဘုရား၊ ဘာသာက အယူဝါဒ*၊ ဘုရားအယူဝါဒဖြစ်ပါသည်။ *ဗုဒ္ဓ သာသနာ* ဆိုသည်မှာ *ဗုဒ္ဓက ဘုရား၊ သာသနာက အဆုံးအမ* ဖြစ်၍ အဆုံးအမ – မရှိရင် *သာသနာ*ကွယ်တာပါဘဲ။

http://www.dhammadownload.com



ဒါကြောင့် ဆရာတော်ဘုရားကြီးက သာသနာကို(နှစ်)လို့မယူနဲ့ အဆုံးအမ—မရှိရင် သာသနာကွယ်တာပါဘဲဟု ဆရာတော် ဘုရားက ဟောပါတယ်။

ကျွန်တော်တို့ ဗုဒ္ဓဘာသာမှာ သာသနာသုံးရပ် ရှိပါတယ်။ *(၁) ပရိယတ္တိသာသနာ၊ (၂) ပဋိပတ္တိသာသနာ၊ (၃) ပဋိဝေဓသာသနာ* ရယ်ဟုရှိတော့၊ ကျွန်တော်တို့ မိုးကုတ် ယောဂီတွေမှာ ဆရာတော်ကြီး ဟောကြားသောတရားများကို နာတာက *ပရိယတ်၊* ဆရာတော်၏ တရားနာ၍ *ဒိဋ္ဌိပြုတ်ပြီး ဝိပဿနာ*ကျင့်မှတ်ရှုပွားတာက *ပဋိပတ်၊* ဆရာတော် ဆုံးမသော ဩဝါဒအတိုင်းကျင့်မှသာလျှင် သာသနာ(၃)ရပ် တွင် *ပရိယတ်၊ ပဋိပတ်*(၂)မျိုးပြည့်စုံမှသာလျှင် *ပရိဝေဓ* ဆိုက်မှ နိဗ္ဗာန်တံခါးပွင့်မှာပါ။ **သာသနာ**(၃)ရပ်တွင် **သိမှု၊ *ပွားမှု၊* ပယ်မှု**ရှိတော့၊ (၁) **သိမှု**က ဆရာတာဝန်၊ (၂) *ပွားမှု*က ယောဂီတာဝန်၊ (၃) ပယ်မှုက ဓမ္မတာဝန်ပါ။ ကိုယ့်ခန္ဓာတွင် သာသနာသုံးရပ် ပြည့်စုံတာသည် ကိုးကွယ်မှုမှန်ကန်ခဲ့လို့ဆိုတာ ထင်ရှားပါတယ်။ *ကုသိုလ်*အကြောင်းပြုရင် ကောင်းကျိုး ချမ်းသာရတယ်။ *အကုသိုလ်* မကောင်းမှု မကောင်းကြောင်း

http://www.dhammadownload.com



လုပ်ရင် မကောင်းကျိုးဒုက္ခရတယ်ဆိုတဲ့ ယုံကြည်မှုသည် ဘုရားအဆုံးအမရရှိသော *ကမ္မဿကတာ သမ္မာဒိဋ္ဌိ*ကြောင့်ပါ။ ယခုကျွန်တော်တို့ *ဗုဒ္ဓဘာသာ*ထဲမှာ ရောနှောနေတဲ့ အစွဲအလမ်းတွေ ရှိတယ်၊ အထက်ဘိုးဘိုးအစွဲ၊ အောက်နတ်အစွဲ၊ ဤပုဂ္ဂိုလ်တွေက (မ)တော့မလိုလို၊ သူတို့အား မပူဇော်၊ မပသရင် ကိုင်တော့မလိုလိုဆိုတဲ့ အယူစွဲအများတွေရှိပါတယ်။ မည်သူကမှ ကောင်းကျိုးဆိုးပြစ်ပြုလုပ်လို့မရပါ၊ ကိုယ်ပြုလုပ်တဲ့ *ကုသိုလ်၊ အကုသိုလ်* ကံတရားအတိုင်း အကျိုးပေးကြတာပါ။ ကျွန်တော်တို့အိမ်မှာ ညစဉ် ဆရာတော်ကြီးတရားပွဲရှိပါတယ်၊ တရားပွဲသို့ ၆၂လမ်းမှ အကြော်သည် နတ်အုပ်၊ နတ်ကတော် ဒေါ်ကြီးမေသည် ကျွန်တော့်အိမ်သို့ ညစဉ်မပြတ်နှစ်ရှည်လများ လာ၍၊ ဆရာတော်၏တရားများကို တရားနာ၊ တရားအားထုတ်ပါတယ်။ ဒေါ်ကြီးမေသည် တောင်ပြုံးနတ်ပွဲချိန်မှာ ကိုယ်ပိုင်နတ်နန်းနှင့် ရတနာ့ဂူနတ်ပွဲချိန်မှာလည်း ကိုယ်ပိုင်နတ်နန်းရှိသူဖြစ်ပါတယ်။ ဒေါ်ကြီးမေသည်၊ ဆရာတော်တရားလိုက်စားတာ ၁၉၇၇ ခုနှစ်မှစ၍ ကျွန်တော့အိမ်မှာ တရားနာ၍ ၁၉၈၀ နှစ်လောက်တွင် တောင်ပြုံးနတ်ပွဲချိန်လည်းမသွား

http://www.dhammadownload.com



တော့ဘူး၊ ရတနာ့ဂူနတ်ပွဲချိန်လည်း မသွားတော့ဘူး၊ နတ်ရုပ်တွေလဲ ရောင်းစားပစ်တော့တာပါဘဲ။ ဒေါ်ကြီးမေသည် *သမ္မာဒိဋ္ဌိဉာဏ်*ရပြီး၊ ဒီဘဝ *ဝိဉာဏ်*ချုပ်သွားသည်မှာ ယိုင်ရွဲ့သေခြင်းမျိုးမဟုတ်ဘဲနဲ့ ဆရာတော်တရားနာပြီး *ဝေဒနာ အနိစ္စ*ကို နှလုံးသွင်း၍ *ဝိဉာဏ်*ချုပ်သွားခြင်းဖြစ်ပါသည်။ ဒေါ်ကြီးမေအား ဘယ်နတ်ကမှ *ဒုက္ခ*ပေးခြင်းလဲမရှိပါဘူး။ ကိုယ်စိတ်နှစ်ပါး ချမ်းသာစွာနှင့်နေရပါတယ်။ ကောင်းမှု *ကုသိုလ်*ကို အမျှဝေ၍ *မေတ္တာ*ပို့ခြင်းသည် (၃၁)ဘုံသားအားလုံး၏ ဝမ်းသာကျေနပ်မှုပါဘဲ။ ဝမ်းသာကျေနပ်လျှင် ကောင်းကျိုးချမ်းသာ – သာလျှင်ရမြဲပါ။

မြတ်စွာဘုရားဟောကြားတော်မူသော *ပရိတ်*ကြီးထဲက *မေတ္တာသုတ်*နှင့် *ရုက္ခစိုးနတ်*များအား *မေတ္တာ*ပို့ *ကုသိုလ်*ပြုသောကြောင့် အားရဝမ်းသာစွာနှင့် ရဟန်းများအား *ဝင်္ကြီး ဝင်္ငယ်*ပြု၍ ကြည်ညိုတဲ့အထောက်အထား ရှိပါတယ်။ ကျွန်တော်တို့ မိုးကုတ် *ဝိပဿနာယောဂီ*များသည် ကိုယ်အားထုတ်သော တရား *ဘာဝနာကုသိုလ်*နှင့် အထက်နတ်၊ အောက်နတ်များအား *မေတ္တာ*ပို့အမျှပေးဝေလျှင် အလွန်

http://www.dhammadownload.com



သဘောကျပါလိမ့်မယ်၊ ကိုယ်ပြုတဲ့ *ဘာဝနာကုသိုလ်* အမျှဝေ ရမဲ့အစား အချို့သောပုဂ္ဂိုလ်များသည် အုန်းသီးနှင့်ကိုးကွယ်၊ ငှက်ပျောသီးနှင့်ပသဆိုတော့ *သမ္မာဒိဋ္ဌိဉာဏ်*မရဘဲ အကျင့်မှား တဲ့ *သီလဗ္ဗတုပါဒါန်*ဖြစ်နေပါတယ်။

## အတ္တဝါဒုပါဒါန် ထင်ပြပါမည်

*အတ္တဝါဒုပါဒါန်* ကတော့ *ခန္ဓာငါးပါး သက္ကာယ*တရား ပေါ်မှာ ငါဟူသော *ဒိဋ္ဌိ*နှင့် *အတ္တ+အတ္တနိယ*၊ ငါ့ကိုယ်၊ ငါ့ဟာဟု စွဲလမ်းသော *အတ္တဝါဒုပါဒါန်*ဖြစ်ပါသည်။


## ကမ္မဘဝထင်ပြပါမည်

*ဉပါဒါန ပစ္စယာ* (ကမ္မ ဘဝ) ကမ္မ ဘဝသည်၊ *ကာယကံ၊ ဝစီကံ၊ မနောကံ* ဟူ၍ *ကံ*သုံးပါးရှိပါတယ်။ ဆရာတော်ဘုရားကြီးက ကံ(၄)မျိုးဟောကြားထားပါတယ်။ (၁။ အဖြူကံ၊ ၂။ အမဲကံ၊ ၃။ အဖြူအမဲရောတဲ့ကံ၊ ၄။ အဖြူ အမဲမရောတဲ့ကံ)ဟူ၍ ဟောထားပါတယ်။ အဖြူကံသည်

http://www.dhammadownload.com



*ပုညကုသိုလ်၊* အဖြူအကျိုးပေးသည်။ အမဲကံသည် *အပုည၊ အကုသိုလ်၊* အမဲအကျိုးပေးသည်။ အဖြူအမဲရောတဲ့ကံသည် *သီလ*မစင်ကြယ်သောအလုပ်နဲ့ရှာ၍ ရသောငွေဖြင့် ကောင်းမှု *ကုသိုလ်*တွေလုပ်တာလဲ အဖြူအမဲ ရောတဲ့ကံဖြစ်၍၊ ကောင်းကျိုးဆိုးပြစ်နှင့်ရောနှော၍ အကျိုးပေးသည်။ အဖြူအမဲ မရောတဲ့ကံကျတော့ *သုဒ္ဓကံ* ဆရာကောင်းတွေ့၍ *သစ္စာ*တရား နာပြီး အမြင်မှန်ရ၍ *ဝိပဿနာ*အားထုတ်သောယောဂီသည် တရားအားထုတ်သောအချိန်မှာ အဖြူအမဲမရောသောကံ ဖြစ်ပါသည်။



၃

အဖြူအမဲ မရောတဲ့ မဂ်ဉာဏ်သာအကျိုးပေးသည်။ ဥပမာ – လူတယ်ဆိုတာသည်၊ ကံအမှုကိုပြုနေတာပါ။ ဒီကံသည်၊ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက

http://www.dhammadownload.com




*တဏှာ*ဦးစီးပြီးမလှူနဲ့၊ ***သဒ္ဓါ***သိပြီးမှလှူပါ။ အဘယ့်ကြောင့် ဆိုသော် *တဏှာ*ဦးစီးပြီးလှူရင်၊ *တဏှာ*ကြိုးဆွဲရာပါ၍၊ *တဏှာ*ညွှန်ရာ အကျိုးဝဋ်ဖြစ်မှာစိုး၍ *ဉာဏ်*ဦးစီးပြီးလှူပါ။ ***သဒ္ဓါ***သိပြီးလှူပါ၊ ***သဒ္ဓါ***မသိဘဲလှူရင်၊ **ဝဋ္ဋ** ကုသိုလ်၊ **ဝဋ်**ကို အကျိုးပေးစေတယ်။ ***သဒ္ဓါ***သိပြီးလှူရင်၊ **ဝဋ်**ကကျွတ်လွတ်ရာ အကျိုးပြုတဲ့ ***ဝိဝဋ္ဋ နိဿိတဒါနကုသိုလ်***နှင့် ***ဝဋ်***ကိုအကျိုးပြု၍ လည်စေတတ်သောကုသိုလ် နှစ်မျိုးနှစ်စား ရှိပါတယ်။ **ဝဋ္ဋ** *ကုသိုလ်*နှင့် ***ဝိဝဋ္ဋ နိဿိတဒါနကုသိုလ်***ဖြစ်ပါသည်။ ဘုရား ရှိစဉ်က အရှင်မဟာကဿပဆိုသော *ရဟန္တာ*သူမြတ်က၊ မြတ်စွာဘုရားအား၊ သင်္ကန်းလှူတယ်။ လှူတယ်ဆိုတာ စေတနာ ဟု ဆိုရမှာပေါ့။ ***သဒ္ဓါ***သိပြီးလှူပါဟုပြောစရာမလိုပါဘူး။ *ရဟန္တာ*က *ဘုရား*ကိုလှူတာဘဲ။ *တဏှာ*ဦးစီးမလှူနဲ့လို့ ပြောစရာမလိုဘူး။ *တဏှာ*ချုပ်ပြီးသားရဟန္တာက လှူတာ ဖြစ်တော့ ***ပဋိစ္စသမုပ္ပါဒ်***စက်ဝိုင်းမှာကြည့်ပါ။ (ကမ္မ (ဘဝ) ဆိုတာတွေ့ပါလိမ့်မယ်။ ရှင်မဟာကဿပက ဘုရားအား လှူသောအလှူသည်၊ (ကမ္မ (ဘဝ) ရှေ့က (တဏှာ) (ဥပါဒါန်) ချုပ်သောအလှူဖြစ်ခြင်းကြောင့် ဇာတိ / ဥပပတ္တိဘဝ

http://www.dhammadownload.com



လာစရာအကြောင်းမရှိပါ။

၃




အဲဒါကြောင့် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက *ဇာတိ ဇရာ မရဏ* ချုပ်တဲ့၊ *ဝိဋ္ဋ နိဿိတ*ဒါန် အဖြူအမဲ မရောတဲ့*က* အလူဖြစ်လို့ (ကမ္မ ဘဝ) ကို အပေါက်ချန်ထားတာပါ။ *သစ္စာနုလောမိကဉာဏ်* မသိသေးတဲ့၊ *ကမ္မသကတဉာဏ်*လောက်သာရှိသော *ပုဂ္ဂိုလ်*၏ အလှူမှာ *တဏှာ*ဦးစီးပြီး လူ့စည်းစိမ်၊ နတ်စည်းစိမ် အကြိမ်ကြိမ် ခံစား၍ လိုချင်ရချင်သော ဆန္ဒနှင့်လှူတာဖြစ်လို့

| | | |
|---|---|---|
| တဏှာ | တဏှာပါဒါန် | တဏှာ အုပ်ချုပ်တဲ့က |
| မာန | မာနပါဒါန် | မာန အုပ်ချုပ်တဲ့က |
| ဒိဋ္ဌိ | ဒိဋ္ဌိပါဒါန် | ဒိဋ္ဌိ အုပ်ချုပ်တဲ့က |

http://www.dhammadownload.com





(ကမ္မ ဘဝ) ပစ္စယာ $\frac{\text{ဇာတိ}}{\text{ဥပပတ္တိဘဝ}}$ ဖြစ်တော့တာပါဘဲ။

ပြုတဲ့ (ကမ္မ ဘဝ) ကလဲ အဖြူကံ။ ကံ ရှေ့က ဦးစီးထား တာကလဲ (တဏှာ) (ဥပါဒါန်) ရလိုတဲ့ဆန္ဒက လူစည်းစိမ်၊ နတ်စည်းစိမ်ဆိုတော့ (ကမ္မ ဘဝ) ပစ္စယာ $\frac{\text{ဇာတိ}}{\text{ဥပပတ္တိဘဝ}}$ ရတော့တာပါဘဲ။ သစ္စာ မသိဘဲနှင့် တဏှာ ဦးစီးပြီးလှူသော (ကမ္မ ဘဝ) ပြုလုပ်လျှင် ဒိဋ္ဌိ ကြိုးမပြတ်ဘဲ နှင့် လှူသောအလှူဖြစ်ပါတယ်။ အဲဒါကြောင့် ဤအလှူမျိုးကို

http://www.dhammadownload.com



ဝဋ္ဋ ကုသိုလ်နှင့်ပြုသော အဖြူကံဖြစ်ခြင်းကြောင့် သံသရာဝဋ်ဆင်းရဲက မကျွတ်သော သုဂတိဘုံနှင့်သာကျေနပ်၍ (ကမ္မ ဘဝ) ပစ္စယာ ဇာတိ / ဥပပတ္တိဘဝ နှင့်သာ (၃၁)ဘုံ လည်သောကုသိုလ်ဖြစ်ပါတယ်။

*ပဋ္ဌာန်းပါဠိတော်မှာ ကမ္မဝိပါကာနံ၊ ပစ္စယောဟောတိ၊* ပြုလုပ်သော *ကံသည် ဝိပါကာနံ၊* အကျိုး *ဝိပါတ်(ဝါ)ဝိပါကဝဋ်(၈)ပါးအား ကမ္မ ပစ္စယ သတ္တိ* ဖြင့် *ပစ္စယော* ကျေးဇူးပြုသည်၊ *ဟောတိ* ဖြစ်၏။ ရှင်းရှင်းတင်ပြရလျှင် ကိုယ်ပြုသော ကောင်းကံ၊ ဆိုးကံ အကြောင်းတရားသည်၊ အကျိုးတရား *ဒုက္ခသစ္စာမှာပါသော ဝိပါကဝဋ်(၈)ပါး၊* အကျိုးတရားမှာ ကောင်းကျိုးဆိုးပြစ် ခံရစမြဲပါ။ *ခန္ဓာရသော သတ္တဝါတိုင်းမှာ* အကျိုးပေးခြင်းတူကြရဲ့လား။ မိဘနှစ်ပါးကမွေးလာသော မွေးချင်းမောင်နှမများကော အကျိုးပေးခြင်းတူကြရဲ့လား။ တချို့ကဆင်းရဲ၊ တချို့ကချမ်းသာတာ အကျိုးပေးခြင်း မတူတာပါဘဲ။ *မြတ်စွာဘုရား* တရားဟောကြားသောအခါ *နတ်ဗြဟ္မာများ* တရားနာလာကြတယ်။ တန်ခိုးကြီးတဲ့ *နတ်ဗြဟ္မာများလာတော့* တန်ခိုးသေးတဲ့ *နတ်ဗြဟ္မာတွေက*

http://www.dhammadownload.com



နောက်ဆုတ်ပေးရတယ်။ အဲဒါ သူပြုခဲ့တဲ့ *ကမ္မဘဝ* အကြောင်းတရားညံ့လို့ ရောက်ရာဘဝ အကျိုးတရား *ဇာတိ* နှင့် အတူကပ်လျက် *ဥပပတ္တိဘဝ* မှာ အကျိုးပေးညံ့တာပါဘဲ။

*ဥပပတ္တိ* ဘဝဟူသည် အကြောင်းကံကြောင့် ဖြစ်ရသော *လောကီဝိပါတ်စိတ်* နှင့် *ကမ္မဇရုပ်*များ ဖြစ်ပါတယ်။ ယခုဘဝ၌ *ကုသိုလ်၊ အကုသိုလ်ကံ*ကြောင့် နောက်*ဘဝ*၌ဖြစ်ရသော အကျိုး*ဝိပါတ်*များဖြစ်ပါတယ်။ အတိတ်*ဘဝ*က *ကုသိုလ်၊ အကုသိုလ်ကံ*ကြောင့် ယခု *ဘဝ*၌ ဖြစ်ရသောအကျိုး*ဝိပါတ်*များဖြစ်ပါတယ်။

(ကမ္မ ဘဝ) ကြောင့် အကျိုးပေးမတူပုံမှာ - သူဌေးသား၊ ကုန်သည်သား၊ သူဆင်းရဲသား ဖြစ်ရခြင်းမှာ - ပြုခဲ့သော *ကမ္မဘဝ* ကြောင့် ယခုရသော *ဝိပါကဝဋ်(၈)ပါး*ထဲမှာ ကွဲပြားခြားနားကြတာပါ။ (ကမ္မ ဘဝ) အကြောင်းတရားခြင်း မတူပုံမှာ - *အသုတ ဝါ ပုထုဇနော၊* သူတော်ကောင်းတရား မနာကြား ရသော ပုထုဇဉ်မှာ

| | | |
|---|---|---|
| တဏှာ | တဏှာပါဒါန် | တဏှာ အုပ်ချုပ်တဲ့ကံတွေနဲ့ |
| မာန | မာနုပါဒါန် | မာန အုပ်ချုပ်တဲ့ကံတွေနဲ့ |
| ဒိဋ္ဌိ | ဒိဋ္ဌုပါဒါန် | ဒိဋ္ဌိ အုပ်ချုပ်တဲ့ကံတွေနဲ့ |

http://www.dhammadownload.com



ဆရာတော်ကဟောပါတယ်။ အားလုံး ကံဆိုးချည်ဘဲ နှလုံးသွင်းက မှားရတဲ့အထဲမှာ ကိုယ်ပြုတဲ့ကံကလဲ *အကုသိုလ်* ဖြစ်ပြန်ဆိုတော့ ထွက်ပေါက်မရှိဘဲ (ကမ္မ) (ဘဝ) *ပစ္စယာ* အပါယ် *ဇာတိ* ဖြစ်တော့တာပါဘဲ။

တစ်ချို့ *အသုတဝါ ပုထုဇနော* ကြပြန်တော့လဲ

| | | |
|---|---|---|
| တဏှာ | တဏှာပါဒါန် | တဏှာ အုပ်ချုပ်တဲ့ကံတွေနဲ့ |
| မာန | မာနပါဒါန် | မာန အုပ်ချုပ်တဲ့ကံတွေနဲ့ |
| ဒိဋ္ဌိ | ဒိဋ္ဌုပါဒါန် | ဒိဋ္ဌိ အုပ်ချုပ်တဲ့ကံတွေနဲ့ |

ဦးစီးပြီးလှူပြန်တော့ *ကမ္မဘဝပစ္စယာ သုဂတိ လူ၊ နတ်၊ ဗြဟ္မာ* ရောက်ပြန်တော့ *ဒိဋ္ဌိ* ကြိုးတန်းလန်းနဲ့ ကလေးများ စွန်လွှတ်သလို *ဒိဋ္ဌိ* မပြုတ်ဘဲ၊ လှူတဲ့အလှူမို့ *ဒါန* သက်တမ်း ကုန်တော့ အောက်ပြန်ကျတာပါဘဲ။ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက၊ *သဗ္ဗေသတ္တာ၊ စတ္တာရော အပါယာသက ဂေဟာသဒိတာ။ အပါယ်လေးဘုံသည်၊ သတ္တဝါ* တို့၏၊ မိမိအိမ်*ဂေဟာ*နှင့်တူညီလှပေ၏ဟု ဟော တော်မူပါတယ်။

http://www.dhammadownload.com



# ဝိဝဋ္ဋ နိဿိတ ကုသိုလ်ရှင်းပြပုံ

| ဉာဏ်ဦးစီးသော<br>အလောဘ | အဖြူအမဲမရောတဲ့<br>ကမ္မဘဝ | အပါယ်ဇာတိပြတ်၍<br>သုဂတိမှာ သာသနာ<br>အကျိုးပြုတဲ့ဘဝ |
|---|---|---|
| သစ္စာသိပြီးလက်ရှိ<br>ခန္ဓာ ဒုက္ခသစ္စာဟု<br>သိပြီးနောက် ခန္ဓာ<br>ဒုက္ခသစ္စာမလိုချင်၍<br>ငြိမ်းအေးရာအမှန်<br>နိဗ္ဗာန် - ကို သာ<br>ရောက်လိုသောဆန္ဒဖြင့်<br>သစ္စာသိတာက ဝိဇ္ဇာ၊<br>လူစည်းစိမ်၊ နတ်<br>စည်းစိမ်မလိုချင်တာ<br>က - အလောဘ။<br>တဏှာ ပြတ်တော့<br>ဥပါဒါန် - ချုပ်၍<br>ကိလေသာ ဝဋ်<br>ဦးမစီး၍ - သမ္မာဒိဋ္ဌိ<br>နှလုံးသွင်းသောဉာဏ်<br>ဖြစ်ပါသည်။ | သစ္စာအနုလောမိက<br>ဉာဏ်နှင့် လှူသော<br>ကာယကံ၊ ဝစီကံ၊<br>မနောကံနှင့်ပြုသော<br>ကုသိုလ်သည် ထွက်<br>ပေါက်ရှိသော<br>(ကမ္မ ဘဝ) ဖြစ်၍<br>ဝိဝဋ္ဋနိဿိတကုသိုလ်၊<br>ဒိဋ္ဌိသံယောဇဉ်ပြုတ်၍<br>လှူသော (ကမ္မ ဘဝ)<br>ဖြစ်၍ သုဂတိတံခါး<br>နှင့် နိဗ္ဗာန်တံခါး<br>ပွင့်သော (ကမ္မ ဘဝ)<br>သည်၊ သမ္မာဒိဋ္ဌိအုပ်<br>ချုပ်သော ကံဖြစ်ပါ<br>သည်။ | ဝိဝဋ္ဋကုသိုလ် အကျိုး<br>ပေး၍ မဂ်(၄)တန်<br>မဆိုက်သေး၍ ခန္ဓာ<br>ရပေမဲ့၊ သုဂတိမှာ<br>သာသနာ ကိစ္စကို<br>သယ်ပိုး နိုင်သော<br>အကျိုးပေးကတော့<br>သုဂတိ — ဇာတိ / ဥပပတ္တိဘဝ<br>သာသနာ (၃) ရပ်<br>အကျိုးပြုတဲ့ ဘဝ၊<br>အပါယ်ဇာတိပြုတ်<br>သောအကျိုး၊ သုဂတိ<br>ဇာတိဖြစ်၍ အပါယ်<br>ခန္ဓာမဖြစ်တော့ပါ။<br>ရောက်ရာဘဝမှာ<br>သာသနာတွင်းနားနှင့်<br>ကောင်းကျိုးမင်္ဂလာ<br>ချမ်းသာရနိုင်ပါသည်။ |

http://www.dhammadownload.com



*သစ္စာနုလောမိက ဉာဏ်သည်* သူတော်ကောင်းတွေ့ရမည်။ သူတော်ကောင်းဟောသော *သစ္စာတရား* နာရမည်။ အဲဒါမှ နှလုံးသွင်းမှန်မှာပါ။ နှလုံးသွင်းမှန်သောယောဂီသည်၊ *ဓမ္မာနု ဓမ္မပဋိပတ္တိယာ* ဆိုတဲ့ *ဝိပဿနာ* တရားအားထုတ်လျှင် အပါယ်တံခါးပိတ်ပါတယ်ဟု ကျေးဇူးတော်ရှင် ဆရာတော်ကြီးက၊ ကျွန်တော်တို့အား ဆုံးမတော်မူပါတယ်။ *သစ္စာနုလောမိကဉာဏ်* ရဘို့ရာ ဆရာတော်က ဆရာကောင်းအရေးကြီးပုံ ဟောထားတာက–မိုး အမှတ်စဉ်(၂၀)၊ စာမျက်နှာ (၅၃၀)မှာ *ယထာဘူတံ ဉာဏာယ သတ္ထံ ပရိယေသိတဗ္ဗော*။ *ယထာဘူတံ*–ဟုတ်တိုင်းမှန်စွာ၊ *ဉာဏာယ*–သိဘို့ရာ အလို့ငှာ၊ *သတ္ထံ*–မင်းတို့အားဆုံးမတတ်သောဆရာကို *ပရိယေသိ တဗ္ဗော*– ရှာဖြစ်အောင်ရှာပါကွာတဲ့၊ အကြိမ်ပေါင်း (၃၂)ကြိမ်လောက် မှာတယ်။ ဘယ့်နှယ်ကြောင့် ဒီကိုယ်တော်မြတ်ကြီး၊ ဒါလောက်ဂရုဏာကြီးကြီးမားမားနဲ့မှာပါလိမ့်မလဲလို့ တကာသစ်တို့ တကာကြွယ်တို့ ဦးမာဒင်တို့ အတွေးထုတ်တော့မှ သြော်... အပါယ်(၄)ပါး သွားမှာစိုးရိမ်လို့ဘဲ။ ကျေးဇူးတော်ရှင်–ဆရာတော်ဘုရားကြီးက နိဗ္ဗာန် ရောက်ဖို့ရာ

http://www.dhammadownload.com



*ကလျာဏမိတ္တ* မည်မျှလောက်၊အရေးကြီးပုံကို– ရှင်အာနန္ဒာကို ဘုရားကမေးပုံ။

မိုးအမှတ်စဉ်(၂၀)၊ စာမျက်နှာ(၅၄၀)မှာ *ရှင်အာနန္ဒာ*ကို *ဘုရားက* မေးလိုက်တယ်။ *အာနန္ဒာ... ကလျာဏမိတ္တ*များ *နိဗ္ဗာန်*ရောက်တဲ့နေရာမှာ၊ သူ့အတွက် ဘယ်လောက်အကူအညီ ရသတုံးကွ... တဲ့။ ထက်ဝက်အကူအညီရပါတယ်ဘုရားလို့၊ *ရှင်အာနန္ဒာ၊* ကဖြေပါတယ်။ မင်းသာဝက*ဉာဏ်*နှင့် ပြောနေတာ တဲ့၊ ဘုရားကအပြစ်တင်လိုက်တယ်... (မှန်ပါ့)၊ စင်စစ် သူမပါရင်မရဘူးကွ၊ *နိဗ္ဗာန်*သူ့ကြောင့်ရတယ်လို့ လုံးလုံးဆိုတဲ့။ နောက်ဆုံးပိတ် အခုပြောလိုက်တဲ့ *ကလျာဏ မိတ္တ* အရေးကြီးကြောင်း၊ မိန့်တော်မူပါတယ်။

*တဏှာ – ဥပါဒါန် – ကမ္မဘဝ* နှင့် ပတ်သက်၍ ထပ်တင်ပြချင်ပါသေးတယ်။

မြင်<br>ကြား<br>နံ<br>စား<br>ထိ<br>တွေး } 

| တဏှာ | ဥပါဒါန် | ကမ္မ ဘဝ |
|---|---|---|
| လိုချင် | စွဲလမ်း | အားထုတ် |

http://www.dhammadownload.com



ကျေးဇူးတော်ရှင်ဆရာတော်ဘုရားကြီးက (၆-၁၀-၆၁) နေ့တွင် တဏှာဖြစ်ခြင်းအကြောင်းရင်း၊ *တဏှာမူလက (၉) ချက်*တွင် မိုးအမှတ်စဉ် (၂၁)၊ စာမျက်နှာ (၁၁၂) တွင်၊ *ရှင်အာနန္ဒာ* – က *ပဋိစ္စသမုပ္ပါဒ်*လွယ်တယ်ဆိုလို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက၊ ကိုင်း... မင်းအိမ်တွင်း *ပဋိစ္စသမုပ္ပါဒ်* ပြောစမ်းဆိုတော့ ပြောကိုမပြောနိုင်ဘူး။

*အိမ်တွင်းပဋိစ္စသမုပ္ပါဒ်မှာပါသော*

**တဏှာမူလက (၉) ချက်မှာ**

| | | |
|---|---|---|
| ၁ | တဏှာ | လိုချင်တာ။ |
| ၂ | ပရိယေသန | ရှာမှီးတာ။ |
| ၃ | လာဘော | လာဘ်ရတာ။ |
| ၄ | ဝိနိစ္ဆယော | ဝိတက်နဲ့ကြံစည်ပြီး ဆုံးဖြတ်ချက်ချတာ။ |
| ၅ | ဆန္ဒရာဂေါ | ရှာ၍ရတဲ့ငွေနှင့် ခွဲဝေ၍ ဆန္ဒရှိသလို ဉာဏ်နှင့်လုပ်တာ။ |
| ၆ | အဇ္ဈောသာနံ | တဏှာအကြီးစား ကိုယ်အတွက်သီးသန့် သိမ်းဆည်းတာ။ |
| ၇ | ပရိဂ္ဂဟော | သိမ်းဆည်းတာ။ |


http://www.dhammadownload.com



| | | |
|---|---|---|
| ၈ | မစ္ဆရိယော | ရှိတာတွေ သူများမမြင်စေနဲ့ ချေးငှား နေလိမ့်မယ်။ ဝန်တိုခြင်း။ |
| ၉ | အာရက္ခော | ဒါး၊ လှံ၊ လက်နက်နဲ့စောင့်ရှောက်တာ။ |

(နဝအင်္ဂုတ္တိုရ် – တဏှာမူလကသုတ်)

ဖော်ပြပါ တဏှာဖြစ်ခြင်း(၉)ချက်ကို အပြည့်အစုံ သိနိုင်အောင် မိုးအမှတ်စဉ်စာအုပ်(၂၁)မှာ (၆–၁၀–၆၁) ဟောတရားနာပါ။ ဖတ်ပါ။



*ပုထုဇဉ် လောကီသား*တွေ *ခန္ဓာရရှိတဲ့ဘဝ*မို့စားဝတ် နေရေးအတွက်၊ လုံးပန်းကြရတာ၊ နိုးစိတ်မှ အိပ်စိတ် အထိ *တဏှာဥပါဒါန် ကမ္မဘဝ* ဆက်စပ်ပြီးလည်နေကြပုံမှာ ယ္ခု

http://www.dhammadownload.com



ပုံစံနှင့်ပြထားသော (၃)အကွက် *သမုဒယသစ္စာမှာ၊ ဘဝ* ဆိုသော စာလုံးတွေ့ပါလိမ့်မယ်။ ယခုပုံစံမှာတွေ့သော၊ *ဘဝ* – က အကြောင်းတရား*ဘဝ၊* တစ်နည်း အကြောင်း*ဘဝ၊ သမုဒယ သစ္စာပါ*။ ယခုစာရေးနေသော စာဖတ်နေသော လူ*ဘဝ* အကျိုးတရား(၂)အကွက်ထဲမှာ *ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ*ဆိုတဲ့ *ဒုက္ခသစ္စာပါ*။ *ဘဝမှာ* နှစ်မျိုးရှိပုံက *သမုဒယသစ္စာ*ထိုက်တဲ့*ဘဝ*နှင့် *ဒုက္ခသစ္စာ*ထိုက်တဲ့ *ဘဝ*ရယ်ဟု ရှင်းရှင်းသိစေချင်ပါတယ်။ *သမုဒယသစ္စာ*ထိုက်တဲ့ *ဘဝ* တွေက – ကုန်သည်*ဘဝ၊* သူဌေး*ဘဝ၊* စာရေး*ဘဝ၊* ဝန်ထောက်*ဘဝ၊* မင်းစိုးရာဇာ*ဘဝ၊* အလုပ်သမား*ဘဝ၊* ဆင်းရဲသား*ဘဝ* တွေမှာ လူသားများ စားဝတ်နေရေးအတွက် ကိုယ်ပြုလုပ်နေတဲ့*ဘဝ*ထဲမှာငွေရရှိရေးအတွက် *ကမ္မ*အလုပ်တွေ လုပ်နေပါတယ်။ အထက်ပါ*ဘဝ*ထဲက *ကမ္မ*အလုပ်တွေလုပ်လို့ (ကမ္မ ဘဝ) စားဝတ်နေရေးအတွက် *ကမ္မ*အလုပ်တွေလုပ်တဲ့ ဘဝထဲမှာ ဘယ်သူခိုင်းတာလဲ၊ သူ့ဆရာဘယ်သူလဲဆိုတော့ (တဏှာ) (ဥပါဒါန်) ပါဘဲ။

ငွေလိုချင်တဲ့*တဏှာ* စွဲလမ်းတဲ့*ဥပါဒါန်*ကြောင့် *ကမ္မ*

http://www.dhammadownload.com



အလုပ်တွေလုပ်ကြပါတယ်။ ဘယ်မှာလုပ်သလဲဆိုတော့ ကိုယ်အကြောင်းပြုရာ*ဘ၀* ထဲမှာလုပ်ကြပါတယ်။ ကျွန်တော် ဆိုရင် ပန်းတိမ်ဆရာ*ဘ၀၊* ရွှေကုန်သည်*ဘ၀* ထဲမှာငွေရှာတဲ့ *ကမ္မ*အလုပ်တွေလုပ်လိုက်ရတာ *တဏှာ နှင့် ဉပါဒါန်*ကခိုင်းတော့ ပန်တိမ်သည်*ဘ၀၊* ရွှေသည်ဘ၀နှင့် ယခုဆို (၆၈) နှစ်ရှိနေပြီ။ *ဝိပဿနာ* အလုပ်လုပ်ဘို့ရာ ဆရာကောင်းသာ မတွေ့ရင်တော့ ကိုယ်ကျိုးနည်းမှာဘဲ။ လူ၀တ်ကြောင်နှင့် တရား*ဘာဝနာ* အလုပ်ကိုရှာတယ်လုပ်တယ်ဆိုတော့ *အာဂါရိက*ဆိုသော အိမ်ရာလူ့ဘောင်တွင် စား၊ ၀တ်၊ နေရေးကတစ်ဖက်၊ တရားကတစ်ဖက်ဆိုတော့၊ တရားနာတဲ့အချိန်၊ တရားထိုင်တဲ့ အချိန် သတ်မှတ်ရတာပေါ့။ စီးပွားရေးအချိန်မှာတော့ *တဏှာ၊ ဉပါဒါန်* ခိုင်းတာကို ကမ္မဘ၀မှာလုပ်တဲ့အခါ၊ *သီလဝိသုဒ္ဓိ* နှင့် ပြည့်စုံပြီး *အကုသိုလ်ကာယကံမှု၊ အကုသိုလ်ဝစီကံမှု* မဖြစ်အောင်ရှောင်မှသာ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော် ၏ တပည့်သာဝကဖြစ်မှာပါ။

* * * * * * *

http://www.dhammadownload.com



## အတိတ် – ဇရာ – မရဏ ထင်ပြပါမည်။

ပုံစံနှင့်ပြထားသော(၄)အကွက် အကျိုးတရား ဒုက္ခသစ္စာ မှာ–ကြည့်ပါ။ ယခုပြနေတာက (၄)အကွက်၊ နောက်လာမဲ့ *အနာဂါတ်* ကာလဆိုပေမဲ့၊ ယခု တရားစာဖတ်နေသောယောဂီ သည်၊ (၂)အကွက်လက်ရှိအကျိုးတရား ဒုက္ခသစ္စာ နှင့် သစ္စာ ချင်း အတူတူပါဘဲ။ *ပစ္စုပ္ပန်ကာလနဲ့* *အနာဂါတ်ကာလ* ဘဲ ကွာတာပါ။

### အတိတ်၏ ဝိသေသ




ယခုပစ္စုပ္ပန် ကိုယ်ပြုတဲ့ကံအကြောင်းတရားအတိုင်း၊ နောင် *အနာဂါတ်* ရမည့်အကျိုးတရား *ဒုက္ခသစ္စာ* ကတော့၊ လူလား၊

http://www.dhammadownload.com



နတ်လား၊ ဗြဟ္မာလား၊ အပါယ်(၄)ဘုံလားဆိုတာ ကိုယ်ပြုတဲ့ ကံတရားသာလျှင် အဓိကပါဘဲ။ ကိုယ်ပြုတဲ့ *ကမ္မဘဝ* အကြောင်းတရားကြောင့် ရတဲ့အကျိုးတရား $\frac{\text{ဇာတိ}}{\text{ဥပပတ္တိဘဝ}}$ သည်၊ *ခန္ဓာနာမ်ရုပ်* ချည်သက်သက် မဟုတ်သေးပါ။ ပြုခဲ့တဲ့ *ကမ္မဘဝ* ရဲ့ အကြောင်းတရားကြောင့်ရတဲ့ $\frac{\text{ဇာတိ}}{\text{ဥပပတ္တိဘဝ}}$ မှာ ကောင်းကျိုးဆိုးပြစ်တွေနှင့် ကပ်ပါလာတာပါ။ ဥပမာ– မြတ်စွာဘုရားရှိစဉ်က အမျိုး(၄)ပါးရှိခဲ့တယ်။ (၁)မင်းမျိုး၊ (၂)သူဌေးမျိုး၊ (၃)ပညာရှိမျိုး၊ (၄)သူဆင်းရဲမျိုးပေါ့။ ယခု *ပစ္စုပ္ပန်* ခေတ်မှာလဲ၊ ဒီလိုအမျိုးတွေနဲ့ပါ။ တစ်ချို့မှာ သူဌေး ဝမ်းတွင်းမှာ၊ လူ*ဇာတိ* ဖြစ်ပါရဲ့ မွေးပြီး(၁၀)ရက်လောက်ရှိ တော့၊ ကျဗဟုံးရောဂါ၊ ကြက်ညှာရောဂါနဲ့ *ဇာတိ*ထဲမှာ ကပ်ပါလာတယ်။ *"ကျဗဟုံး ကြက်ညှာမသက်သာ၊ တက်ခါ ငိုလို့မျောတဲ့။"* *ဇာတိ* ရပြီဆိုရင် *ရက်ဇရာ၊ လဇရာ၊* နှစ် *ဇရာ*နှင့်အတူ၊ *ဇာတိက ခန္ဓာ*ရတာ၊ *ဇရာက* အိုတာ၊ *ဗျာဓိက* ရောဂါကပ်ငြိတာ။ *ဇရာ*ဆိုတဲ့အိုမှုထဲမှာ၊ *ဗျာဓိ*ဆိုတဲ့ရောဂါ ကလဲပါစမြဲပါ။ ထူပြောတာနဲ့၊ ပါးရှားမှုဘဲကွာတာပါဘဲ။

http://www.dhammadownload.com



ရောဂါ ထူပြောတော့ အကျိုးပေးညံ့တယ်။ ပါးရှားတော့ အကျိုးပေး သင့်တယ်။ အဲဒါကြောင့် *ဇာတိ၊ ဇရာ၊ မရဏာသည် ဒုက္ခသစ္စာပေါ့။ လူ့ပဋိသန္ဓေဇာတိမှာ၊* အမျိုးမြတ်တယ်၊ မမြတ်ဘူး။ ဂုဏ်ကြီးတယ်၊ မကြီးဘူး။ ချမ်းသာတယ်၊ ဆင်းရဲတယ်။ ရောဂါထူတယ်၊ ပါးတယ်။ အသက်ရှည်တယ်၊ တိုတယ်။ ရုပ်လှတယ်၊ မလှဘူး။ ဉာဏ် ရှိတယ်၊ ဉာဏ်နည်းတယ်။ ဖြစ်ရတဲ့အကျိုးတရားများသည်၊ ကိုယ်ပြုခဲ့တဲ့ကံဟောင်းအကြောင်းတရားကြောင့်ပါ။ အဲဒါ ကြောင့် သူတော်ကောင်းများ စာစပ်ထားပုံက– *"ယုတ်မြတ် မျိုးနွယ်၊ ကြီးငယ်ဂုဏ်သိမ်၊ စည်းစိမ်နည်းများ၊ နာဖျားကင်းထူ၊ သက်မူတိုရှည်၊ ရုပ်ရည်ဆင်း ကလှ– မလှနှင့် ဉာဏရှိကင်း၊ ဖြစ်ရခြင်းမှာ ကံဟောင်းကြွမ္မာ၊ သူ့ကြောင့်တည်း။"*

## ရောဂါဝိသေသ

ကျွန်တော်တို့သည်၊ လူ*ဇာတိ* မွေးစမှသေသည်အထိ *ဇရာ* ထဲမှာပါ။

http://www.dhammadownload.com



## အရေးအကြီးဆုံးက

၁။ *ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော*

ဗုဒ္ဓသာသနာနဲ့ကြုံဘို့ရာ ခဲယဉ်း၏၊ ဘုရား၏အဆုံးအမ သာသနာနှင့်ကြုံပါ၏။

၂။ *မနုသတ္တဘာဝေါ ဒုလ္လဘော*

လူအဖြစ်ရဘို့ရာ ခဲယဉ်း၏၊ ထောင်နိုင်တဲ့နှားနှင့် လူအဖြစ်ရပါ၏။

၃။ *သဒ္ဓမ္မသဝနံ – အတိဒုလ္လဘံ*

သူတော်ကောင်း၏သစ္စာတရားကြားနာဘို့ရာ အလွန် ခဲယဉ်း၏၊ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရား ကြီး၊ ဟောကြားသော သစ္စာတရားနှင့် ကြားနာရတဲ့ ဘဝနှင့်ကြုံပါ၏။

၁။ *သပ္ပုရိသ သံသေဝေါ* –

အရိယာသူတော်ကောင်းနှင့် တွေ့ရှန်

၂။ *သဒ္ဓမ္မသဝနံ* –

အရိယာသူတော်ကောင်းဆုံးမသော တရားနာရမှ

http://www.dhammadownload.com



၃။ ယောနိသော မနသိကာရော –

နှလုံးသွင်းမှန်မှာပါ။

၄။ ဓမ္မာနု ဓမ္မပဋိပတ္တိယာ –

တရားနှင့်လျော်စွာကျင့်မှသာလူဖြစ်ကျိုးနပ်မှာပါ။

အတိုချုံးရလျှင် – *အရိယာ* သူတော်ကောင်းနှင့်တွေ့၍၊ *အရိယာ* သူတော်စင်ကျင့်၍ ပေါက်မြောက်သော *သစ္စာတရား* နာပါ။ သူတော်စင်တရားနာမှသာလျှင် *သမ္မာဒိဋ္ဌိဉာဏ်* ရ၍ နှလုံးသွင်းမှန်မှာပါ။ နှလုံးသွင်းမှန်မှသာ တရားနှင့်လျော်စွာ ကျင့်သောယောဂီသာလျှင် *အပါယ်* တံခါးပိတ်၍ *နိဗ္ဗာန်* တံခါး ပွင့်မှာပါ။

## သမ္မာဒိဋ္ဌိ နှင့် သမ္မာသတိဖြင့် မည်သူကရှေ့၊ မည်သူကနောက် အငြင်းပွားမှု ဆရာတော်က ရှင်းပေးပုံ။

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားရှိစဉ်က၊ ဆရာတော် ၏ ဓမ္မာရုံရှေ့ မန်ကျည်းပင်ကြီးအောက်၊ ခုတင် = ကွပ်ပျစ်

http://www.dhammadownload.com



ကြီးပေါ်မှာ၊ လူကြီးတွေ တရားဆွေးနွေးငြင်းခုံကြလေ့ရှိကြပါတယ်။ တစ်ဦးက - *သမ္မာဒိဋ္ဌိနှင့်သမ္မာသင်္ကပ္ပ* မည်သူကရှေ့လဲ၊ မည်သူကနောက်လဲဟု မေးခွန်းထုတ်တယ်။ တစ်ဦးက *သမ္မာဒိဋ္ဌိ* ကရှေ့ *သမ္မာသင်္ကပ္ပ* ကနောက်ကဟု ဖြေတယ်။ ဘုရားပါဠိတော်စာအုပ်မှာ *သမ္မာဒိဋ္ဌိက* အရင်ရေး၍ *သမ္မာသင်္ကပ္ပ* ကနောက်မှရေးတယ်။ ရှင်းရှင်းလေးဘဲဟု ဖြေတယ်။ နောက်တစ်ဦးက *သမ္မာသင်္ကပ္ပ* ကရှေ့က၊ *သမ္မာဒိဋ္ဌိ* က နောက်ကဟုဖြေ၍။ အကြံအစည်ကောင်းမှ အမြင်မှန်ရမှာပါ။ အကြံအစည်မကောင်းဘဲနဲ့ အမြင်မှန်ကမရနိုင်ပါဟု ဖြေပါတယ်။ ဦးအေးမောင်က – မင်းတို့*ပြဿနာ* ဆရာတော်ဖြေမှ မှန်မှာဟုပြော၍ ဆရာတော်ထံ ဦးအေးမောင်သွားတယ်။ (ဦးအေးမောင်ဆိုသောပုဂ္ဂိုလ်သည် အဲဒီအချိန်ကလူဝတ်ဘဝနှင့်ရှိပါသေးတယ် နောက်တော့ ရဟန်းဝတ်၍ ဦးအဂ္ဂဘွဲ့အမည်နဲ့ သဲတော၊ ဝမ်းတွင်းမြို့မှာ *မိုးဏှာတ်ဝိပဿနာ* ရိပ်သာဖွင့်၍ တရားဟော တရားပို့ချ၍ သာသနာပြုနေပါတယ်။ ယခု ပျံလွန်တော်မူသွားပါပြီ။ ဦးအဂ္ဂရှိစဉ်က ကျွန်တော့အား ပြောပြဖူးသော ပြဿနာဖြစ်ပါတယ်။) ဦးအေးမောင်သည်

http://www.dhammadownload.com



ဆရာတော်ထံရောက်တော့၊ ဆရာတော်က၊ ဟေ့... အေးမောင်မင်း... ဘာအရှုပ်တွေယူလာပြန်ပြီတုန်းဟုမေးတယ်။ မှန်လှပါဘုရား... သမ္မာဒိဋ္ဌိ နှင့် သမ္မာသင်္ကပ္ပ မည်သူကအရင်လဲ၊ မည်သူကနောက်လဲဟုငြင်းကြပါတယ်ဘုရား။ ဆရာတော်ကအေးကွ... မင်းက ဘယ်ဘက်ကနေသလဲဟုမေးတော့... ဦးအေးမောင်က၊ တပည့်တော်က သမ္မာသင်္ကပ္ပ ကအရင်ဟုဖြေပါတယ်ဘုရား။ မင်းအဖြေလဲမှားတယ်။ သမ္မာဒိဋ္ဌိအရင်ဖြေသူလည်းမှားတယ်။ မင်းရှုပ်မသွားဘူးလားဟုမေးတော့၊ ရှုပ်သွားပါတယ်ဘုရားဟုလျှောက်တယ်။ ဆရာတော်က... ဒီလိုကွ... "ပုထုဇဉ်က အရိယာ ဖြစ်အောင်အကြံကောင်းရဘို့လိုတယ်ကွ၊ သမ္မာသင်္ကပ္ပ အားကောင်းမှအမြင်မှန်ရတယ်ကွ၊ အဲဒါကြောင့် ပုထုဇဉ်ကအရိယာဖြစ်အောင် သမ္မာသင်္ကပ္ပ အားကောင်းဘို့လိုတယ်။ ပုထုဇဉ်ကစရမှာဖြစ်လို့၊ ပုထုဇဉ် အတွက် သမ္မာသင်္ကပ္ပ ကအရင်ကွ၊ သောတာပန်တည်၍ သမ္မာဒိဋ္ဌိ ဉာဏ်ရပြီးသားကြတော့ရှေ့မင်္ဂတွေ၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ဖြစ်အောင်သမ္မာဒိဋ္ဌိကရှေ့ဆောင်၍ သမ္မာသင်္ကပ္ပကနောက်လိုက်

http://www.dhammadownload.com



ဖြစ်ပါတယ်။ ပုထုဇဉ် က သောတာပန် တည်အောင် သမ္မာသက်ပွကရှေ့. သမ္မာဒိဋ္ဌိကနောက်၊ သောတာပန်တည်မှ ရှေ့သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ဖြစ်ဘို့ရန် သမ္မာဒိဋ္ဌိကရှေ့ဖြစ်၍ သမ္မာသက်ပွ ကနောက်ကလိုက်ရုံပဲ ဟု ဆရာတော်ဘုရားက ဆုံးဖြတ်ချက်ချတော်မူပါတယ်။

## သမ္မာဒိဋ္ဌိ (၅) မျိုး

| | | |
|---|---|---|
| ၁။ | ကမ္မဿကတ | သမ္မာဒိဋ္ဌိ |
| ၂။ | ဈာန | သမ္မာဒိဋ္ဌိ |
| ၃။ | ဝိပဿနာ | သမ္မာဒိဋ္ဌိ |
| ၄။ | မဂ် | သမ္မာဒိဋ္ဌိ |
| ၅။ | ဖိုလ် | သမ္မာဒိဋ္ဌိ |

၁။ *ကမ္မဿကတသမ္မာဒိဋ္ဌိ*သည်၊ ကံနှင့်အကျိုးပေးကို ယုံကြည်၍၊ *အကုသိုလ်* ရှောင်၍ *ကုသိုလ်* ပြုလုပ်တယ်။ *သစ္စာအနုလောမိကဉာဏ်*တော့မရသေးဘူး။ အပါယ် တံခါးမပိတ်သေးဘူး။ *(သူတော်ကောင်းပုဂ္ဂိုလ်)*

၂။ *ဈာနသမ္မာဒိဋ္ဌိ* ကတော့ *အာရုံ* တစ်ခုကိုတည်ငြိမ်အောင်

http://www.dhammadownload.com



ရှုးစိုက်၍မှတ်နေတာ။ *(သမထဘာဝနာ)*

၃။ *ဝိပဿနာသမ္မာဒိဋ္ဌိကတော့ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာကို ဝိပဿနာဉာဏ်နှင့်* ထင်မြင်အောင်ရှုမှတ်နေတာ။ *စူဠသောတာပန်မှ မဟာသောတာပန်ဖြစ်ရန်မဝေးတော့ပါ။ ဣမိနပနဉာဏေန – သမ္ပန္နာဂတော – ဝိပဿကော – ဗုဒ္ဓသာသနေ – လဒ္ဓဿာသော – လဒ္ဓပတိဋ္ဌော – နိယတဂတိကော – စူဠသောတာပန္နောနာမ – ဟောတိ။ (ဒုဋ္ဌကထာ)*၊ ဗုဒ္ဓသာသနာတော်၌၊ ဤသို့သော *ဝိပဿနာဉာဏ်နှင့်* ပြည့်စုံသော၊ *စူဠသောတာပန်သည်၊* ထောက်ရာတည်ရာ၊ မြဲသောဂတိ ရှိသည်ဖြစ်၏။ *ဝိပဿနာသမ္မာဒိဋ္ဌိ* ရသော ယောဂီသည်၊ *စူဠသောတာပန်* အဖြစ်နှင့် ထောက်ရာတည်ရာရ၍၊ ရှေ့ဘဝမှာ *မဟာသောတာပန်* ဖြစ်မည်။ *(အရိယာအနွယ်ဝင် သူမြတ်လောင်းပုဂ္ဂိုလ်)*

၄။ *မဂ်သမ္မာဒိဋ္ဌိကတော့ မဟာသောတာပန်* တည်သော *ပုဂ္ဂိုလ်၊ ဤဘဝ* မှစ၍ အပါယ်တံခါးပိတ်၍ *မဟာ*

http://www.dhammadownload.com



သောတာပန် အရိယာ ဖြစ်ပြီး နိဗ္ဗာန် ရောက်ဘို့ (၇) ဘဝ သာလိုတော့တယ်။

၅။ ဖိုလ်သမ္မာဒိဋ္ဌိကတော့ သောတာပတ္တိဖိုလ်ဆိုတော့၊ သောတာပန်အရိယာ ပါဘဲ။

## ဉာဏ် (၅) ပါး

| | | |
|---|---|---|
| ၁။ | ကမ္မဿကတ | ဉာဏ် |
| ၂။ | နာမရူပ ပရိစ္ဆေဒ | ဉာဏ် |
| ၃။ | ပစ္စယပရိဂ္ဂဟ | ဉာဏ် |
| ၄။ | ဝိပဿနာ | ဉာဏ် |
| ၅။ | မဂ် | ဉာဏ် |

၁။ ကမ္မဿကတဉာဏ် သည်၊ ကောင်းတာလုပ်ရင် ကောင်းကျိုးပေးတယ်။ မကောင်းတာလုပ်ရင် မကောင်းကျိုးပေးတယ်ဟုသိသောဉာဏ်။

၂။ နာမရူပ ပရိစ္ဆေဒဉာဏ် သည်၊ ရုပ်နာမ် တို့ကို ကွဲကွဲပြားပြား၊ ပိုင်းပိုင်းခြားခြားသိတဲ့ဉာဏ်။

၃။ ပစ္စယပရိဂ္ဂဟဉာဏ်သည်၊ အကြောင်းအကျိုးသိမ်းဆည်း

http://www.dhammadownload.com



သိသော(ဝါ) ရုပ်နာမ် မည်ကဲ့သို့ဖြစ်ပေါ်ကြောင်းဆိုတဲ့ အကြောင်းနှင့်အကျိုးကို သိမ်းဆည်းသိသောဉာဏ်။

၄။ *ဝိပဿနာဉာဏ်* သည်၊ *အာရုံနှင့်ဒွါရ* တိုက်ဆိုင်လို့ ရုပ်နာမ် ဖြစ်ပြီးပျက်သွားတာကို *လောကီမဂ္ဂင်(၅)ပါး ရှုဉာဏ်တရား* နှင့်စောင့်ကြည့်တဲ့*ဉာဏ်*။

၅။ *မဂ်ဉာဏ်* သည်၊ မဂ္ဂင်(၈)ပါးပြည့်တဲ့ဉာဏ်။ *မဂ္ဂင် (၈) ပါး* ပြည့်ပုံ တစ်နေရာမှာရှင်းပြပါမည်။

ဝိပဿနာမဂ္ဂင်(၅)ပါးနှင့်မလုပ်ဘဲ သောတာပန်တည် လိမ့်မည်မဟုတ်ပါ။ ဝိပဿနာမဂ္ဂင်သည် အမည်(၄)မျိုး ရှိပါတယ်။

၁။ ပုဗ္ဗဘာဂမဂ် ရှေ့ဦးမဂ်

၂။ လောကီမဂ် လောကုတ္တရာ(၈)ပါးမဂ်မဟုတ်သော

၃။ ပဥ္စင်ဂိကမဂ် ပညာမဂ္ဂင်(၂)ပါးနှင့်သမ္မာဓိမဂ္ဂင်(၃)ပါးမဂ်

၄။ ဝိပဿနာမဂ် ဖြစ်ပျက်ကိုမြင်သောမဂ်

## မဂ္ဂင် (၅) ပါးရှုဉာဏ်တရားမှာ

၁။ သမ္မာ ဒိဋ္ဌိ } ပညာမဂ္ဂင်(၂)ပါး
၂။ သမ္မာ သင်္ကပ္ပ }

http://www.dhammadownload.com



၃။ သမ္မာ ဝါယမ
၄။ သမ္မာ သတိ
၅။ သမ္မာ သမာဓိ
} သမ္မာဝိမဂ္ဂင်(၃)ပါး

**ဝဋ္ဋမသမာဓိမဂ္ဂင် (၃) ပါး**

*သမ္မာဝါယမ* ဆိုသည်မှာ၊ တရားအားထုတ်သော ယောဂီက၊ အခံစိတ်အကြည်နှင့် အတိုက်စိတ်အာရုံ တွေ့ဆုံ၍ *အနိစ္စလက္ခဏာဉာဏ်* နှင့်မြင်အောင်
*သမ္မာဝါယမ* က အားစိုက်၍ ဝိရိယနှင့်
*သမ္မာသတိ* က ခန္ဓာအပြင်သို့အာရုံမရောက်အောင် သတိဦးစီးပြီး
*သမ္မာသမာဓိ* က တည်တည်ကြည်ကြည်ဖြစ်အောင် နှလုံးသွင်းရပါတယ်။

ကျေးဇူးတော်ရှင် ဆရာတော်က(၁၃–၁၂–၆၁)နေ့ ဟောသော *ဝိသာခနှင့်ဓမ္မဒိန္နာ*စာအုပ်မှာ စာမျက်နှာ (၁၅၈)မှာ *သမ္မာဝိမဂ္ဂင်*(၃)ပါးဖြစ်ပုံ လူ(၃)ယောက်ဥပမာနှင့်ဟောပါတယ်။ အဲဒါကို သရုပ်ပေါ်အောင်လို့ ကျွန်တော်က လူပုံနှင့်ပြထားပါတယ်။

http://www.dhammadownload.com





http://www.dhammadownload.com



အဲဒီလို *သမာဓိမဂ္ဂင်(၃)ပါးနှင့် ပညာမဂ္ဂင်(၂)ပါး*က *အနိစ္စလက္ခဏာ*မြင်တာပေါ့။ အဲဒါကြောင့် ကျေးဇူးတော်ရှင်က (*ယုဂနဒ္ဓ*)နည်းကွဲဟု ဟောပါတယ်။ *သမာဓိနှင့်ပညာ* ပေါင်း၍ *ဝိပဿနာဉာဏ်* ဖြစ်ပုံ၊ *သမာဓိ* ထူထောင်၍ *ဝိပဿနာ* ဖြစ်တာမဟုတ်ဘူး၊ *သမာဓိနှင့် ပညာ* တွဲရက် *ဝိပဿနာ* *ဉာဏ်* ဖြစ်ပုံ ဟောထားပါတယ်။

## ပဋိသမ္ဘိဒါ ပါဠိတော်မှာ

**"*သမထ – ဝိပဿနာနံ – ယုဂနဒ္ဓံ ဘာဝေတိ*"**

**(မြန်မာပြန်)**

*သမထ ဝိပဿနာနံ* – *သမထ ဝိပဿနာ* တရားကို *ယုဂနဒ္ဓံ* အစုံအားဖြင့် – *ဘာဝေတိ* ပွားများရာ၏။ (နောက်တစ်မျိုး) ဉာဏ်ပေါက်အောင်ဟောပါသေးတယ်။ ရေယူခဲ့စမ်း မှာခိုင်းတော့၊ ရေကိုခွက်နဲ့ယူခဲ့ရတယ်။ သောက်တော့ ရေသောက်တယ် ခွက်မပါဘဲရေယူလို့မရပါ။ ရေက *ပညာ* *မဂ္ဂင်*၊ ခွက်က*သမာဓိမဂ္ဂင်* ဟု ဟောထားပါတယ်။ ဤအလုပ် တရားသည်၊ ဆရာတော်တရားနာ၍၊ *ဒိဋ္ဌိဝိစိကိစ္ဆာ* ကို

http://www.dhammadownload.com



ပဋ္ဌမအသိနှင့် ပြုတ်အောင် *ဉာတပရိညာ* သိဘို့ရာသည် ဆရာ့တာဝန်။ ပွားများရမှာက *တီရဏပရိညာ ဝိပဿနာဉာဏ်* နှင့် အားထုတ်ရမှာက ယောဂီတာဝန်။ *သောတာပန်* ဖြစ်ရမှာက ဓမ္မ–တာဝန်ပါ။

***ဝိပဿနာမဂ္ဂင်(၅)ပါးနှင့် အားထုတ်၍ သောတာပတ္တိဉာဏ်ရရှိသောယောဂီ၏ မဂ္ဂင်(၈)ပါးပြည့်၍ ထူးခြားပုံ။***

**မဂ္ဂင် (၈) ပါး**

| | | |
|---|---|---|
| သမ္မာ ဒိဋ္ဌိ<br>သမ္မာ သင်္ကပ္ပ | ပညာမဂ္ဂင် (၂) ပါး | အမှန်မြင်<br>အမှန်ကြံ |
| သမ္မာ ဝါစာ<br>သမ္မာ ကမ္မန္တ<br>သမ္မာ အာဇီဝ | သီလမဂ္ဂင် (၃) ပါး | အမှန်ပြော<br>အမှန်လုပ်<br>မှန်သောအသက်မွေး |
| သမ္မာ ဝါယာမ<br>သမ္မာ သတိ<br>သမ္မာ သမာဓိ | သမာဓိမဂ္ဂင် (၃) ပါး | မှန်သောအားစိုက်မှု<br>မြဲသောသတိ<br>မြဲသောတည်ကြည်မှု |

http://www.dhammadownload.com



*သမ္မာဒိဋ္ဌိမဂ္ဂင်* သည်၊ မီးရထားစက်ခေါင်းတွဲနဲ့ တူပါတယ်။ ခေါင်းတွဲနောက်က *သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ* တို့သည်၊ ဖြောင့်ဖြောင့်တန်းတန်းကြီး အမှန်တရားအတိုင်း၊ မချော်မချွတ်ဘဲ *သမ္မာဒိဋ္ဌိဉာဏ်* ရရှိပြီး၊ မသေခင် *ဇရာ* အတွင်းမှာ သက်တောင်းရှည်နှင့် နေရပါတယ်။

*သမ္မာဒိဋ္ဌိမဂ္ဂင်* သည်၊ *သစ္စာ(၄)ပါး* ကို *ဝိပဿနာဉာဏ်* နှင့် ကောင်းစွာသိမြင်ပါသည်။ *ဝိပဿနာဉာဏ်* နှင့် ကောင်းစွာသိမြင်လို့ *သစ္စာ(၄)ပါး* သိသော *သမ္မာဒိဋ္ဌိမဂ္ဂင်* ရပါသည်။ အပြန်အလှန်ပါ။

ဤကဲ့သို့ *သမ္မာဒိဋ္ဌိမဂ္ဂင်* ရဘို့ရာ၊ လိုအပ်တဲ့ *ဉာဏ်* တွေက –

| | |
|---|---|
| ၁။ ကမ္မဿကတ | ဉာဏ် |
| ၂။ နာမရူပ ပရိစ္ဆေဒ | ဉာဏ် |
| ၃။ ပစ္စယ ပရိဂ္ဂဟ | ဉာဏ် |
| ၄။ ဝိပဿနာ | ဉာဏ် |
| ၅။ မဂ် | ဉာဏ် |

http://www.dhammadownload.com



ဤ (၅) ပါးအကျယ်ကို စာမျက်နှာ(၆၁)၊ စာကြောင်းရေ (၅) မှ၊ စာမျက်နှာ(၆၁)၊ စာကြောင်းရေ(၇) ထိ ရေးခဲ့ပြီးပြီ။ အထက်ပါ *ဉာဏ်* တွေကို အခြေမချဘဲနဲ့၊ *သိဉာဏ်၊ ပွားဉာဏ်* မပါဘဲနဲ့၊ *သမ္မာဒိဋ္ဌိဉာဏ်* မရနိုင်ပါ။ *လောကီ မဂ္ဂင်* (၅) ပါး *ဝိပဿနာတရား* တည်းဟူသော (၅) လုံး ဖောင်နှင့် ပွားစည်းမှ *လောကုတ္တရာမဂ္ဂင်* (၈) ပါး၊ (၈) လုံး ဖောင်ပေါ်ရောက်ရမှာပါ။ *ခန္ဓာ (၅) ပါး* ဖြစ်မှု၊ ပျက်မှု *အနိစ္စ က ဒုက္ခသစ္စာ။ ခန္ဓာ (၅) ပါး ဒုက္ခသစ္စာကို မဂ္ဂင် (၅) ပါး ဉာဏ်* နှင့်မြင်နေတာက *မဂ္ဂသစ္စာ*။ ဖြစ်ပျက် *ဒုက္ခသစ္စာ* နဲ့ ပွားများမှု *မဂ္ဂသစ္စာ* နှင့် အံဝင်ဂွင်ကျဖြစ်နေတော့၊ သေတာက *သမုဒယသစ္စာ*။ ပွားများချိန်မှာ *ကိလေသာ*။ မလာချုပ်ဖြစ်နေတာက *နိရောဓသစ္စာ*။

မဂ္ဂင်(၅) ပါးနှင့် ဤကဲ့သို့မြင်တာက *ဝိပဿနာဉာဏ်*။ ရှုပွားပါများ၍ *ခန္ဓာခွဲမှန်းသာက နိဗ္ဗိန္ဒဉာဏ်*။ အရှုခံခန္ဓာ ချုပ်ငြိမ်း၍၊ *ရှုဉာဏ်* က အေးငြိမ်းမှုကို အာရုံပြုနိုင်တာက *သဥပါဒိသေသနိဗ္ဗာန် – လောကုတ္တရာမဂ်ဉာဏ်*။ *ပရမတ္ထ သစ္စာ* ကို ပိုင်ပိုင်နိုင်နိုင်သိ၍ *သမ္မာဒိဋ္ဌိဉာဏ်* ရတာပါ။

http://www.dhammadownload.com



*လောကုတ္တရာ* မှန်မှန်ကန်ကန် *ဉာဏ်* ရောက်မှ၊ *လောကီ သမုတိသစ္စာ* လဲ ဖြောင့်မှန်ပါသည်။ *လောကုတ္တရာဉာဏ်* ရပြီးသောယောဂီသည်၊ *သီလ၊ သမာဓိ၊ ပညာ* နှင့် ပြည့်စုံပြီးသားပါ။ *ပညာ* ဦးစီးမှန်တော့၊ *သီလ* လဲ လုံတယ်။ *သမာဓိ* လဲ မပျက်ဘူးပေါ့။

*သမ္မာသင်္ကပ္ပ၊* အသက်ရှင်ပြီးနေရသ၍၊ တရားနှင့်ဘဲ သင်္ကပ္ပ -ကြံနေပါတယ်။

*သမ္မာဝါစာ၊* ကောင်းသောစကား။ တရားစကား။ *သီလ*စကား။ *သမာဓိ*စကား။ *ဝိပဿနာပညာ*စကား။ သူတစ်ပါးထိခိုက်မှုမရှိအောင်ပြောတဲ့စကား။ သူတစ်ပါး *လောကီ၊ လောကုတ်* အကျိုးရှိတဲ့စကားမျိုးသာ၊ *သမ္မာသင်္ကပ္ပ* နှင့်ကြံ၍ ပြောပါတယ်။

*သမ္မာကမ္မန္တ၊ လောကီ၊ လောကုတ်* မှာ တရားနှင့် ပါတ်သက်သောအလုပ်။ *ဝိပဿနာပညာ* နှင့် ပါတ်သက်သော အလုပ်။ *သီလ* နှင့် ပါတ်သက်သောအလုပ်။ *သမာဓိ* နှင့် ပါတ်သက်သောအလုပ်။ သူတစ်ဦး၏ ကိုယ်စိတ်(၂)ပါး မထိခိုက်မှုအလုပ်။ *လောကီ၊ လောကုတ်* အကျိုးရှိတဲ့အလုပ်

http://www.dhammadownload.com



များကို *သမ္မာကမ္မန္တ* နှင့်အညီလုပ်ပါတယ်။

*သမ္မာအာဇီဝ၊* တရားသဖြင့်ရသောငွေနှင့်ဘဲ အသက်မွေးဝမ်းကြောင်းပြုနေပါတယ်။ *ဝိသမာလောဘ* နှင့် ဆက်စပ်သော အသက်မွေးမှုမျိုး ရှောင်၍ *သမ္မာအာဇီဝ* နှင့်ရှာ၍ရသောငွေနှင့်သာ အသက်မွေးဝမ်းကြောင်းပြုပါတယ်။

*သမ္မာဝါယမ၊ အကုသိုလ်* ကလွဲ၍၊ *ကုသိုလ်* ကောင်းမှုသာ *ဝါယမ* စိုက်ပါတယ်။ *မိစ္ဆာဇီဝ* မျိုးလဲ *ဝါယမ* မစိုက်ပါဘူး။ သူတစ်ပါးနှစ်နာဆုံးရှုံးမှုမျိုးလဲ *ဝါယမ* မစိုက်ပါဘူး။

*သမ္မာသတိ၊ အကုသိုလ်* မဖြစ်အောင် အမြဲ *သတိ* ရှိတယ်။ မနိုင်သေးတဲ့ *ကိလေသာ* ကြောင့်၊ *ဒေါသ* ဖြစ်မည့်အခိုက်ပွါယ် ရှိခဲ့သော် *သတိ* က ဦးစီးထားတယ်။ ***ဝိဝဋ္ဋနိဿိတကုသိုလ်*** အတွက် အမြဲ *သတိ* ရှိတယ်။ ကိုယ့်ရဲ့ *ကာယကံ* မှု၊ *ဝစီကံ* မှုကြောင့်၊ သူတစ်ပါးထိခိုက်စေမှု၊ နစ်နာစေမှု၊ မဖြစ်အောင် *အမြဲသတိရှိတယ်။* အဲဒါကြောင့် *ပုထုဇဉ်* နှင့် မတူသော *သမ္မာသတိ* ဟု ဘုရားကအမည်ပေးတာပေါ့။

*သမ္မာသမာဓိ၊ လောကီ၊ လောကုတ္တရာ* နှစ်ဖြာအကျိုး

http://www.dhammadownload.com



ငှာ သမာဓိ တည်တည်ကြည်ကြည်ရှိတယ်။ ဤဘဝ၊ ဤခန္ဓာနှင့် သာသနာအကျိုးအတွက် မြဲနေတယ်၊ မဖေါက်မပြန်မှန်ကန်သော *သမာဓိ* နှင့် ရှိနေတယ်။ *ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု* နှင့် အမှန်တရားပေါ်မှာ၊ မဖေါက်မပြန် မှန်ကန်စွာဖြင့် တည်ကြည်နေတယ်။ အတိုချုံးရလျှင်၊ *ပညာမဂ္ဂင် (၂) ပါး၊ သီလမဂ္ဂင် (၃) ပါး၊ သမာဓိမဂ္ဂင် (၃) ပါး* မှာ *ပညာမဂ္ဂင်* ကြီးစိုးထားတော့၊ *သီလ* ကလဲလုံနေတယ်။ *သမာဓိ* ကလဲ တည်ကြည်မြဲမြဲတာပေါ့။

*သီလ၊ သမာဓိ၊ ပညာ* လုံနေလို့ *သောတာပန်* တည်တယ်ဟု၊ အယူရှိခဲ့ရင်၊ သစ္စာကွယ်သောအယူဖြစ်လို့ *အရိယာ* များအကြိုက် မဖြစ်နိုင်ပါ။ *ဝိပဿနာ* တရားအားထုတ်သောကြောင့် *သောတာပန်* တည်လို့။ *သီလ၊ သမာဓိ၊ ပညာ* နှင့် ပြည့်စုံသည်ဆိုမှ၊ ဘုရား *သာသနာ* ရဲ့ အဆုံးအမနှင့်ညီမှာပါ။

**ဟောပြီးပါပြီ**

http://www.dhammadownload.com



# ပုဂ္ဂိုလ် (၂) မျိုး

| သောတာပန်တည်သော အရိယာပုဂ္ဂိုလ် | ဝိပဿနာကျင့်စဲ ပုဂ္ဂိုလ် |
|---|---|
| သိက္ခာ (၃) ရပ် = နိယတ<br>စာရိတ္တသီလ = မြဲသော သီလ<br><br>ပညာမဂ္ဂင်ဦးစီးလို့<br>သမ္မာဒိဋ္ဌိ + သမ္မာသင်္ကပ္ပ | သိက္ခာ (၃) ရပ် = အနိယတ<br>ဝါရိတ္တသီလ = စောင့်ထိမ်းမှသာ<br>လုံခြုံသောသီလ<br>စောင့်ထိမ်းသီလ |
| **သီလမဂ္ဂင်** | **သီလမဂ္ဂင်** |
| ၁။ သမ္မာ ဝါစာ | ၁။ သမ္မာ ဝါစာ |
| ၂။ သမ္မာ ကမ္မန္တ | ၂။ သမ္မာ ကမ္မန္တ |
| ၃။ သမ္မာ အာဇီဝ | ၃။ သမ္မာ အာဇီဝ |
| **သမ္မာဓိမဂ္ဂင်** | **သမ္မာဓိမဂ္ဂင်** |
| ၁။ သမ္မာ ဝါယမ | ၁။ သမ္မာ ဝါယမ |
| ၂။ သမ္မာ သတိ | ၂။ သမ္မာ သတိ |
| ၃။ သမ္မာ သမာဓိ | ၃။ သမ္မာ သမာဓိ |
| **မြဲ၍လုံသည်** | **ပညာမဂ္ဂင်** |
| | ၁။ သမ္မာ သင်္ကပ္ပ |
| | ၂။ သမ္မာ ဒိဋ္ဌိ |
| | **ဘာဝေတဗ္ဗကိစ္စ** |

http://www.dhammadownload.com



## မရဏ

ခန္ဓာရရင် သေရတော့မယ်။ ဘယ်လိုသေမလဲ? ဤပါဠိတော် နှင့် အဓိပ္ပါယ်မှတ်ထားပါဦး။

၁။ *အာစိဏ္ဏကံ* – အမြဲမပြတ် ကိုယ်ပြုလုပ်နေသော ကုသိုလ်ကံ။ အကုသိုလ်ကံ။

၂။ *အာသန္နကံ* – သေခါနီး ကပ်၍ဖြစ်သော ကြားဖြတ်ကံ။ သေခါနီး ကိုယ်ပြုသော – *ကုသိုလ်ကံ၊ အကုသိုလ်ကံ* အောက်မေ့၍၊ သေသောကြားဖြတ်ကံ။

၃။ *ကမ္မနိမိတ်* – ကိုယ် တစ်သက်လုံး အမြဲနေ့စဉ် ပြုလုပ်ခဲ့သော ရောင်းရေး၊ ဝယ်ရေး၊ ကုသိုလ်တရား၊ အကုသိုလ်တရား များကို သေခါနီး မြင်ရသော *ကမ္မနိမိတ်။*

၄။ *ဂတိနိမိတ်* – သေလွန်သောအခါ ရောက်ရမည့်၊ ဘဝ၏ အရိပ်အရောင်၊ ငရဲမီးလျှံ၊ ငရဲခွေးကဲ့သို့သော ဂတိနိမိတ် များ

http://www.dhammadownload.com



အခါခါထင်လျက် ပူပန်ခြင်း။
*ကုသိုလ်* အားကောင်းတော့လဲ -
ဥယျာဉ်ဗိမာန်၊ ပဒေသာပင်နိမိတ်တွေ
အခါခါထင်ပုံ။

၅။ ***ဥဒ္ဒစ္စ*** - စိတ်ပျံ့လွင့်ခြင်း။ မတည်ငြိမ်ဖြစ်ခြင်း။

၆။ *ကုက္ကုစ္စ* - ပြုခဲ့ပြီးသော *အကုသိုလ်* အတွက် ပူပန်ခြင်း။ မပြုရသေးသော *ကုသိုလ်* အတွက်၊ မပြုလေခြင်းဟု ပူပန်ခြင်း။

၁။ အဖေမုဆိုးသေခါနီး၊ သား *ရဟန္တာ* က *အာသန္နကံ* ဖြတ်ပေးပုံ

၂။ သီလမြဲသော ရဟန်းကြီး *အာသန္နကံ* ဖြတ်၍ နဂါးကြီး ဖြစ်ပုံ။ (၂၀-၁၂-၆၀)နေ့ဟော။

၃။ သေခါနီးရဟန်းက နှမလှူသောသင်္ကန်း စွဲလမ်း၍ ဤ *သင်္ကန်း၌သန်းကပ်၍ဖြစ်ပုံ။* (ဥပါဒါန်အစွဲ) (၁၀-၁-၆၁)ဟောသောတရား။

၄။ တောဒေးယသူဌေး မောဟအဝိဇ္ဇာ နှင့် ပစ္စည်းစွဲ၍

http://www.dhammadownload.com



သေတော့ရွေးဖြစ်ပုံ။ (၆–၅–၆၁)B Side (ဘီ)ဆိုက်

၅။ ပသေနဒီကောသလမင်းကြီးရဲ့ မာလ္လိကာမိဖုရားကြီး *အသဒိသဒါန* အလှူကြီးပေးခဲ့သော်လဲ၊ ကောသလမင်းကြီးအား မုသားလိမ်လည်ပြောခဲ့မိတဲ့စိတ်။ သေခါနီးကြားဖြတ်အောက်မေ့မိ၍ အဝီစိ(၇)ရက်ကျသွားတယ်။ *(ကုဏ္ဍလဇဝ နှင့် အာသန္နကံ)* (၁၆–၈–၆၁)နေ့ဟော။

၆။ *မိလက္ခမုဆိုး* သည် အကုသိုလ်အားကြီးလွန်းလို့၊ သူများလှူသောသောက်ရေအိုး ရေမတွေ့ဘဲ အိုးဘဲမြင်ရတယ်။ သေရင်အပါယ်ကျဘို့သေချာပြီးသား။ ဆရာကောင်းတွေ့၍ *ဝိပဿနာ* အားထုတ်လို့ *မိလက္ခမုဆိုး ရဟန္တာ* ဖြစ်ရတယ်။ (၂၁–၂–၆၀)နေ့ဟော (ဝိပဿနာအကျိုး)။

## သေနည်း (၃) မျိုး (၄ – ၃ – ၆၀) နေ့ဟော

သေနည်း(၃)မျိုး၊ အမှတ်စဉ်(၃၀)၊ စာမျက်နှာ(၄၄၃)မှ *ဝေဒနာ* နဲ့ ငါနဲ့ မရောတဲ့ ဘုရား တရားကိုနာရ၍သော်လည်းကောင်း။ *သက္ကာယဒိဋ္ဌိ* ပြုတ်အောင် ဟောနိုင်တဲ့

http://www.dhammadownload.com



ဘုရား၏ တပည့်သားများနဲ့တွေ့လို့ အဲဒီတရားမျိုးကို နာရ၍ သော်လည်းကောင်း။ ဒီလိုမှ ပုဂ္ဂိုလ်နှစ်မျိုးကို မတွေ့တော့ဘူး ဆိုလို့ရှိရင်လဲ၊ အရင် နာဖူးတဲ့တရားကို ကိုယ်ဟာကိုယ်ရှုပွား ပြီးသကာလ၊ ဒါကလဲ နာဖူးတဲ့တရားရှိမှနော်။ *သဏ္ဍာယ* ဖြတ်တဲ့တရားကိုနာဖူးမှ။

ပန်းကလေးအောက်မေ့ပါတယ်။ ညောင်ရေအိုးကလေး အောက်မေ့ပါတယ်။ ဒါလောက်ပြောတာမဟုတ်ဘူး။ ပန်း ညောင်ရေအိုးဆိုတာက *ဒါနကုသိုလ်* မို့၊ နတ်ပြည် *သုဂတိ* ကိုတော့ မုချကျေးဇူးများမယ်။ ဒီမှာကတော့ ဒီလိုမဟုတ်ဘူး။ *ဝေဒနာနိရောဓ* ဖြစ်သောကြောင့်၊ *တဏှာနိရောဓ၊ ဒိဋ္ဌိ နိရောဓ၊ အဝိဇ္ဇာနိရောဓ* သွားပြီးဖြစ်တယ်။ ဤကဲ့သို့ သေပါဟု ဆရာတော်ဘုရားကြီးဆုံးမတယ်။

ကိုယ်–ကိုယ်တိုင် ဖြစ်ပျက်ရှုပြီးသကာလ *ဝေဒနာ* နဲ့ ငါနဲ့မရောတဲ့အလုပ်ကိုလုပ်ပြီး သေရခဲ့သော်လည်းကောင်း။ *သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်* တည်ပြီးသေနိုင်တယ်။

❀ ❀ ❀ ❀ ❀ ❀ ❀

http://www.dhammadownload.com



## သေခါနီး ဘာ နှလုံးသွင်းမလဲ?

*ဝိပဿနာ* သာလျှင် အားကိုးပါ။ မသေခင် အမြဲ နှလုံးသွင်းနေတာက *လောဘ – ဒေါသ – မောဟ*။

*လောဘ* နှင့် သေ *ပြိတ္တာ*

*ဒေါသ* နှင့် သေ *ငရဲ*

*မောဟ* နှင့် သေ *တိရစ္ဆာန်*

*လောဘ၊ ဒေါသ၊ မောဟ* နှင့်သေ၍ လူဖြစ်သော်လည်း *အဟိတ်ပုဂ္ဂိုလ်*။

*အလောဘ၊ အဒေါသ* နှင့် သေရင် *ဒွိဟိတ်ပုဂ္ဂိုလ်၊ ကလျာဏပုထုဇဉ်*။ သူတော်ကောင်း။

*အလောဘ၊ အဒေါသ၊ အမောဟ* နှင့် သေရင် (ဝိပဿနာ နှလုံးသွင်း၍ သေသောသူ) *တိဟိတ်ပုဂ္ဂိုလ်* ရောက်ရာ *သုဂတိဘဝ* ၌၊ အပါယ်ပိတ်တရားနှင့် တွေ့ရမည်။

ယောဂီ။ ယခု *ဘဝ* မှာ *သစ္စာ* တရားကို အလွန်ကြိုက် လျှင်၊ *တိဟိတ်ပုဂ္ဂိုလ်*။ ဤ *ဘဝ* မှာ *အပါယ်* တံခါးပိတ်၍ *သုဂတိမှန်ဖို့ဘာန်* သို့ပါဘဲ။ ယောဂီ။ ယခု *ဘဝ* မှာ၊ *ဒါနတရား၊ သီလတရား* နှင့်သာပျော်နေရင် *ဒွိဟိတ်ပုဂ္ဂိုလ်*။ သူတော်

http://www.dhammadownload.com




ကောင်းပါဘဲ။ အပါယ်တံခါးမပိတ်သေးပါဘူး။

## ယေရဟာ ပြီးပါပြီ။

## သုံးပါးအစပ်

၁။ *သင်္ခါရ* နှင့် *ဝိညာဏ်* တစ်စပ်

အတိတ်ဘဝကပြုခဲ့သော *သင်္ခါရ* နှင့် ယခု ဘဝ ရနေသော *ပဋိသန္ဓေဝိညာဏ်* တစ်စပ်။




၂။ *ဝေဒနာ* နှင့် *တဏှာ* တစ်စပ်

ယခု ခန္ဓာ မှာရှိသော *ဝေဒနာ*၊ ဒုက္ခသစ္စာ နှင့် ပေါက်ပွားလာသော *တဏှာ*၊ သမုဒယသစ္စာ နှင့်တစ်စပ်။




http://www.dhammadownload.com



၃။ (ကမ္မ)(ဘဝ) နှင့် ဇာတိ တစ်စပ်

မသေခင် ကိုယ်ပြုလုပ်နေသော (ကမ္မ)(ဘဝ) နှင့် သေပြီးရင် ရမည့် ဇာတိ နှင့်တစ်စပ်။




နှစ်ရပ်မူလ

*တဏှာ* နှင့် *အဝိဇ္ဇာ*

*ပစ္စုပ္ပန်* မှာ *တဏှာ* ခေါင်းဆောင်၍ *အဝိဇ္ဇာ* တွဲပါလာပါတယ်။

**ဝဋ်သုံးဝ**

*ကိလေသာဝဋ်(၃)ပါး၊ ကမ္မဝဋ်(၂)ပါး၊ ဝိပါကဝဋ်*

http://www.dhammadownload.com



(၈) *ပါး* ရှိပါတယ်။

"*ကိလေသာ* ကြောင့် *ကမ္မ* ပြုပြင် *ဝိပါကဝဋ်* မလွတ်နိုင်ပင်" ဟု စာဆိုရှိပါတယ်။ (၁) အကွက်မှာ အဝိဇ္ဇာ သင်္ခါရ ဆိုတာပါတယ်။

## ကိလေသာဝဋ် (၃) ပါး တင်ပြပါမယ်။

အဝိဇ္ဇာ ဆိုရင် သူနှင့် ယှဉ်ဖေါ်ယှဉ်ဖက် တဏှာ ဥပါဒါန် အတွဲလိုက်ပါစမြဲပါ။ *အဝိဇ္ဇာ* ကလဲ *ကိလေသာ* ဘဲ။ *တဏှာ* ကလဲ *ကိလေသာ* ဘဲ။ *ဥပါဒါန်* ကလဲ *ကိလေသာ* ပါဘဲ။

*တဏှာ* ဆိုရင်လဲ *အဝိဇ္ဇာ* ပါပြီးသားဘဲ။ *အဝိဇ္ဇာ* မပါသော *တဏှာ* ဆိုတာ မဖြစ်နိုင်ပါ။ *တဏှာ* ရင့်တော့ *ဥပါဒါန်* ဖြစ်တာပါဘဲ။

သူတို့ (၃) ခုသည် တစ်ပါတည်း၊ တစ်ပေါင်းတည်း ဖြစ်စမြဲပါ။ အဲဒါကြောင့် *သမုဒယသစ္စာ* ထိုက်တာပေါ့။ ကျွန်တော်တို့သည်၊ မလွဲမသွေ အတိတ်က ရောက်ရာဘဝမှာ၊ *သမုဒယသစ္စာ* တွေ လုပ်ခဲ့တယ်။ အဲဒီ *သမုဒယ* ကို အစိပ်ပွါးပြန်ရင်၊ *ကိလေသာ* တွေလုပ်ခဲ့တယ်။ အဲဒီ


http://www.dhammadownload.com



**ကိလေသာ** ဟာ ဘာလဲဆိုရင်၊ (အဝိဇ္ဇာ) (တဏှာ) (ဥပါဒါန်) ပါဘဲ။ ***အဝိဇ္ဇာ*** ဆိုတာ ***သစ္စာ***(၄)ပါး မသိတာ။ ***တဏှာ*** က လိုချင်ရချင်တာ။ ***ဥပါဒါန်*** က စွဲလမ်းတာပါဘဲ။

## ကမ္မဝဋ် (၂) ပါး

(သင်္ခါရ) နှင့် (ကမ္မ)(ဘဝ) (၂)ပါးဖြစ်ပါတယ်။ ***သင်္ခါရ*** ဆိုရင် ***ကမ္မ*** ပါပြီးသားပါ။ ***ကမ္မ*** ဆိုရင် ***သင်္ခါရ*** ပါပြီးသားပါ။




***ကမ္မဝဋ်*** (၂)ပါးက၊ ***သင်္ခါရ*** နှင့် ***ကမ္မ*** သည်၊ တခြားစီ မဟုတ်ပါ။ ***သင်္ခါရ*** သည်၊ ***သင်္ခါရ*** အလုပ်ကို လုပ်၍ ***ကမ္မ***

http://www.dhammadownload.com

ဦးခင်စိုး ပြုစုသော

ဘဝ သည် ကမ္မ အလုပ်ကိုလုပ်ပါသည်။

## သင်္ဂြိုဟ်ရသည်

| | | | |
|---|---|---|---|
| ကာယ | သင်္ခါရ | ကိုယ် | နှင့်ပြုပြင်ခြင်း |
| ဝစီ | သင်္ခါရ | နှုတ် | နှင့်ပြုပြင်ခြင်း |
| စိတ္တ | သင်္ခါရ | စိတ် | နှင့်ပြုပြင်ခြင်း |
| ပုညာဘိ | သင်္ခါရ | ကုသိုလ် | အလွန်လုပ်ခြင်း |
| အပုညာဘိ | သင်္ခါရ | အကုသိုလ် | အလွန်လုပ်ခြင်း |
| အာနဥ္စာဘိ | သင်္ခါရ | ဈာန်သမာဓိ | အလွန်လုပ်ခြင်း |

ဆန္ဒ ဆိုသော စကားသည် *စိတ်* ၌ ဖြစ်ပေါ်လာတာပါ။ ထို့ကြောင့် *စိတ္တသင်္ခါရ*–ပြောလျှင်နားလည်လွယ်အောင်လို့ ဆန္ဒ ဆိုသောစကားထည့်ပေးတာပါ။

## ကမ္မဘဝသည်

| | | | |
|---|---|---|---|
| ကာယ | ကံ | (၃)ပါး | စေတနာ သင်္ခါရ |
| ဝစီ | ကံ | (၄)ပါး | စေတနာ သင်္ခါရ |
| မနော | ကံ | (၃)ပါး | စေတနာ သင်္ခါရ |

http://www.dhammadownload.com



*ကံ* ဆိုတာ အားကျိုးမာန်တက်၊ လေးလေးနက်နက် ပြုလုပ်တာပါ။

## ကမ္ဘာခဝ နှင့် သင်္ခါရ တွဲဖြစ်ပုံ ထင်ရှားပါမယ်။


ဥပမာ – ရဟန်း သံဃာတော်အား သင်္ကန်းလှူချင်သော *စေတနာ – မနောကံ* ဖြစ်လာသည်ဆိုရင်၊ *သင်္ကန်း* ဝယ်ရန် *ဆန္ဒ စိတ္တ သင်္ခါရ* က ရှေ့ဆောင်ပြုပြင်ညွှတ်ပြီးမှ *သင်္ကန်း* ဆိုင်သို့ *ကာယကံသင်္ခါရ* နှင့် သွားရပါတယ်။ *သင်္ကန်း* ဆိုင်သို့ရောက်တော့ *ဝစီကံ* နှင့် *သင်္ကန်း* ဈေးမေး၍၊ *ကာယကံ* နှင့် *သင်္ကန်း* ကိုင်လို့၊ ကောင်းမကောင်းရွေးချယ်လို့၊ ပြောဆို လုပ်ကိုင်တာသည်၊ *ကာယကံ* နှင့် *ဝစီကံ* တွေပါဘဲ။ *သင်္ကန်း* ဝယ်တော့လဲ၊ ကောင်း – မကောင်းရွေးချယ်လိုသော *ဆန္ဒ စိတ္တ သင်္ခါရ* လေး ဦးဆောင်စိတ်ကအရင်ပေါ်လိုက်။ *ကာယကံ* နှင့် *သင်္ကန်း* တွေကိုရွေးချယ်လိုက်။ ရောင်းဝယ် စကားပြောရန် *ဆန္ဒ စိတ္တ သင်္ခါရ* က ရှေ့ဦးစွာကိုယ်ပြော လိုသောစကားများစီစဉ်ပေးလိုက်။ *ဝစီ သင်္ခါရ* နှင့် *ဝစီကံ* က ပြောပါတယ်။ လိုရင်းပြောရရင် *ဝစီကံ သင်္ခါရ* နှင့်

http://www.dhammadownload.com



ဦးခင်စိုး ပြုစုသော

ပြောတာပါဘဲ။




ယခုပြထားသော ပဋိစ္စသမုပ္ပါဒ် မှာ (၁)အကွက်၊ အတိတ်ဘဝကပြုခဲ့သော၊ သမုဒယသစ္စာ ကိလေသာဝဋ် နှင့် ကမ္မဝဋ်။ ယခု ပစ္စုပ္ပန်ဘဝ မှာ လုပ်နေသော (၃)အကွက် သမုဒယသစ္စာ ကိလေသာဝဋ် နှင့် ကမ္မဝဋ် ကို ပြမှ-

http://www.dhammadownload.com



ဖြစ်ပါတယ်။ ကျွန်တော်တို့ ဗုဒ္ဓဘာသာ တွေမှာ၊ ရှင်ပြု–ရဟန်းခံ– ကထိန်အလှူပြုလုပ်ကြပါတယ်။ ဘာကြောင့်လှူသလဲ? ဤဘဝမှစ၍ နောင်ဘဝမှာ ကောင်းစားချင်လို့ဟု ဖြေရမှာဘဲ။ ကောင်းစားချင်တာက တဏှာ ဥပါဒါန် *သစ္စာ* သိလှူတာမဟုတ်တာက အဝိဇ္ဇာ *ကိလေသာဝဋ်* က ရှေ့သွားဦးဆောင်ပြီးလှူလို့ ကိုယ်ထိလက်ရောက် *လှူဒါန်း* ပေးကမ်းစွန့်ကြတာက၊ *ကမ္မဝဋ်* ရမှာက *ဝိပါကဝဋ်(၈) ပါး* ကျေးဇူးတော်ရှင်–မိုးကုတ်ဆရာတော်ဘုရားကြီးက (၂၂–၁၁–၆၁) နေ့ဟောသော ကထိန်ရေစက်ချတရားတော်မှာ၊ *ဒါနသည်၊ လှူ၊ နတ်၊ နိဗ္ဗာန်* (၃) တန်သောအကျိုးကို ပေးစေပါတယ်ဟု ဟောထားပါတယ်။ *သစ္စာအနုလောမိကဉာဏ်* (တနည်း) *ဝိပဿနာဉာဏ်၊* ရှေ့သွားဦးစီးလှူမှသာ ***ဝိဝဋ္ဋနိဿိတကုသိုလ်*** ဖြစ်အောင်လို့ *သစ္စာ* သိပြီးလှူပါ။ *သစ္စာ* မသိဘဲလှူရင် ***ဝဋ္ဋကုသိုလ်*** ဖြစ်မှာစိုး၍ဟု ခဏခဏဟောပါတယ်။ မိုးကုတ်ယောဂီတွေအား၊ အလှူကိုတားတာမဟုတ်ပါဘူး။ ***သစ္စာ*** သိပြီးလှူတတ်အောင်လို့ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးက သင်တာပါ။ ကျွန်တော်တို့ မိုးကုတ်ရိပ်သာ၊ ကွမ်းသီးတန်းရပ်၊

http://www.dhammadownload.com



ရွှေဂူကြီးဘုရားအနောက်ဘက်၊ အမရပူရမြို့၊ ဦးစိုးရှင် တည်ထောင်သော ဓမ္မာရုံမှာ (၁၂)လကာလပတ်လုံး ဥပုဒ်နေ့ တိုင်း ယောဂီတွေလာကြ၍၊ ဆရာတော်တရားနာ၊ တရားထိုင် သော ယောဂီများရှိပါတယ်။ အဲဒီယောဂီတွေထဲမှာ စီးပွားရေး ပြည့်စုံသော ယောဂီရှိသလို၊ ကျွန်တော်မှစ၍၊ စီးပွားရေး အလတ်တန်းစား ဆင်းရဲသားများလည်းရှိပါတယ်။ အားလုံး သော ယောဂီများသည်၊ ကိုယ့်အိမ်ထောင်အတွက်၊ စီးပွားရေး လုပ်စားရသူများပါ။ အဲဒီယောဂီများသည်၊ ဆရာတော်ဘုရား တရားနာတဲ့အချိန်၊ *ဝိပဿနာတရား* အားထုတ်တဲ့အချိန်မှာ *မဂ္ဂင်(၈)ပါး* နှင့် နှလုံးသွင်းနေပါတယ်။ *ကိလေသာ* နှင့် အဖော်မလုပ်ပါဘူး။

စီးပွားရေးနဲ့ ရှာဖွေစားသောက်တဲ့အချိန်မှာတော့ *လူ့သီလ၊ လူ့သမာဓိ* နှင့်အညီ၊ တရားအားထုတ်ခါစ ယောဂီ တွေကလဲ နေ့စဉ် *ဝါရိတ္တသီလ* နှင့် မကျိုးမပေါက်အောင် စောင့်ထိမ်းတဲ့ *အနိယတသီလ* နှင့် ရှိကြသလို၊ တော်တော် လေး *ဝိပဿနာတရား* အားထုတ်အသားကျပြီးသော ယောဂီ များကတော့၊ *စာရိတ္တသီလ* နှင့် *နိယတ* မြဲသော *သီလ*

http://www.dhammadownload.com



*တဏှာ* နှင့်လည်း *သီလ* အကျိုးမခံ၊ *သံယောဇဉ်* နှင့်လည်း အကျိုးမခံတော့ပါဘူး။ စီးပွားရေးရှာဖွေစားသောက်တဲ့အချိန် မှာတော့၊ *လူ့သီလ၊ လူ့သမာဓိ* နှင့်အညီ၊ *ကိလေသာဝဋ်၊ ကမ္မဝဋ်* နှင့် ငွေရှာကြပါတယ်။

*ဝိပဿနာ* အားမထုတ်သောအချိန်မှာ *အနာဂါရိ ယောဂီ*သည်၊ *လူ့သီလ၊ လူ့သမာဓိ* လုံခြုံ၍၊ မပါယ်နိုင်သေး သော၊ *ကိလေသာဝဋ်၊ ကမ္မဝဋ်* နှင့်နေ၍၊ *ဝိသုဒ္ဓိ(၇)ပါး* အတိုင်း အစဉ်လိုက်ကျင့်ပုံ၊ ရှင်းပြပါမယ်။

*နိဗ္ဗာန်* ရောက်ကြောင်း တရားရှာမှီးရာမှာ၊ *အာဂါရိ ပုဂ္ဂိုလ်* နှင့် *အနာဂါရိပုဂ္ဂိုလ်* ဟူ၍ နှစ်မျိုးရှိပါတယ်။ အိမ်ထောင်သားမွေး၍၊ တရားရှာသော *အာဂါရိပုဂ္ဂိုလ်* နှင့် အိမ်ရာထောင်ခြင်းမဟုတ်သော *ရဟန်းသံဃာတော်* နှင့် *သီလရှင်* များကတော့ *အနာဂါရိပုဂ္ဂိုလ်* ဖြစ်ပါတယ်။ ကျွန်တော်တို့နှင့်ဆိုင်သော *အာဂါရိပုဂ္ဂိုလ်* ပုဂ္ဂိုလ်များမှာ၊ *ကိုယ်ကျင့်သီလ၊ သမာဓိ* သည်၊ အရေးကြီးသော အခြေခံ *သီလ* ပါ။

## ဝိသုဒ္ဓိ (၇) ပါးတရားတော်

(၂၀–၉–၆၁)နေ့ ဆရာတော်ဘုရားဟောသော၊ *နိဗ္ဗာန်*

http://www.dhammadownload.com



ရောက်ကြောင်းတရားရှာမှီးသော *ပုဂ္ဂိုလ်* များမှာ၊ *ဝိသုဒ္ဓိ(၇)ပါး* ဟူသော အစဉ်ရှိပါတယ်။ ဆရာတော် ဥပမာပြပုံက – *ပသေနဒီကောသလမင်းကြီး* သည်၊ *သာကေတ* ဟူသော မြို့ကိုသွားရန်၊ မြင်းရထား(၇)စင်းနှင့် သွားရတယ်။ မြင်းရထား တစ်စီးလျှင်၊ (၁)ယူဇနာသာပြေးနိုင်တော့၊ *(၁)သီလ ဝိသုဒ္ဓိ ရထား* သည်၊ (၁)ယူဇနာလမ်းမှာ လှည်းဝင်ရိုးမကျိုး၊ ဒေါက် မကျိုးမှသာ၊ (၂)စခန်းကို ရောက်မှာပါ။ *(၂)စိတ္တ ဝိသုဒ္ဓိ ရထား* ပေါ်စီးရပါတယ်။ ဤကဲ့သို့ လှည်းမကျိုးမှ (၃)စခန်း မှာ၊ *(၃)ဒိဋ္ဌိ ဝိသုဒ္ဓိရထား* မှ *(၄)ကင်္ခါဝိတရဏ ဝိသုဒ္ဓိရထား။ (၅)မဂ္ဂါ မဂ္ဂ ဉာဏ ဒဿန ဝိသုဒ္ဓိရထား* မှ *(၆)ပဋိပဒါ ဉာဏ ဒဿန ဝိသုဒ္ဓိရထား* မှ *(၇)ဉာဏ ဒဿန ဝိသုဒ္ဓိ ရထား* ဟူ၍ ဥပမာပြဟောထားပါတယ်။

**အပါယ်(၄)ပါး မှီသောတရားသည်**
**ကိလေသာဝဋ်၊ ကမ္မဝဋ် မဟုတ်ပါ**
**ဒိဋ္ဌိ နှင့် ဝိစိကိစ္ဆာသာဖြစ်ပါတယ်။**

ထို့ကြောင့် *ဝိသုဒ္ဓိ(၇)ပါး* မှ – *သီလ၊ သမာဓိ*

http://www.dhammadownload.com



ပညာ ထဲက၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ တစ်ပါတည်း၊ အကျွမ်းဝင်ပုံ တင်ပြပါမယ်။

## သီလ ဝိသုဒ္ဓိ

### သီလ ဝိသုဒ္ဓိဖြစ်အောင် ရှောင်ကျဉ်ရမည့်တရား

| | | |
|---|---|---|
| ကာယကံ (၃) ပါး | ပါဏာတိပါတ | သူ့အသက်သတ်ခြင်း |
| | အဒိန္နာဒါန | သူများပစ္စည်းခိုးခြင်း |
| | ကာမေသုမိစ္ဆာစာရ | လင်ရှိ၊ မယားရှိပြစ်မှားခြင်း |
| ဝစီကံ (၄) ပါး | မုသာဝါဒါ | လိမ်ပြောသောစကားဆိုခြင်း |
| | ပိသုဏာဝါစါ | ကုံးချောသောစကားဆိုခြင်း |
| | ဖရုသဝါစါ | ကြမ်းတမ်းသော စကားဆိုခြင်း |
| | သမ္ဖပ္ပလာပဝါစါ | သိမ်ဖျင်းသောစကားဆိုခြင်း |

## စိတ္တ ဝိသုဒ္ဓိ

### စိတ္တ ဝိသုဒ္ဓိဖြစ်အောင် ရှောင်ကျဉ်ရမည့်တရား

| | | |
|---|---|---|
| စိတ္တ ဝိသုဒ္ဓိ မနောကံ | အဘိဇ္ဈာ | မနာလိုခြင်း |
| | ဗျာပါဒ | ပျက်စီးစေလိုခြင်း |
| | မိစ္ဆာဒိဋ္ဌိ | မှားသောအယူ |

http://www.dhammadownload.com



## ဒိဋ္ဌိ ဝိသုဒ္ဓိ ဖြစ်အောင်
## အယူစင်ကြယ်အောင်

၁။ *သပ္ပုရိသ သံသေဝေါစ။*

၂။ *သဒ္ဓမ္မဿဝနံ။*

၃။ *ယောနိသော မနသိကာရောစ။*

၄။ *ဓမ္မာနု ဓမ္မပဋိပတ္တိယာ။*

၁။ သူတော်ကောင်းတွေ့အောင်ရှာပါ။

၂။ သူတော်ကောင်းဟောသော *သစ္စာတရား* နာမှသာ အယူစင်ကြယ်မှာပါ။

၃။ သူတော်ကောင်းဟောသော *သစ္စာတရား* နာမှသာ နှလုံးသွင်းကမှန်၍ အမြင်ကြည်လင်မှာပါ။

၄။ *သစ္စာတရား* နာ၍ နှလုံးသွင်းမှန်၍ အားထုတ်သော *ဝိပဿနာဉာဏ်* သည်၊ *ဗလဝ ဝိပဿနာ* ဖြစ်၍ *သမ္မာဒိဋ္ဌိဉာဏ်* ရမှ *ဒိဋ္ဌိဝိသုဒ္ဓိ* ဖြစ်ပါတယ်။ *သစ္စာ* တရားနာမှသာလျှင် *ဒိဋ္ဌိဝိသုဒ္ဓိ* ဖြစ်ပါတယ်။

http://www.dhammadownload.com



# ကင်္ခါဝိတရဏ ဝိသုဒ္ဓိ

ခန္ဓာ(၅)ပါး ရုပ်နာမ် တရားသာလျှင်ရှိ၍ ရုပ်အကြောင်းကလဲ *ကံ၊ စိတ်၊ ဥတု၊ အဟာရ*။ နာမ်အကြောင်းကတော့ *အာရုံဒွါရ* ပါဘဲ။ ကျေးဇူးတော်ရှင်ဆရာတော်ဘုရားက *"ဒွယံ ဘိက္ခဝေ ပဋိစ္စ ဝိညာဏံ"*၊ အကြောင်းနှစ်ခုကြောင့် *ဝိညာဏက္ခန္ဓာ* ဖြစ်သလို *ဝိညာဏက္ခန္ဓာ* ဆိုရင် ယှဉ်ဖော်ယှဉ်ဖက် *ရုပ်ဝေဒနာ သညာ သင်္ခါရ* နှင့် အတူတကွ ပါမြဲပါ။ *ပစ္စုပ္ပန် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ* ဆိုသော၊ ခန္ဓာ(၅)ပါးရဲ့အကြောင်းတရားက– *အဝိဇ္ဇာ သင်္ခါရ* ပါ၊ *ကင်္ခါ ဝိတရဏ ဝိသုဒ္ဓိ* သည်၊ *ရုပ်နာမ် ခန္ဓာ* ရဲ့အကြောင်းတရားကို သိမ်းဆည်းသိ၍ ယုံမှားခြင်း *ဝိစိကိစ္ဆာ* လွန်မြောက်သော *ပစ္စယာ ပရိဂ္ဂဟဉာဏ်* ၏ စင်ကြယ်ခြင်း။

(*ဝိစိကိစ္ဆာ* လွန်မြောက်ခြင်း။)

○○○○○○○

http://www.dhammadownload.com



# မဂ္ဂါ မဂ္ဂဉာဏ ဒဿန ဝိသုဒ္ဓိ
# ဖြစ်ပျက်မြင်သောဉာဏ်

၁။ ပုဗ္ဗဘာဂ မဂ်

၂။ ဝိပဿနာ မဂ်

၃။ ပဉ္စင်္ဂိက မဂ်

၄။ လောကီ မဂ်

၅။ ဥဒယဗ္ဗယ ဉာဏ်

၆။ ယထာဘူတ ဉာဏ်

၁။ ရှေ့ပြေးမဂ်။ *(ပုဗ္ဗဘာဂ)*

၂။ *ရုပ်နာမ် တရားတို့ကို၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟု ဉာဏ် ဖြင့်ရှုခြင်း။ (ဝိပဿနာ)*

၃။ *သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ မဂ္ဂင်(၃)ပါး။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ ပညာမဂ္ဂင်(၂)ပါး။ မဂ္ဂင်(၅)ပါး ရှုဉာဏ်တရား။ (ပဉ္စင်္ဂိက)*

၄။ *လောကုတ္တရာမဂ္ဂင်(၈)ပါး* မပြည့်သေး၍ ကျင့်စဲ ပုဂ္ဂိုလ် မို့၊ လောကီမဂ် ဟုခေါ်ပါတယ်။

http://www.dhammadownload.com



၅။ ရုပ်နာမ် တို့၏ ဖြစ်ပျက်မြင်သော ဉာဏ်။ (ဥဒယဗ္ဗယ)

၆။ ဟုတ်တိုင်းမှန်စွာသိသော ဉာဏ်။ (ယထာဘူတ)

(ဝိပဿနာဉာဏ်။)

## ပဋိပဒါ ဉာဏ ဒဿန ဝိသုဒ္ဓိ
## နိဗ္ဗိန္ဒဉာဏ်

| | | | |
|---|---|---|---|
| ၁။ | ဖြစ်ပျက်မြင်သော | ဥဒယဗ္ဗယ | ဉာဏ် |
| ၂။ | အပျက်တွေမြင်သော | ဘင်္ဂ | ဉာဏ် |
| ၃။ | ဘေးတွေမြင်သော | ဘယ | ဉာဏ် |
| ၄။ | အပြစ်တွေမြင်သော | အာဒီနဝ | ဉာဏ် |
| ၅။ | ငြီးငွေ့သော၊ မုန်းသော | နိဗ္ဗိန္ဒ | ဉာဏ် |

(မုန်းဉာဏ်ပါဘဲ။)

## ဉာဏ ဒဿန ဝိသုဒ္ဓိ
## မဂ်ဉာဏ်

တရားအားထုတ်၍ မသေခင်မြင်သော နိဗ္ဗာန်။ ခန္ဓာ.

http://www.dhammadownload.com



ဖြစ်ပျက်မမြင်ဘဲနဲ့ အေးငြိမ်းမှုသာ ဉာဏ် ရောက်သော၊ *သဥပါဒိသေသနိဗ္ဗာန်။*

(ဆုံးဉာဏ်)

**ဝိသုဒ္ဓိ (၇) ပါး၊ ရထား (၇) စင်း**

| | | | | |
|---|---|---|---|---|
| ၁။ | သီလ | ဝိသုဒ္ဓိ | သီလ | စင်ကြယ်မှု |
| ၂။ | စိတ္တ | ဝိသုဒ္ဓိ | စိတ် | စင်ကြယ်မှု |
| ၃။ | ဒိဋ္ဌိ | ဝိသုဒ္ဓိ | အယူ | စင်ကြယ်မှု |
| ၄။ | ကင်္ခါဝိတရဏ | ဝိသုဒ္ဓိ | ဝိစိကိစ္ဆာ | စင်ကြယ်မှု |
| ၅။ | မဂ္ဂါမဂ္ဂ ညာဏ ဒဿန | ဝိသုဒ္ဓိ | ဖြစ်ပျက် ဉာဏ် | စင်ကြယ်မှု |
| ၆။ | ပရိပဒါ ညာဏ ဒဿန | ဝိသုဒ္ဓိ | နိဗ္ဗိန္ဒ ဉာဏ် | စင်ကြယ်မှု |
| ၇။ | ညာဏ ဒဿန | ဝိသုဒ္ဓိ | မဂ် ဉာဏ် | စင်ကြယ်မှု |


http://www.dhammadownload.com



*ဝိသုဒ္ဓိ (၇) ပါး* စဉ်အတိုင်းကျင့်သုံး၍၊ ဖြစ်ပျက်မြင်သော ယောဂီသည်၊ *စူဠသောတာပန်* ပါဘဲ။

*သီလ* လုံ၍ *ဒိဋ္ဌိ ဝိစိကိစ္ဆာ* အသိနှင့်ပြုတ်၍၊ ဖြစ်ပျက်မြင်ရင် *စူဠသောတာပန်* ပါဘဲ။

*စူဠသောတာပန်* ၏ အကျိုးတရားကို ဤစာအုပ်၊ စာမျက်နှာ (၅၉) စာကြောင်းရေ (၅) တွင်ကြည့်ပါ။



တရားအားထုတ်၍ ဖြစ်ပျက်မြင်သောယောဂီသည်၊ *ကိလေသာ* မကုန်သေး၍ *ကမ္မ* အလုပ်တွေလုပ်ရပါတယ်။ ဥပမာ – တောင်မြို့မှာနေသော၊ ကျွန်တော်တို့ရိပ်သာက ဝါးကုန်သည် ဒေါ်မြစန်းဆိုရင်၊ စီးပွားရေးအလုပ်က ဝါးကုန်သည် *(ဘဝ)*၊ ဝါးရောင်းတယ်၊ ဝယ်တယ်၊ ရောင်း

http://www.dhammadownload.com



စကား၊ ဝယ်စကားပြောတဲ့၊ *ကမ္မ* အလုပ်က *ကာယကံ၊ ဝစီကံ၊ မနောကံ* တွေပါလား။ ဝါးကုန်သည် *(ဘဝ)* မှာ *(ကမ္မ)* အလုပ်တွေ လုပ်တော့ (ကမ္မ ဘဝ) ပေါ့။ ဘာ *သစ္စာ* လဲဆိုတော့ *သမုဒယသစ္စာ* ပါ။ *ပဋိစ္စသမုပ္ပါဒ်* ပုံနှင့်ပြထားပါတယ်။ *ပဋိစ္စသမုပ္ပါဒ်* မှာ၊ *သစ္စာ* လွန်၍၊ ဟောမရပါ။ ရေးမရပါ။ ဒေါ်မြစန်း၊ ဝါးကုန်သည်ဘဝမှာ ဘယ်သူခိုင်းသလဲ။ ကိလေသာဝဋ် က ခိုင်းတာပါ။

(အဝိဇ္ဇာ) (တဏှာ) (ဥပါဒါန်) *ကိလေသဝဋ်* (၃)ပါးခိုင်းတော့ *ကမ္မဝဋ်* (၂)ပါး၊ (သင်္ခါရ) နှင့် *ကမ္မ* အလုပ်က ဝါးကုန်သည် *ဘဝ* မှာ (ကမ္မ ဘဝ) အလုပ်တွေ လုပ်ရတာပေါ့။

## သင်္ခါရ နှင့် ကမ္မဘဝ ကွဲပုံ

*သင်္ခါရ* နှင့် *ကမ္မဘဝ* တွဲပုံကလေး ရှင်းပြပါအုံးမယ်။ ဝမ်းတွင်းက *စိတ္တသင်္ခါရ* ကလေးက ညွှတ်လိုက်၊ *ဝစီကံ* က ပြောလိုက်။ *စိတ္တသင်္ခါရ* ကလေးက ညွှတ်လိုက်၊ *ကာယကံ*

http://www.dhammadownload.com




နှင့် ပြုလုပ်လိုက်။ *ကိလေသာ* ခိုင်းလို့ အလုပ် – လုပ်ကြတဲ့ ***ဘဝ*** ထဲမှာ၊ *ကမ္မ* အလုပ်ပြုတိုင်း၊ *သင်္ခါရ* နှင့် (ကမ္မ)(ဘဝ) သည်၊ အတွဲလိုက်ပါပြီးသားပါ။ *ကာယကံ* နှင့်အတူ *ကာယ* ***သင်္ခါရ*** ပါသလို၊ *ဝစီကံ* မှာလဲ *ဝစီသင်္ခါရ* က ပါပြီးသာပါ။ ***စိတ္တသင်္ခါရ*** ကတော့ *ကာယကံ* ပြုတိုင်း၊ *ဝစီကံ* ပြုတိုင်း၊ ***စိတ္တသင်္ခါရ*** က ရှေ့ပြေးပြီးမှ၊ *ကာယကံ၊ ဝစီကံ* တွေ ဖြစ်ရတာပါ။ ဒေါ်မြစန်းမှာ၊ ကုန်သည်မလာတဲ့အချိန် ကြတော့လဲ၊ အိမ်ထောင်ဦးစီး(ဘဝ)ဆိုတော့၊ သားက ဘာဟင်း ကြိုက်တယ်။ သမီးက ဘာဟင်းကြိုက်တယ်။ စီမံခန့်ခွဲရတဲ့ *(ကမ္မ)* အလုပ်တွေကလဲ မနည်းပါလား။ (ကမ္မ)(ဘဝ)ပေါ့။ သား၊ သမီးခင်တွယ်တဲ့ *ကိလေသာ*(အဝိဇ္ဇာ)(တဏှာ) (ဥပါဒါန်) ကခိုင်းတော့ (သင်္ခါရ) နှင့် *(ကမ္မ)* အလုပ်တွေ က အိမ်ထောင်ဦးစီး *(ဘဝ)* မှာ *ပဋိစ္စသမုပ္ပါဒ်* ထဲကလို (ကမ္မ)(ဘဝ) ပေါ့။ ဥပုသ် နေ့မှာ ဒေါ်မြစန်း ရိပ်သာ လာတော့မှ *ဝဋ်ကျွတ်ကံဖြတ်* အလုပ် *ဝိပဿနာ* ပွားများ အားထုတ်ရတော့တယ်။ အိမ်မှာနေတော့ *ကိလေသာဝဋ်* က ခိုင်းလိုက်၊ *ကမ္မဝဋ်* က လုပ်လိုက်နဲ့ အားရတယ်ကိုမရှိဘူး။

http://www.dhammadownload.com



အဲဒါ ဆရာတော်ဘုရားကြီး ဟောကြားထားတဲ့ တရားတွေနာ၍၊ တရားအားထုတ်လို့ တော်သေးတာပေါ့။ သစ္စာတရားမတွေ့ဘဲနဲ့ လောကီအလုပ်တွေနဲ့ဘဲသေရင်၊ ဆရာတော်ဘုရားက (ကမ္မ)(ဘဝ) ပစ္စယာဒယ်အိုးလို့ ဟောပါတယ်။

## စိတ္တသင်္ခါရ ဖြစ်ပုံ




၁။ *မနောမှန်၊* အကြည်သည်၊ *သင်္ခါရ* လုပ်မရပါ။

၂။ *မနောဝိညာဏ်* စိတ်ကသာ *စိတ္တသင်္ခါရ* ဖြစ်ပါတယ်။

http://www.dhammadownload.com



၃။ *စိတ္တသင်္ခါရ* သည်၊ ဖြစ်ခါမျှမတ်တပ်ပါ ကောင်းစေလို၊ ဆိုးစေလိုသော ဆန္ဒ မပါသော *စိတ်* ဖြစ်ပါသည်။ *ပါဠိတော်မှာ "မနဉ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိမနော ဝိညာဏံ" မနောဝိညာဏ်* သာ *စိတ္တသင်္ခါရ* ဖြစ်ပါတယ်။

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးက (၁၂–၈–၅၈)နေ့ ဟောသော တရား Aside (အေ)ဆိုက် အလယ်မှာ– *စိတ္တသင်္ခါရ* သာရှိ၍၊ *မနောသင်္ခါရ* မရှိဘူး ဟု ဟောထားပါတယ်။


ကံ(၃)ပါး၊ ဤစာအုပ်တွင် ရေးပြီးသားဖြစ်ပါသည်။ *ကာယကံ၊ ဝစီကံ၊ မနောကံ*။ ကံ(၃)ပါး အကျယ် ရှင်းပြထားပုံကို ဤစာအုပ် စာမျက်နှာ(၈၈) မှာကြည့်ပါ။

အဖြူကံ၊ အမဲကံ၊ အဖြူအမဲရောတဲ့ကံတို့၏ ဆရာသည် အဝိဇ္ဇာ တဏှာ ဥပါဒါန် ဖြစ်၍ ကံဆိုးပါဘဲ ဟု ဆရာတော်ဘုရားကြီးကဟောထားပါသည်။

http://www.dhammadownload.com



## ဝိပါက ဝဋ္ဋ (၈) ပါး တင်ပြပါမယ်။




(၄) အကွက်မှာ ဇာတိ / ဥပပတ္တိဘဝ ဇရာမရဏ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ။ အကျိုးတရား (၈) ပါး ပါသလို၊ (၂) အကွက်မှာ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာ

http://www.dhammadownload.com



*ယတန၊ ဖဿ၊ ဝေဒနာ* ပါပြီးသားတွေ့ရ၍၊ $\frac{\text{ဇာတိ}}{\text{ဥပပတ္တိဘဝ}}$ *ဇရာမရဏ* မတွေ့ရ၍၊ မပါဘူးဟုတွေး၍ *ဝိစိကိစ္ဆာ* မဖြစ်ပါနဲ့ ဟု သတိပေးပါရစေ။ သဘောပေါက်အောင် ပုံတွေနှင့်ပြထားတာကိုကြည့်ပါ။ (၂)အကွက်မှ *ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ* ဆိုသော (၅)ပါးနှင့်အတူ၊ လူ *ဇာတိရုပ်* နှင့် ကောင်းကျိုးဆိုးပြစ် *ဇာတိ* နှင့်အတူ တွဲပါလာသော *ဥပပတ္တိဘဝ* တို့မှာ တွဲရက်မပါမဖြစ်သော *ဓမ္မတရား* တွေပါ။ အမိဝမ်းတွင်း မွေးသည်မှစ၍ သေသည်အတွင်း *ပဝတ္တိ* ကာလမှာ *ဇရာ* ဆိုသော အိုခြင်းတရားမပါ၍ မဖြစ်သလို၊ အိုရင်သေရမှာပါ။ ဒါကြောင့် ဤ(၂)အကွက်မှာ $\frac{\text{ဇာတိ}}{\text{ဥပပတ္တိဘဝ}}$ နှင့် *ဇရာမရဏ* ရေးမထားသော်လည်း၊ ယောဂီဉာဏ်က ပါပြီးသားဟု *ဉာဏ်* ရောက်စေလိုပါတယ်။

*(၁) ဝိညာဏ်၊ (၂) နာမ်ရုပ်၊ (၃) သဠာယတန၊ (၄) ဖဿ၊ (၅) ဝေဒနာ၊* $\frac{\text{(၆) ဇာတိ}}{\text{(၇) ဥပပတ္တိဘဝ}}$ *(၈) ဇရာမရဏ။*

ယခုပုံနှင့်ပြထားသော (၂)အကွက်နှင့် (၄)အကွက်သည်၊ *ဝိပါကဝဋ် (၈) ပါး* အကျိုးတရားဒုက္ခသစ္စာဖြစ်ပါသည်။

အမိဝမ်းတွင်းမှ ကျွတ်၍ မွေးလာသည်မှ ယခုလိုနေသော

http://www.dhammadownload.com



ဇရာ ထဲမှ၊ မရဏ အတွင်းမှာ။ ယ္ခုမသေခင်၊ *ဝိပါကဝဋ်(၈)ပါး*။ ယ္ခု *ဘဝ* မှ သေပြီးရင်လဲ ရောက်ရာ *ဘဝ* မှာ၊ (၄)အကွက် *ဒုက္ခသစ္စာ ဝိပါကဝဋ်(၈)ပါး* ပါဘဲ။ ယ္ခု *ပဋိစ္စသမုပ္ပါဒ်* ပုံနှင့်ပြထားသော (၂)အကွက်နှင့် (၄)အကွက်မှာ ဒုက္ခသစ္စာ ချင်းတူ၍၊ *ဝိပါကဝဋ်(၈)ပါး* ချင်းလဲ တူပါတယ်။ ယ္ခု *ပစ္စုပ္ပန်ကာလ* နှင့် နောက် သေပြီးမှရမည့် *အနာဂါတ်ကာလ* ဘဲ ကွာတာပါ။

ကျွန်တော်တို့သည်၊ အတိတ် *ဘဝက*၊ *အမောဟ* နှင့် သေခဲ့လို့၊ ဤဘဝမှာ၊ ဆရာတော်ဘုရားရဲ့ အဆုံးအမ၊ သာသနာနှင့်ကြုံ၍ ကြိုက်လဲကြိုက်ခဲ့တဲ့ဘဝမှာ၊ ***မိုးကုတ်သာသနာ့ကိစ္စ*** မှာ ကိုယ်စွမ်းဉာဏ်စွမ်း ရှိသလောက် ပြုလုပ်နေစဲပါဘဲ။

***ဝိဝဋ္ဋနိဿိတကုသိုလ်*** အကျိုး၏ *အာနိသင်* ပုံစံပြဇယားသည်၊ ဤစာအုပ်စာမျက်နှာ(၄၄) မှာကြည့်ပါ။

အတိတ်က *သာသနာ* အကျိုး သယ်ပိုးသော *ဘဝ* ထဲမှာ *တဏှာ* ဦးမစီးဘဲ *ဉာဏ်* ဦးစီးသော *အဖြူကမ္မ* အလုပ်တွေ လုပ်ခဲ့တာခြင်းတူပေမဲ့၊ *ကုသိုလ် စေတသိက်*

http://www.dhammadownload.com



အားခြင်းမတူတော့၊ ကျွန်တော်နှင့်ဦးမြင့်ဆွေသည် အကြောင်း တရားမတူလို့၊ ယ္ခုဘဝ အကျိုးတရားမတူပုံမှာ– ဦးမြင့်ဆွေ က အုတ်ဖိုမြို့မှာ မိုးကုတ်ဝိပဿနာရိပ်သာ၊ ယောဂီ(၂၀၀) ကျော် နေ့စဉ် ဆွမ်းအပြည့်အစုံလှူ၍၊ ယောဂီဝတ်စုံနှင့် ကျန်းမာရေးမှာ ဆရာဝန်နှင့် မြန်မာသမားတော် ဆေးဝါး ပြည့်အစုံ၊ ရိပ်သာထိန်းသိမ်းစောင့်ရှောက်ရေး ဝန်ထမ်းများ ရိတ်ငြိမ်း လခအပြည့်အစုံပေး၍ ထူထောင်ထားသော ရိပ်သာဖြစ်ပါတယ်။ ကျွန်တော်တို့ မန္တလေးက အမျိုးသမီး ယောဂီနှစ်ယောက် အုတ်ဖို မိုးကုတ်ရိပ်သာသို့ (၂)လ တရား အားထုတ်၍ ပြန်လာသောအခါ ယောဂီအမျိုးသမီး(၂)ဦးက ကျွန်တော့အားပြောပြသည်မှာ၊ အုတ်ဖို မိုးကုတ်ရိပ်သာ ၏ တစ်လ ကုန်ကျစရိတ်မှာ (၅–သိန်း) ရှိတယ်ဟုပြောပြပါသည်။ ...သတစ်ပတ်လျှင် တစ်နေ့၊ ဦးမြင့်ဆွေကိုယ်တိုင် တရားပို့ချ ဟောပေးသေးသည်။ ကြို့ပင်ကောက်မြို့၊ ရိပ်သာစခမ်းပွဲရှိရင် သွားဟောပေးရသေးသည်။ အုတ်ဖိုရိပ်သာအတွက် ဆန်စက် ...)လုံး၊ အုတ်ဖို–ရန်ကုန်သွား ခရီးသည်တင် မှန်ကား(၁)စီး ...မြင့်ဆွေပိုင် လုပ်ငန်းသုံးကားအစီး(၃၀)ရှိပြီး၊ ကိုယ်တိုင်

http://www.dhammadownload.com



ရေး တရားစာအုပ်(၂)အုပ်နှင့် အဖွဲ့ချုပ် *ဓမ္မကထိက* အဖွဲ့ဝင် ဖြစ်ပါတယ်။

ကျွန်တော်သည်၊ မန္တလေးမြို့၊ အောင်တော်မူရပ်၊ မိုးကုတ် ဝိပဿနာပြန့်ပွားရေးအမည်နှင့် ဆရာတော်ကြီး၏ တရား တိတ်ခွေသာ အသံကူး၍ဖြန့်ပါသည်။ *ဉာတပရိညာ* စာအုပ်၊ *ဝိသာခ* နှင့် *ဓမ္မဒိန္နာ* စာအုပ်၊ ယခုစာအုပ်ပါ (၃)အုပ်ထုတ်ခဲ့ ပါသည်။ အမရပူရမြို့၊ ကွမ်းသီးတန်းရပ်၊ မိုးကုတ်ရိပ်သာမှာ ဥပုသ်နေ့တိုင်း ယောဂီ(၇၀)အား အခြေခံတရားလေးများ နားလည်လွယ်ရန်၊ အထောက်အကူပြု ပို့ချရပါတယ်။ အမရပူရမြို့၊ ကွမ်းသီးတန်းရပ်၊ မိုးကုတ်ရိပ်သာသို့ (၃)လမှာ တစ်ခါလောက် အဟာရ ထမင်းလေးတော့ ကုသိုလ်ပြုနိုင်ခဲ့ ပါတယ်။

ကျွန်တော်လဲ ခန္ဓာရတော့ *ဝိပါကဝဋ်(၈)ပါး*။
ဦးမြင့်ဆွေလဲ *ဝိပါကဝဋ်(၈)ပါး* ပါဘဲ။

ကျွန်တော့မှာ *ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ* ရှိသလို– ဦးမြင့်ဆွေမှာလဲ *ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ*–ရှိတာပါပဲ။ လူဇာတိချင်းလဲ တူပါတယ်။ ကျွန်တော်လဲ *ဇရာက* ‌ေ ားနေသလို၊

http://www.dhammadownload.com



ဦးမြင့်ဆွေလဲ *အိုရာက သေရာသွားနေရပါတယ်။* မတူပုံက *ပဋ္ဌိစ္စသမုပ္ပါဒ်* မှာ တွေ့ရသော *ဇာတိ* နှင့်ထပ်ရက် *ဥပပတ္တိဘာဝ* ခြင်း မတူပါဘူး။ လူတွေမှာလဲ *ဝိပါကဝဋ်(၈)ပါး* ထဲက ကောင်းကျိုး ဆိုးပြစ် မတူသလို၊ နတ်ဗြဟ္မာ တွေမှာလဲ မတူကြပါဘူး။ ဥပမာ ဘုရားတရားကို နတ်ဗြဟ္မာများ လာ၍နာကြားသောအခါ၊ တန်ခိုးကြီးတဲ့ *နတ်ဗြဟ္မာ* များလာရင်၊ တန်ခိုးငယ်တဲ့ *နတ်ဗြဟ္မာ* တွေက နောက်ဆုတ် ပေးရတယ်တဲ့။ အဲဒါ ကျရောက်ရာ *ဇာတိ* ထဲမှာ အကျိုးပေးမတူပုံပါဘဲ။

## ဥပပတ္တိ နှင့် ဇါတိသက်၍ သိမှတ်ဖွယ်များမှာ။

ပါဠိအဘိဓါန်နိဿယ စာမျက်နှာ(၄၁၅)၊ ပုဒ်ရေ ၁၁၈၅ မှာ (ဥပ) ကပ်ခြင်း၊ လွန်ခြင်း၊ လက်ဦးပြုခြင်း ဟူ၍ရင်း။ *နိဿယ* စာမျက်နှာ(၃၅၉)၊ ဂါထာနံပါတ် (၁၀၁၂)မှာ *(ပတ္တိ)* ရောက်ခြင်း ဟူ၍ရင်း။ ကျွန်တော်ယူဆပုံမှာ – *ကုသိုလ်၊ အကုသိုလ်ကံ* ကြောင့် ကောင်းကျိုးဆိုးပြစ်များ၊ *ဇာတိ* နှင့် အတူကပ်ရောက်ဖြစ်ခြင်းဟု *အဓိပ္ပါယ်* ရပါသည်။

ညောင်လေးပင် ဆရာတော်ကြီးပြုစုသော *ပဋိစ္စသမုပ္ပါဒ်*

http://www.dhammadownload.com



အရသာစာအုပ်၊ စာမျက်နှာ(၂၈၀)၊ စာကြောင်းရေ(၂၃)(၂၄) မှာ၊ *ဥပပတ္တိဘဝ* သည်၊ ထိုအကြောင်းကံကြောင့် နောက်ဘဝ၌ အကျိုး *ပဋိသန္ဓေ နာမ်ရုပ်* ဖြစ်၍ ဖြစ်၏။ ဤသို့ဖြစ်စေသော ကံနှင့်၊ ဖြစ်သောအကျိုးဟု ရေးထားပါသည်။ ဦးမြင့်ဆွေ၏ မိုးကုတ်ယောဂီလက်စွဲ အမှတ်(၁)၊ စာမျက်နှာ(၁၆)၊ စာကြောင်းရေ(၂)မှ(၅)မှာ၊ *ဥပပတ္တိဘဝ* ဟူသည်၊ အကြောင်း *ကံ* ကြောင့် ဖြစ်ရသော၊ *လောကီဝိပါက်စိတ်* နှင့် *ကမ္မဇရုပ်* များဖြစ်ပါတယ်။

ယခုဘဝ၌ *ကုသိုလ်၊ အကုသိုလ်ကံ* ကြောင့် နောက်ဘဝ၌၊ ဖြစ်ရသောအကျိုး *ဝိပါက်* များဖြစ်ပါတယ်။ ဟူ၍ရင်း။

အမရပူရမြို့၊ ပတ္တမြားရိပ်သာ၊ မိုးကုတ် ကမ္မဋ္ဌာနစရိယ ဆရာတော် အရှင်ဦးသောဘိတ။ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်း သင်တန်းမှတ်စုစာအုပ်၊ စာမျက်နှာ(၃၇)၊ စာကြောင်းရေ(၁၆)မှာ–

မေး – *ဥပပတ္တိဘဝ* ဆိုတာ ဘာကိုခေါ်ပါသလဲ?

ဖြေ – ဖြုန်းကနဲ၊ ဘွားကနဲ ကိုယ်ထင်ရှားဖြစ်တာ ခေါ်ပါတယ် ဟူ၍ရင်း။

http://www.dhammadownload.com



*ဥပပတ္တိဘဝ* နှင့်ပါတ်သက်၍ ကျွန်တော်လေ့လာစုဆောင်းမိသ၍သော်၎င်း၊ ဓမ္မကထိကများ၏ ဟောပြောပို့ချမှုများကို၎င်း၊ အားလုံးကို ခြုံငုံ၍ *သဘာဝယုတ္တိ၊ သာဓကယုတ္တိ* နှင့် နှိုင်းယှဉ်၍ လေ့လာသုံးသပ်စေလိုပါတယ်။

*သဘာဝယုတ္တိ* ဆိုရာမှာ၊ *နိယာမတရား* ထဲက ဓမ္မနိယာမ ဆိုသောတရားကို လွန်ဆန်၍မရပါ။ မဖေါက်မပြန်မှန်ကန်သောသဘော၊ *သဘာဝယုတ္တိ* ပါ။ ဆိုလိုသော တရားပေါ်၌၊ အကြောင်းအချက်ခိုင်လုံသောအကြောင်းပြချက်၊ *သာဓက* ရှိမှသာ၊ သင့်လျှော်ခြင်းဟု ယူဆရပါမယ်။ နိဗ္ဗာန်ရောက်ကြောင်းတရားသည်၊ *ဉာဏ်* လမ်းဖြစ်၍၊ ကျွန်တော်တင်ပြမှုအပေါ်မှာ ကြိုက်ရာကိုရွေး၍ ယူဆနိုင်ပါသည်ခင်ဗျား။

## ပဋ္ဌာန်း ပစ္စယနိဒ္ဒေသ နိဿယ နှင့် တင်ပြပါမယ်။

*"ပူရိမာ၊ ပူရိမာ ကုသလာဓမ္မာ၊ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ၊ ဥပနိဿယ ပစ္စယေန ပစ္စယော"*

ရှေးဘဝက *ကုသိုလ် ဓမ္မတရား* နှင့် ယှဉ် ပစ္စုပ္ပန်

http://www.dhammadownload.com



*ကုသိုလ် ဓမ္မတရား* နှစ်ခုပေါင်းမိတော့၊ *ဥပနိဿယ ပစ္စယော* အားကြီးသော အကျိုးပေးပုံကို *ပဋ္ဌာန်းဒေသနာ* က သက်သေခံ၍၊ ဦးမြင့်ဆွေ၏ *သာသနာ* ပြုလုပ်ငန်းမှာ ငွေကြေးပြည့်စုံစွာဖြင့် လုပ်နိုင်ပုံတို့သည်၊ *အတိတ်ဘဝ* ၏ အကြောင်းတရားနှင့် ယခုဘဝ၏ အကျိုးတရားတို့သည်၊ *သာဓကေယုတ္တိ* ပါဘဲ။


(ကမ္မ)(ဘဝ) နှင့် $\frac{\text{ဇာတိ}}{\text{ဥပပတ္တိဘဝ}}$ ကို ပေါ်လွင်အောင်လို့သာ ရေးရတာပါ။ ကျွန်တော်တို့ ဆရာတော်ရဲ့တရားက ကံလမ်းမဟုတ်သော *ဉာဏ်* လမ်း သက်သက်ပါ။ ကံနှင့် အကျိုးပေးကို သိပ်ပြီးပေါ်လွင်အောင်ရေးရင်သော်၎င်း၊ ဟောရင်သော်၎င်း၊ ကံကိုအားကိုးစရာမှတ်၍၊ *ကမ္မဝါဒီ သဿတဒိဋ္ဌိ* ဖြစ်မှာစိုးရပါတယ်။ အားကိုးရမှာက *ဉာဏ်* လမ်းပါ။ *အတ္တ၊ အတ္တနိယ* ပြုတ်သော *သုညတ* လမ်းပါ။ *သုညတ* လမ်းကသာ *နိဗ္ဗာန်* ဆိုက်မှာပါ။ ကံလမ်းကတော့ *ခန္ဓာ ဒုက္ခ* စက်မပြတ်သော *သံသရာ* ရှည်တဲ့လမ်းပေါ့။ ကံပေါ်မှာ *ဉာဏ်* ဆောင်းမှသာ၊ ***ဝိဝဋ္ဋနိဿိတကုသိုလ်*** သာလျှင် ဆရာတော် အကြိုက်ပါခင်ဗျား။

http://www.dhammadownload.com



ကာလ (၃) ဖြာ တင်ပြပါမယ်။

ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းမှာကြည့်ပါ။ (၁)အကွက်၊ လွန်လေပြီးသော *အတိတ်ကာလ*။ (၂)အကွက် နှင့် (၃) အကွက်၊ ယခုဖြစ်ဆဲ *ပစ္စုပ္ပန်ကာလ*။ (၄)အကွက်၊ နောင်ဖြစ်လတ္တံ့ *အနာဂတ်ကာလ*။ တို့ဖြစ်ပါတယ်။




http://www.dhammadownload.com



## ခြင်းရာ (၂၀) တင်ပြပါမယ်။

စက်ဝိုင်းမှာပါသော (၁)အကွက်၊ *အတိတ်* အကြောင်းအခြင်းအရာ(၅)ပါး။ (၂)အကွက်၊ *ပစ္စုပ္ပန်* အကျိုးအခြင်းအရာ(၅)ပါး။ (၃)အကွက်၊ *ပစ္စုပ္ပန်* အကြောင်းအခြင်းအရာ(၅)ပါး။ (၄)အကွက်၊ *အနာဂတ်* အကျိုးအခြင်းအရာ(၅)ပါး ဟု ပါ – ပါတယ်။

### အတိတ် အကြောင်းအခြင်းအရာ (၅) ပါးမှာ




(၁)အကွက်၊ အတိတ်ဘဝက *အဝိဇ္ဇာ* ခေါင်းဆောင်သောကြောင့် ဦးစွာ *အဝိဇ္ဇာ* ဟုရေးရပါတယ်။ သစ္စာ မသိသော *(အဝိဇ္ဇာ)* ကို အကျယ်သိလိုသော်၊ ဤစာအုပ် စာမျက်နှာ

http://www.dhammadownload.com



(၅)၊ စာကြောင်းရေ(၃)မှ၊ စာမျက်နှာ(၇)၊ စာကြောင်းရေ (၁၁)မှာကြည့်ပါ။

ပြုပြင်သော *(သင်္ခါရ)* ကို အကျယ်သိလိုသော်၊ ဤ စာအုပ်၊ စာမျက်နှာ(၆)၊ စာကြောင်းရေ(၄)မှ၊ စာမျက်နှာ(၇)၊ စာကြောင်းရေ(၁၁)အထိကြည့်ပါ။

လိုချင်ရချင်သော *(တဏှာ)* ကို အကျယ်သိလိုသော်၊ စာမျက်နှာ(၁၆)၊ စာကြောင်းရေ(၉)မှ၊ စာမျက်နှာ(၁၈)၊ စာကြောင်းရေ(၂)ထိ ကြည့်ပါ။

စွဲလမ်းသော *(ဥပါဒါန်)* ကို အကျယ်သိလိုသော်၊ ဤစာအုပ် စာမျက်နှာ(၂၉)၊ စာကြောင်းရေ(၁)မှ၊ စာမျက်နှာ (၃၀)၊ စာကြောင်းရေ(၅)ထိ ကြည့်ပါ။

အတိတ်ကပြုခဲ့သော *(ဘဝ)* မှာ *ကမ္မ* အလုပ်တွေကို ဤစာအုပ် စာမျက်နှာ(၃၆)၊ စာကြောင်းရေ(၉)မှ၊ စာမျက်နှာ (၃၇)၊ စာကြောင်းရေ(၁၁)ထိကြည့်ပါ။

*(အဝိဇ္ဇာ)၊ (သင်္ခါရ)၊ (တဏှာ)၊ (ဥပါဒါန်)၊ (ဘဝ)။*

ဤအတိတ်အကြောင်းခြင်းရာ(၅)ပါးကို အဓိပ္ပါယ်ဖွင့်ရလျှင်– *သစ္စာ* မသိမှု *အဝိဇ္ဇာ* ကြောင့်၊ *ကုသိုလ်၊ အကုသိုလ်*


http://www.dhammadownload.com



ပြုခဲ့သော *သင်္ခါရ* တရားတို့သည်၊ လိုချင်သော *တဏှာ*၊ စွဲလမ်းသော *ဥပါဒါန်* တို့နှင့်အတူ အကြောင်းတရား *၅၀* ထဲမှာ ပြုခဲ့သော အကြောင်းအခြင်းအရာ(၅)ပါးဖြစ်ပါသည်။

## ပစ္စုပ္ပန်အကျိုးအခြင်းအရာ (၅) ပါးမှာ

(၂)အကွက်၊ ကျွန်တော်တို့ မသေခင် ရနေသော အကျိုးတရား(၅)ပါးမှာ –



၂

၁။ *ပဋိသန္ဓေဝိညာဏ်*

၂။ သိတတ်သော နာမ် နှင့် ကိုင်၍ရသော ရုပ်

၃။ အကြည်(၆)ပေါက်၊ (မျက်စိ)အကြည်၊ (နား)အကြည်၊ (နှာ) အကြည်၊(လျှာ) အကြည်၊ (ကိုယ်) အကြည်၊

http://www.dhammadownload.com




(မနော)အကြည် တို့သည်၊ သဠာယတန

၄။ အပြင် ဗဟိဒ္ဓ အာရုံ၊ (အဆင်း)အာရုံ၊ (အနံ့)အာရုံ၊ (ရသ)အာရုံ၊ (အသံ)အာရုံ၊ (တွေ့ထိစရာ)အာရုံ၊ (ကြံတွေးစရာ) ဓမ္မာရုံ နှင့် တွေ့ထိမှုကို ဖဿ ဟုခေါ်ပါသည်။

၅။ ခံစားမှုသည် ဝေဒနာ ပါဘဲ။

အထက်ပါ အကျိုးတရား(၅)ပါး၊ အကျယ်သိလိုသော ကျမ်းစာအုပ် စာမျက်နှာ(၇)၊ စာကြောင်းရေ(၁၅)မှ၊ စာမျက်နှာ (၁၆)၊ စာကြောင်းရေ(၇)ထိ ကြည့်ပါ။

## ပစ္စုပ္ပန်အကြောင်းအခြင်းအရာ (၅) ပါးမှာ



http://www.dhammadownload.com



(၃) အကွက်၊ *ပစ္စုပ္ပန်* အကြောင်းအခြင်းအရာ (၅) ပါးမှာ *ပစ္စုပ္ပန်* မှာ လိုချင်သော *တဏှာ* ဦးစီးခေါင်းဆောင်ဖြစ်၍၊ စွဲလမ်းမှု *ဥပါဒါန်* တရားတို့သည်၊ အကြောင်းတရား *သမုဒယ သစ္စာ။* စား၊ ဝတ်၊ နေ၊ ရေး *ဘဝ* မှာ *သစ္စာ* မသိမှု၊ *သစ္စာနှလုံး* မသွင်းနိုင်သော *အဝိဇ္ဇာ* အကြောင်းခံတော့ ငွေရှာတဲ့ ကံ *သင်္ခါရ* တွေ လုပ်ကြရပါတယ်။

*သဘာဝယုတ္တိ* ပြပြီး၍၊ *သာကေယုတ္တိ* နှင့် ဝင်ပြရလျှင် – ကျွန်တော်တို့ ရိပ်သာမှာ၊ ဥပုသ်နေ့တိုင်း၊ တရားအားထုတ်သော ယောဂီ ဦးမြသောင်း၊ ဒေါ်စိန်စိန် တို့၏ စီးပွားရေးအလုပ်သည်၊ ဂုန်နီအိတ်ကုန်သည်ဘဝနှင့် အိပ်ရာမှ နိုးစိတ်နှင့် အိပ်စိတ်အတွင်းမှာ၊ ငွေလိုချင်သော *(တဏှာ)*၊ ငွေရလိုမှု စွဲလမ်းသော *(ဥပါဒါန်)* နှင့် ဂုန်နီအိတ် ကုန်သည် *(ဘဝ)* မှာ ဒီလိုငွေရှာရတာ *ဒုက္ခသစ္စာ* ဟု မသိသော *(အဝိဇ္ဇာ)* ကြောင့်၊ ကိုယ်တိုင်ရောင်းဝယ်ရသော *ကာယ (သင်္ခါရ)*၊ ရောင်းစကား၊ ဝယ်စကားပြောရသော *ဝစီ (သင်္ခါရ)* တွေနဲ့ အားရတယ်ကိုမရှိပါဘူး။ ဦးမြသောင်း ဇနီး ဒေါ်စိန်စိန် ကလဲ၊ နံနက် နိုးစိတ် မှ အိပ်စိတ်အတွင်းမှာ၊ မိသားစု (၁၅) ယောက်၏

http://www.dhammadownload.com



သားကြိုက်တဲ့ဟင်း၊ သမီးကြိုက်တဲ့ဟင်း၊ မြေးကြိုက်တာတွေ ကျေနပ်မှုရှိအောင် စီမံရတယ်။ သား၊ သမီး၊ မြေး ခင်တွယ်ရတဲ့ *(တဏှာ)* နှင့်၊ စွဲလမ်းမှု *(ဥပါဒါန်)* အိမ်ထောင်ထိန်းသိမ်းရမှု *သမုဒယသစ္စာ(ဘဝ)* ထဲမှာ *ဒုက္ခသစ္စာ* ဟု နှလုံးမသွင်းနိုင်တာက *(အဝိဇ္ဇာ)*၊ အိမ်တွင်းမှု ညှိုဝတ်စောင်ဝတ်နှင့်၊ ရပ်ရေးရွာရေးပါမကျန်အောင် ဆောင်ရွက်ရတဲ့ *(သင်္ခါရ)* တွေနဲ့ လုံးလည်ခတ်နေတဲ့၊ *သမုဒယသစ္စာ* အိမ်ထောင်သည် (ဘဝ) ထဲမှာ၊ ဆရာတော်ဘုရား၏ *ပဋိစ္စသမုပ္ပါဒ်* မှာပါသော (၃)အကွက်၊ *ပစ္စုပ္ပန်* အကြောင်းအခြင်းအရာ(၅)ပါးမှာ – *တဏှာ၊ ဥပါဒါန်၊ ဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ* နှင့် တစ်ထပ်တည်း ကျမနေဘူးလား။

ဦးမြသောင်း၊ ဒေါ်စိန်စိန် တို့သာလျှင်၊ *ပစ္စုပ္ပန်* အကြောင်းအခြင်းအရာ(၅)ပါး မဟုတ်ပါဘူး။ ယခု စာရေးသူ နှင့် ယခု တရားစာဖတ်နေသော ယောဂီတို့လဲ တရားနှလုံးမသွင်းမိသော အချိန်မှာ၊ ဦးမြသောင်း၊ ဒေါ်စိန်စိန် တို့လို အတူတူပါဘဲ။ ဒါပေမဲ့၊ ဆရာတော်တရားနှင့် တွေ့ထားတော့၊ *ရုပ်၊ နာမ်၊ ခန္ဓာ* ဆိုတဲ့ *သုညတ* တရား၊ *အတ္တ၊ အတ္တနိယ*

http://www.dhammadownload.com



*တရား*။ ငါမဟုတ်၊ ငါ့ဟာမဟုတ်ဆိုသော အသိကတော့ မြဲတယ်။ *ရုပ်နာမ်* ရဲ့ *အနိစ္စ* ကိုတော့ အမြဲမသိဘူး။ နှလုံးသွင်းတဲ့ အခါတော့ *အနိစ္စ* ဟု သိတာပေါ့။

ကျွန်တော်တို့နှင့် ဦးမြသောင်း၊ ဒေါ်စိန်စိန် တို့သည်။ *အတိတ်ဘဝ* အကြောင်းကံကြောင့်၊ ကျေးဇူးတော်ရှင်၊ မိုးကုတ်ဆရာတော်ဘုရားကြီး၏ *သစ္စာတရား* နှင့်တွေ့လို့သာ၊ ဥပုသ်နေ့တိုင်း ရိပ်သာမှာ တရားနာတဲ့အချိန်၊ တရားအားထုတ်တဲ့အချိန်နဲ့၊ ကိုယ့်ခန္ဓာ၊ ကိုယ် ကယ်တင်နိုင်ခဲ့သေးတာ။ *သစ္စာတရား* နဲ့သာ မတွေ့ခဲ့ရင်၊ မသိမှု *အဝိဇ္ဇာ* ကြီးစိုးသလောက်၊ *တဏှာ* ကခိုင်းသော၊ *တဏှာ့ကျွန်* ဘဝနှင့်သေရင်၊ စဉ်းစားကြည့်ပေါ့။ အဲဒါကြောင့် ဦးမြသောင်းနှင့် ကျွန်တော်တို့သည်၊ ငွေလိုချင်သော *တဏှာ*၊ ငွေရရှိရေး စွဲလမ်းမှု *ဥပါဒါန်* အသက်မွေးကြောင်းဘဝထဲမှာ၊ *သစ္စာ* မသိ၍၊ နှလုံးမသွင်းမိသော *အဝိဇ္ဇာ* ကြောင့်၊ ငွေရှာသော *သင်္ခါရ* တွေလုပ်ကြရပါတယ်။


http://www.dhammadownload.com



## အနာဂတ်အကျိုးအခြင်းအရာ (၅) ပါးမှာ

*အနာဂတ်* အကျိုးအခြင်းအရာ(၅)ပါးမှာ – ဤစာအုပ် စာမျက်နှာ(၈)၊ စာကြောင်းရေ(၁)မှ၊ စာမျက်နှာ (၁၆)၊ စာကြောင်းရေ(၇)ထိ ကြည့်ပါ။ ဒုက္ခသစ္စာ ချင်းလဲတူပါတယ်။ မတူတာက၊ ယ္ခုလက်ရှိ ရနေတဲ့ ဘဝနဲ့ *အနာဂတ်* ရမည့် *ဘဝ* ဘဲ ခြားနားတာပါ။

၄




ခြင်းရာ(၂၀)၊ ဤ(၈)သွယ်ကို အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှလွတ်ကြောင်းတည်း။

*ပဋိစ္စသမုပ္ပါဒ်* စက်ဝိုင်းဒေသနာ ဤတွင်ပြီးဆုံးပါပြီ။

❀ ❀ ❀ ❀ ❀ ❀ ❀

http://www.dhammadownload.com



## ခန္ဓာ ပဋိစ္စသမုပ္ပါဒ် ကို တင်ပြပါမယ်။

ကျွန်တော်တို့၊ ယခု ပိသာချိန် (၃၀ – ၄၀) ရှိသော၊ *ရုပ်ခန္ဓာ* ကိုယ်သည်။ *ကံ၊ စိတ်၊ ဥတု၊ အာဟာရ* တည်းဟူသော၊ အကြောင်းတရား (၄) ပါးကြောင့် ရပ်တည်နေရပါတယ်။ (၄) ချောင်းထောက်ဟု ဥပမာပေးရပါမယ်။

ဤ *ခန္ဓာ* ကိုယ်မှာ အကြည် (၆) ခုနှင့် အာရုံ (၆) ပါး၊ ပေါင်းဆုံသောကြောင့်၊ *ဝိညာဏ် (၆) ပါး၊* ဖြစ်ပါတယ်။ ဤစာအုပ် စာမျက်နှာ (၁၁) မှာ ပုံစံနှင့်တွေ့ရပါလိမ့်မယ်။

### ပါဠိတော်မှာ

*စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော ဖဿ ပစ္စယာ ဝေဒနာ ဝေဒနာ ပစ္စယာ တဏှာ တဏှာ ပစ္စယာ ဥပါဒါနံ ဥပဒါန ပစ္စယာ ကမ္မဘဝေါ*

### မြန်မာပြန်

မျက်စိအကြည်နှင့်အဆင်း ပေါင်းဆုံမိ၍၊ မြင်စိတ်ဖြစ်ရပါတယ်။ မျက်စိ၊ အဆင်း၊ မြင်စိတ် (၃) မျိုးပေါင်းဆုံ

http://www.dhammadownload.com




မိ၍၊ *မနော* မှာ *ဝေဒနာ* ပေါ်ပါတယ်။ *ဝေဒနာ* ကြောင့် *မနော* မှာပင် *တဏှာ* ဖြစ်ပါတယ်။ *တဏှာ* ကြောင့် စွဲလမ်းမှု *ဥပါဒါန်* *မနော* မှာပင် ပေါ်ပါတယ်။ *ဥပါဒါန်* ကြောင့် *ကာယကံ*၊ *ဝစီကံ*၊ *မနောကံ*၊ ဤ(၃)မျိုးတို့သည် ကံတွေ ဖြစ်ပါတယ်။


http://www.dhammadownload.com




(၁) ခန္ဓာငါးပါး သက္ကာယ တရား




(၂)







မှတ်ချက်။ ။ယခုမြင်စိတ်ပေါ်ပုံ ရုပ်ခန္ဓာနှင့်နာမ်ခန္ဓာ(၄)ပါးကိုသရုပ်ပြပုံနှင့်ခွဲခြား၍ ပြထားပါသည်။ မူလအခြေခံမသိသေးသော ယောဂီအားနားလည်စေချင်သော ဆန္ဒနှင့် ကွဲပြားအောင်ပြထားခြင်းဖြစ်ပါသည်။ အမှန်မှာ ရုပ်ခန္ဓာနှင့် နာမ်ခန္ဓာ (၄)ပါးသည် အတူတကွဖြစ်၍ အတူတကွ ပျက်ပါသည်။

http://www.dhammadownload.com





http://www.dhammadownload.com



မှတ်ချက်။ ။ ယခုမြင်စိတ်ပေါ်ပုံ၊ ရုပ်ခန္ဓာနှင့် နာမ်ခန္ဓာ (၄)ပါးကို သရုပ်ပြပုံနှင့် ခွဲခြား၍ ပြထားပါသည်။ မူလ အခြေခံမသိသေးသော ယောဂီအား နားလည်စေချင်သော ဆန္ဒနှင့် ကွဲပြားအောင် ပြထားခြင်းဖြစ်ပါသည်။ အမှန်မှာ ရုပ်ခန္ဓာနှင့် နာမ်ခန္ဓာ(၄)ပါးသည် အတူတကွ ဖြစ်၍ အတူတကွ ပျက်ပါသည်။

## မြင်စိတ် ခန္ဓာ (၅) ပါး ပေါ်ပုံမှာ

| ကမ္မဇရုပ် ဥတုဇရုပ် | | |
|---|---|---|
| မျက်စိနှင့် အဆင်းတိုက်စဲမှာ | ၁။ ရူပက္ခန္ဓာ | → ရုပ် |
| မြင်စဲခဏအတွင်းမှာ ခံစားတာက | ၂။ ဝေဒနာက္ခန္ဓာ | စေတသိက် |
| မြင်ခဏအတွင်းမှာ မှတ်တာက | ၃။ သညာက္ခန္ဓာ | |
| မြင်အောင် ပြုပြင်တာက | ၄။ သင်္ခါရက္ခန္ဓာ | |
| မြင်စိတ်က | ၅။ ဝိညာဏက္ခန္ဓာ | → စိတ် |

http://www.dhammadownload.com



ဤ *စိတ် – စေတသိတ် – ရုပ်* ဆိုသော တရားတို့သည်၊ *သင်္ခတပရမတ်* တရားပါ။ ပြုပြင်၍ ပေါ်လာသော တရားဖြစ်၍၊ *အနိစ္စ* မှာ လမ်းဆုံးရပါတယ်။ သူ့ကို *သင်္ခတပရမတ်တရား* (၃)ပါးဟုခေါ်ပါတယ်။ *ပရမတ္ထတရား* (၄)ပါးပုံနှင့်ပြထားပါတယ်။ စာမျက်နှာ(၁၁၉) မှာကြည့်ပါ။

## စက္ခုဝိညာဏ်

မြင်စိတ်ပေါ်ချိန်မှာ ကောင်းဆိုးခံစားလို့မရပါ။ ဥပေက္ခာဝေဒနာ သဘောသာရှိပါသည်။ အဘယ့်ကြောင့်ဆိုသော်၊ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ် တို့သည် ဥပေက္ခာဝေဒနာ သာ ဖြစ်ခွင့်ရှိပါတယ်။ ကောင်း–ဆိုး ခံစားမှု အသိကမနောဝိညာဏ် ရဲ့အလုပ်ပါ။ စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ် တို့သည်၊ ကောင်းဆိုးသိသော ဝိညာဏ် မဟုတ်ပါ။ ကောင်းဆိုးဝေဖန်၍ အသိသည်၊ မနောဝိညာဏ် သာဖြစ်ပါသည်။ စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ် တို့ပေါ်ချိန်မှာ၊ မနောဝိညာဏ် ပေါ်ခွင့်မရပါ။ ဝိညာဏ်(၂)ခု၊ တစ်ပြိုင်တည်းပေါ်ရိုး ထုံးစံ

http://www.dhammadownload.com



မရှိသလို၊ ပေါ်လို့လဲမရပါဘူး။ အဲဒါကြောင့် ဖော်ပြပါ ဝိညာဏ် (၄)မျိုးသည်၊ ပေါ်စဲခဏမှာ ဥပေက္ခာဝေဒနာ သာ ဖြစ်ပါတယ်။ အဲဒီ ဝေဒနာ ပေါ်ပုံ၊ ဤစာအုပ် စာမျက်နှာ (၁၃)၊ လူပုံနှင့် စာမျက်နှာ(၁၄) စာပုံဇယားတွင်ကြည့်ပါ။

*စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ။*

*စက္ခုဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော။*

*ဖဿ ပစ္စယာ ဝေဒနာ။*

*ဝေဒနာ ပစ္စယာ တဏှာ။*


*တဏှာ ပစ္စယာ ဥပါဒါနံ။*

*ဥပါဒါန ပစ္စယာ ကမ္မဘဝေါ။*

မျက်စိ–အဆင်းနှင့် မြင်စိတ်ပေါင်းဆုံမိ၍ *ဝေဒနာ* ပေါ်တယ်ဟု၊ *ပါဠိတော်* ကို မြန်မာပြန်ပါတယ်။ မျက်လုံးမှာ ပေါ်သော၊ မြင်စဲခဏမှာ *မြင်ခန္ဓာ* (၅)ပါး၊ မြင်စိတ်သည်၊ *ပုဂ္ဂိုလ် သတ္တဝါ* မဟုတ်သော၊ *မြင်ခန္ဓာ* (၅)ပါး၊ တစ်နည်း၊ *ရုပ်နာမ်* (၂)ပါးမှန်းသိတော့၊ အသိနှင့် *သက္ကာယဒိဋ္ဌိ* စင်ပါတယ်။

http://www.dhammadownload.com





http://www.dhammadownload.com



မြင်စိတ်သည် *သင်္ခါရ* တရားမို့ *အနိစ္စ* မှာ လမ်းဆုံး ပါတယ်။ မြင်စိတ်ချုပ်မှန်းသိတော့ ခိုင်မြဲတာ မဟုတ်သော *သင်္ခတဒိဋ္ဌိ* အသိနှင့်စင်ပါတယ်။

*ဖဿ ပစ္စယာ ဝေဒနာ* ဆိုသောကြောင့် မျက်လုံးမှာ ပေါ်သော မြင်ခန္ဓာ ချုပ်ပြီးတော့၊ *မနောမှာ ဝေဒနာက္ခန္ဓာ* အစားထိုးပေါ်ရပါတယ်။

*မနော* မှာပေါ်သော *ဝေဒနာ* သည် *သောမနဿ ဝေဒနာ၊ ဒေါမနဿဝေဒနာ၊ ဥပေက္ခာဝေဒနာ* တို့ ဖြစ်ပါတယ်။ *မနော* မှာပေါ်သော *ဝေဒနာ* သည် မြင်စိတ်က ပြုပြင်၍ ပေါ်ရသော *သင်္ခါရတရား* မို့ *အနိစ္စ* မှာ လမ်းဆုံး၍ *မနော* မှာ ချုပ်ပျက်မှန်းသိ၍ *သင်္ခတဒိဋ္ဌိ* အသိနှင့်စင်ပါ တယ်။

*ဝေဒနာ ပစ္စယာ တဏှာ* ပေါ်ပါတယ်။ *ဝေဒနာ* ချုပ်ပြီး *တဏှာ* ပေါ်ခြင်းသည်၊ အကြောင်းအကျိုးမပြတ် သောကြောင့် *ဥစ္ဆေဒဒိဋ္ဌိ* အသိနှင့်စင်ပါတယ်။

*တဏှာ* သည်၊ *ဝေဒနာ* ပြုပြင်၍ ပေါ်ရသော *သင်္ခါရ*

http://www.dhammadownload.com



တရားမို့ *အနိစ္စ* မှာ လမ်းဆုံး၍ *မနော* မှာ ချုပ်မှန်းသိ၍ *သဿတဒိဋ္ဌိ* အသိနှင့်စင်ပါတယ်။

*တဏှာ ပစ္စယာ ဥပါဒါန်* ပေါ်ပါတယ် *တဏှာ* ချုပ်ပြီး *ဥပါဒါန်* ပေါ်ခြင်းသည်၊ အကြောင်းအကျိုးမပြတ်သောကြောင့် *ဥစ္ဆေဒဒိဋ္ဌိ* အသိနှင့်စင်ပါတယ်။

*ဥပါဒါန်* သည် *မနော* မှာ *တဏှာ* ပြုပြင်၍ ပေါ်ရသော *သင်္ခါရ* တရားမို့ *အနိစ္စ* မှာ လမ်းဆုံး၍ *မနော* မှာပင် ချုပ်မှန်းသိ၍ *သဿတဒိဋ္ဌိ* အသိနှင့်စင်ပါတယ်။

*ဥပါဒါန ပစ္စယာ ကမ္မဘဝေါ* ဖြစ်ပါတယ်။ *ဥပါဒါန်* ချုပ်ပြီး၊ *ကမ္မ* ဘဝပေါ်ခြင်းသည်၊ အကြောင်းအကျိုး မပြတ်သောကြောင့် *ဥစ္ဆေဒဒိဋ္ဌိ* အသိနှင့်စင်ပါတယ်။

*ကမ္မဘဝ* သည်၊ *ကာယကံ၊ ဝစီကံ၊ မနောကံ* ဖြစ်ပါတယ်။ *ကမ္မဘဝ* သည်၊ *တဏှာ ဥပါဒါန်* တို့၏ ပြုပြင်၍ ပေါ်ရသော *သင်္ခါရ* တရားမို့ *အနိစ္စ* မှာ လမ်းဆုံး ရပါတယ်။ *ကံ* တို့သည် *ကာယ၊ ဝစီ၊ မနော* မှာပင် ချုပ်မှန်းသိ၍ *သဿတဒိဋ္ဌိ* အသိနှင့်စင်ပါတယ်။

* * * * * * *

http://www.dhammadownload.com



**အထက်ပါ သဿတဒိဋ္ဌိ နှင့် ဥစ္ဆေဒဒိဋ္ဌိ တရားကို လွယ်လွယ်သဘောပေါက်အောင် ထပ်ရှင်းပြပါမယ်။**

*စက္ခုဝိညာဏ်* ချုပ်တာသိ၍ ခိုင်မြဲတယ်ဟူသော *သဿတဒိဋ္ဌိ* အသိနှင့်စင်ပါတယ်။

*တဏှာ* ပေါ်ခွင့်ရ၍လည်း ပြတ်တယ်ဟူသော *ဥစ္ဆေဒ ဒိဋ္ဌိ* အသိနှင့်စင်ပါတယ်။

*တဏှာ* ချုပ်မှန်းသိ၍လည်း ခိုင်မြဲတယ်ဟူသော *သဿတဒိဋ္ဌိ* အသိနှင့်စင်ပါတယ်။

*တဏှာ* ချုပ်ပြီး *ဥပါဒါန်* ပေါ်ခွင့်ရ၍လည်း ပြတ်တယ် ဟူသော *ဥစ္ဆေဒဒိဋ္ဌိ* အသိနှင့်စင်ပါတယ်။

*ဥပါဒါန်* ချုပ်မှန်းသိ၍လည်း ခိုင်မြဲတယ်ဟူသော *သဿတဒိဋ္ဌိ* အသိနှင့်စင်ပါတယ်။

*ဥပါဒါန်* ချုပ်ပြီး *ကမ္မဘဝ* ပေါ်ခွင့်ရ၍လည်း ပြတ်တယ် ဟူသော *ဥစ္ဆေဒဒိဋ္ဌိ* အသိနှင့်စင်ပါတယ်။

*ကမ္မဘဝ* လည်း၊ ပေါ်ပြီးချုပ်ရမဲ့အမျိုးမို့ ချုပ်မှန်းသိ၍ လည်း၊ ခိုင်မြဲတယ်ဟူသော *သဿတဒိဋ္ဌိ* အသိနှင့်စင်ပါတယ်။

http://www.dhammadownload.com



*သဿတ နှင့် ဥစ္ဆေဒ – အသိ နှင့်ပြုတ်ပုံပြီး၍*

## သက္ကာယဒိဋ္ဌိ အသိနှင့်ပြုတ်ပုံ

*ဒွါရ = အာရုံ* ပေါင်းဆုံ၍ ပေါ်ရသော *မြင်ခန္ဓာ၊ ကြားခန္ဓာ၊ နံခန္ဓာ၊ စားခန္ဓာ၊ ထိခန္ဓာ၊ တွေးခန္ဓာ* ငါးပါး တို့သည်၊ *ပုဂ္ဂိုလ် သတ္တဝါ* ငါ၊ သူမဟုတ်သော တရားတို့သည်၊ ခန္ဓာ (၅) ပါးဖြစ်၍ ထင်ရှားရှိသော *သက္ကာယ* တရားမှန်းသိတော့၊ *သက္ကာယ* အပေါ်မှာ ငါဟူသော အယူမှားမရှိ၍ *ဒိဋ္ဌိ* အသိနှင့်စင်ပါတယ်။ *သက္ကာယဒိဋ္ဌိ* စင်ပါတယ်။

## ဝိစိကိစ္ဆာ စင်သောတရားမှာ

စာမျက်နှာ (၁၂၅) မှာ ပုံနှင့်ပြထားပါတယ်။ *ကမ္မဘဝ* ဖြစ်ရခြင်းမှာ *ဥပါဒါန်* ကြောင့် ဖြစ်ပါတယ်။ *ဥပါဒါန်* ဖြစ်ရခြင်းမှာ *တဏှာ* ကြောင့် ဖြစ်ပါတယ်။ *တဏှာ* ဖြစ်ရခြင်းသည်၊ *ဝေဒနာ* ကြောင့် ဖြစ်ပါတယ်။ *ဝေဒနာ* ဖြစ်ရခြင်းသည်၊ *ဖဿ* ကြောင့် ဖြစ်ပါတယ်။ *ဖဿ* ဖြစ်ရခြင်းသည်၊ *သဠာယတန* ကြောင့် ဖြစ်ပါတယ်။ *သဠာယတန* ဖြစ်ရခြင်းသည်၊ *နာမ်ရုပ်* ကြောင့် ဖြစ်ပါတယ်။ *နာမ်ရုပ်*

http://www.dhammadownload.com



ဖြစ်ရခြင်းသည်၊ *ပဋိသန္ဓေ ဝိညာဏ်* ကြောင့်ပါ။

ဤကဲ့သို့ *ဒိဋ္ဌိဝိစိကိစ္ဆာ* ပြုတ်တဲ့တရား နာကြားဖတ်ရှုရ၍၊ ကိုယ်တိုင်နှလုံးသွင်းမှန်၍၊ *ရုပ်နာမ်* ၏ *အနိစ္စ* ကို *ဝိပဿနာဉာဏ်* နှင့်မြင်ရင်၊ *မဟာသောတာပန်* မဖြစ်သေးပေမဲ့၊ *စူဠသောတာပန်* အဖြစ်နဲ့ ထောက်ရာတည်ရာမှီရာ ရသည်ဟု ပါဠိတော်က သက်သေခံထားပါတယ်။ ဤစာအုပ် စာမျက်နှာ (၅၉)၊ စာကြောင်းရေ (၅) မှာကြည့်ပါ။

နေ့စဉ် *ဝိညာဏ်အစ ကံအဆုံး* နှင့်သာနေ၍ *သစ္စာအနုလောမိကဉာဏ်* မရရင် ခန္ဓာ သံသရာလည်ရုံဘဲ ရှိတော့တယ်။

ဤကဲ့သို့ ခန္ဓာ သံသရာ ကြီးသည်၊ ဇရာမှ မရဏသို့ မရောက်မခြင်း၊ *ပစ္စုပ္ပန် ခန္ဓာ* ရဲ့ *ပဋိစ္စသမုပ္ပါဒ်* မှာ –

စက္ခု
သောတ
ဃာန
ဇိဝှါ → သမ္ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ကမ္မဘဝ
ကာယ
မနော

http://www.dhammadownload.com



ဤကဲ့သို့ အချိန်ကုန်၍ သစ္စာတရားမသိသော *အဝိဇ္ဇာ* နှင့် *တဏှာ* အပေါ်ပြု၍ *ဒိဋ္ဌိ ဝိစိကိစ္ဆာ* ပြုတ်သောတရားနှင့် မတွေ့ရသေးရင် လူဖြစ်ကျိုးမနပ်သေးပါဘူးဟု မိုးကုတ် ယောဂီများအား ဆရာတော်ဘုရားကြီးက မိန့်မှာပါတယ်။

ဤတွင် *ပစ္စုပ္ပန် ခန္ဓာ ပဋိစ္စသမုပ္ပါဒ်* တင်ပြ၍ပြီးပါပြီ။

## ဝိပဿနာ အရှုခံ (၅) ပါး နှင့် ရှုဉာဏ် (၅) ပါး

ရှုဉာဏ် မဂ္ဂင်(၅)ပါးမှာ –

| | |
|---|---|
| သမ္မာ ဒိဋ္ဌိ<br>သမ္မာ သင်္ကပ္ပ | ပညာ မဂ္ဂင်(၂)ပါး |
| သမ္မာ ဝါယမ<br>သမ္မာ သတိ<br>သမ္မာ သမာဓိ | သမာဓိ မဂ္ဂင်(၃)ပါး |

ဤငါး(၅)ပါးသည်၊ ရှုဉာဏ်တရားများဖြစ်ပါသည်။

ပါဠိတော်က *သမ္မာဒိဋ္ဌိဟော ဘိက္ခဝေ ယထာဘူတံ*

http://www.dhammadownload.com



*ပဇာနာတိ*။

*သမာဓိတော* – သမာဓိမဂ္ဂင်(၃)ပါးရှိသော၊ *ဘိက္ခဝေ* – တရားအားထုတ်သောယောဂီသည်။ *ယထာဘူတံ* – ခန္ဓာ၏ ဟုတ်တိုင်းမှန်စွာ *ရုပ်နာမ်အနိစ္စ* ကို၊ *ပဇာနာတိ* – ပိုင်းခြား၍ သိ၏ဟု အဓိပ္ပါယ်ရှိပါတယ်။ *သမ္မာဓိ* မပါဘဲ၊ *ခန္ဓာ၏အနိစ္စ* ကို ဟုတ်တိုင်းမှန်စွာ မမြင်နိုင်ပါ။ သမ္မာဓိမဂ္ဂင်(၃)ပါးကို ဤစာအုပ် စာမျက်နှာ(၆၂)၊ (၆၃)၊ (၆၄)၊ (၆၅) စာကြောင်းရေ (၄) ထိ ကြည့်ပါ။ ပညာမဂ္ဂင်(၂)ပါးကတော့ အရှုခံ *ခန္ဓာရဲ့ အနိစ္စ၊ အနိစ္စလက္ခဏာ* ကို ရှုညာဏ်က ခေါင်းငြိမ့်ရုံပါဘဲ။

* * * * * * *

အရှုခံ စန္ဒာ (၅) ဖိုး တင်ပြပါမယ်။

## စိတ္တာနုပဿနာ ရှုပွားနည်း

| | | | | |
|---|---|---|---|---|
| ၁။ မြင် စိတ် | အပြင်ညှော်သည် (၅) ယောက် | ၁။ လောဘ စိတ် | အတွင်းညှော်သည် (၆) ယောက် |
| ၂။ ကြား စိတ် | | ၂။ ဒေါသ စိတ် | |
| ၃။ နံ စိတ် | | ၃။ မောဟ စိတ် | |
| ၄။ စား စိတ် | | ၄။ အလောဘ စိတ် | |
| ၅။ ယားနာ ကောင်းစိတ် | | ၅။ အဒေါသ စိတ် | |
| | | ၆။ ကြံတွေး စိတ် | |

၁။ လေကို ထုတ်သောစိတ်
၂။ လေကို သွင်းသောစိတ်
— အိမ်သည် စိတ်–၂ခု

http://www.dhammadownload.com



ကျွန်တော်တို့ရိပ်သာတွင် တရားထိုင်တဲ့အခါ ရိပ်သာအနီးမှာ စက်ယက္ကန်းစင်များရှိတော့ တရားနှလုံးသွင်းတဲ့အချိန်မှာ စက်သံများ *သောတ ပသာဒ ရုပ်* နဲ့ *အသံရုပ်* တိုက်တော့၊ သောတဝိညာဏ် ပေါ်ပါတယ်။ *သောတဝိညာဏ် အနိစ္စံ* ဟု ဉာဏ်သက်ရောက်၍ ရှုပါတယ်။

*သမ္မာဝါယမ – သမ္မာသတိ – သမ္မာသမာဓိ* ဆိုသော မဂ္ဂင်(၃)ပါးနှင့် *ခန္ဓာ* မှာရှိသော အကြည် *ပသာဒရုပ်* ကို *အာရုံ* နှင့် တိုက်သောအခါ၊ (ဥပမာ) *သောတပသာဒရုပ်* မှာ ယက္ကန်းသံ၊ ကျီးသံ၊ ခွေးဟောင်သံ၊ ကြက်တွန်သံ၊ ကားဟွန်းသံ နှင့် အသံမျိုးစုံ၊ *သောတပသာဒရုပ်* မှာ ကြားစိတ်ပေါ်၍ ကြားစိတ်ပျက်မှုကို *ဉာဏ်* နှင့် နှလုံးသွင်းပါတယ်။

| | | | |
|---|---|---|---|
| စက္ခု | ဝိညာဏ် | မြင် | စိတ် |
| သောတ | ဝိညာဏ် | ကြား | စိတ် |
| ဃာန | ဝိညာဏ် | နံ | စိတ် |
| ဇိဝှါ | ဝိညာဏ် | စား | စိတ် |
| ကာယ | ဝိညာဏ် | တွေ့ထိ | စိတ် |

http://www.dhammadownload.com



ဤ *ပဋ္ဌဒွါရ* မှာ ဖော်ပြထားသော *ပဋ္ဌက္ခန္ဓာ* တို့သည်၊ *ဝိပါကဝဋ်* မှ အခြေခံသော *ဝိပါက်ရုပ်နာမ်* သာဖြစ်၍၊ ဖြစ်မှုပျက်မှုက အလွန်လျှင်မြန်လွန်းလို့ *ပဋ္ဌခန္ဓာ* ချုပ်ပျက်မှုကို *ရှုဉာဏ်* က မမှီလို့ *ဇောစိတ်* ကြမှ *ရှုဉာဏ်* က မှီပါတယ်။ မည်ကဲ့သို့သိသလဲဆိုရင်၊ စက်ယက္ကန်းသံလို့ သိပါတယ်။ ခွေးဟောင်သံ၊ ကြက်တွန်သံ၊ ကျီးအော်သံ၊ ကားဟွန်းသံဟု *မနောဝိညာဏ်* ကသာ သိပါတယ်။ မြင်စိတ်ကလဲ ယက္ကန်း၊ ကျီး၊ ခွေး၊ ကြက်၊ ကား တို့ကို ဘယ်လိုကြည့်ကြည့် အဆင်းဟုမြင်မှုမမှီဘဲ၊ *မနောဘဝင်စိတ်* က ကားဟု၊ ခွေးဟု၊ ကြက်ဟု သိပါတယ်။ အဲဒါကြောင့် ကျေးဖူးတော်ရှင် ဆရာတော်ဘုရားကြီးက (၈–၉–၆၁) နေ့ ဟောသော တရားအမှတ်စဉ် (၂၅)၊ စာမျက်နှာ (၃၉၉)၊ စာကြောင်းရေ (၇) မှာ – *"ဝိပါက် အမှန် ဇော အပြန် ဆိုတာက ဝိပါက်ဆိုတာက မြင်တဲ့စိတ်ဟာ ဝိပါက်စိတ်နဲ့ မြင်တာ၊ ဥပေက္ခာ သဟဂုတံ စက္ခု ဝိညာဏံ ဆိုတော့ ကံကြောင့်ဖြစ်တဲ့ စက္ခု ဝိညာဏ်ပါဘဲ။"* ဥပေက္ခာသဘောနဲ့ ပေါ်ရသော *ပဋ္ဌက္ခန္ဓာ* ဆိုတော့ ကောင်းဆိုးပုံဟန်သဏ္ဌာန်

http://www.dhammadownload.com



မသိနိုင်ပါ။

ကောင်းဆိုးသိတာ *မနောဝိညာဏ်* က သိတာပါ။ လုံးရပ် *သဏ္ဌာန် – ပုံဟန် – နိမိတ်* ကိုစွဲမှီ၍ *မနော* က သိတာသည်၊ *ဇောစိတ်* ပါ။ မနော မှာပေါ်သော *ဇောစိတ်* သည်၊ အရှုခံတရားပါ။ အရှုခံ၏ *အနိစ္စ* ကိုမြင်မှ *ဝိပဿနာ ဉာဏ်* ဖြစ်ပါတယ်။

## ပဋ္ဌာန်းပါဠိတော်မှာ

*"စက္ခု ဝိညာဏ ဓာတု တံ သမ္ပယုတ္တကာစ ဓမ္မာ မနော ဓာတုယာ တံ သမ္ပယုတ္တကာ နဥ ဓမ္မာနံ၊ အနန္တရ ပစ္စယေန ပစ္စယော"*

*စက္ခုဝိညာဏ်* – မြင်စိတ် နှင့် *မနောဝိညာဏ်* သိစိတ် တို့သည်။ *အနန္တရပစ္စယော* အခြားမရှိ ကျေးဇူးပြုတယ်ဟု *ပဋ္ဌာန်းပါဠိတော်* မှာ ဟောပါတယ်။

ခန္ဓာကိုယ် ပဉ္စဒွါရမှာ ကပ်မှီ၍ပေါ်ရသော၊ ဝိညာဏ် များမှာ –

http://www.dhammadownload.com



| | | |
|---|---|---|
| စက္ခု | | |
| သောတ | | |
| ဃာန | } | ဝိညာဏ် တို့သည်။ |
| ဇိဝှါ | | |
| ကာယ | | |

ငါး *ဒွါရ* လုံး တစ်ပြိုင်တည်းပေါ်၍မရသလို၊ တစ် *ဝိညာဏ်* ချုပ်ပြီးမှ နောက်တစ် *ဝိညာဏ်* ပေါ်ရပါတယ်။ (ဥပမာ) *စက္ခုဝိညာဏ်* မြင်စိတ်က ကျေးဇူးပြုလို့ မနော *ဝိညာဏ် ဇောစိတ်* က၊ ကားဟုသိတယ်။ အိမ်လို့သိတဲ့ စိတ်၊ ကိုညို၊ မဖြူ ဟုသိတာသည်၊ *မနောဝိညာဏ် ဇောစိတ်* ကသာ သိပါတယ်။ ပဋ္ဌာန်းမှာ *စက္ခု ဝိညာဏ်*–*က* *ပုရေဇာတ* ရှေ့ဖြစ်ပစ္စည်း။ *မနောဝိညာဏ်*–*က* *ပစ္ဆာဇာတ* နောက်ဖြစ်ပစ္စည်း။ (ပဥ္စရုပ္ပ) *စက္ခုဝိညာဏ်* မချုပ်ဘဲနဲ့ *မနောဝိညာဏ် ပေါ်လို့မရပါဘူး။ စက္ခုဝိညာဏ်* ချုပ်မှန်းသိတော့ *သဿတဒိဋ္ဌိ* စင်ပါတယ်။ တစ်ဆက်တည်း မနော *ဝိညာဏ်* ပေါ်မှန်းသိတော့ *ဥစ္ဆေဒဒိဋ္ဌိ* စင်ပါတယ်။ ပစ္စု *ပစ္စုပ္ပန်ညာဏ်* အောက်မှာပေါ်နေသော *ဝိညာဏ်* တို့သည်၊

http://www.dhammadownload.com



***ဓမ္မနိယာမ*** အတိုင်း ချုပ်ပျောက်ရပါတယ်။ ဤတရားသည် ရှိရာက မရှိတာကို ***ညာဏ်*** နှင့်သိမှ ***ဝိပဿနာ*** ဖြစ်ပါတယ်။

**(၁၅-၁၁-၆၀)** နေ့ဟော တရားအမှတ်စဉ်(၁)၊ စာမျက်နှာ **(၁၂၂)**၊ စာကြောင်းရေ(၃)မှာ -

ရှိရာက မရှိတာကို ခင်ဗျားတို့က သိတာ အခုမှ ရှင်းသွားတယ်။ ပေါ်ပြီလား… (တင်ပါ့ဘုရား)၊ မရှိတာကို လုံး၀အရှုခိုင်းလို့ရှိရင်၊ ဒါဟာ ***ပညတ်*** ကို အရှုခိုင်းတာ… (တင်ပါ)၊ ရှိတာက မရှိရာကို အရှုခိုင်းတဲ့အတွက်တဲ့ ပညတ် တစ်ဝက်ပါတယ်။ ***တဇ္ဇာရီပညတ်*** ခေါ်တယ်။ ***တဇ္ဇာရီပညတ်*** ဆိုတော့ ရှိရာက မရှိရာကိုဆိုတာ သဘောကျပြီလား။ ***တဇ္ဇာရီပညတ်*** ကို ရှုခိုင်းတာ၊ ဒါအသေအချာ သဘောပါ ပြီလား။

ပျောက်ပျက်သွားတာတွေကို မြင်ရမယ်။ အေး… မရှိတော့ဘူးဆိုတော့၊ ***ပုဂ္ဂိုလ်ရော၊ သတ္တဝါရော၊ ပရမတ်ရော*** ပျောက်ပျက်သွားတယ်၊ (အပျက်ကိုပြန်လှန်)၊ အပျက်လှန် ***နာမ်-နာမ်*** ချင်းရှုတာကိုး။ နှစ်ခုမှ မပြိုင်နိုင်ဘဲ၊ သေချာ သွားပြီ ကို ထွန်းရင်၊ ဒါဖြင့် ရှိရာက မရှိတာကိုရှုမှ ***ဝိပဿနာ***

http://www.dhammadownload.com



ရိပ်မိပြီလား၊ ရှိရာက မရှိတာကိုမြင်မှ ဘာခေါ်ကြမတုံး... (ဝိပဿနာပါဘုရား)။ (၁၅–၁၁–၆၀)နေ့ဟောသော၊ အမှတ်စဉ် စာအုပ်(၁)၊ စာမျက်နှာ(၁၂၅)၊ စာကြောင်းရေ(၁၂) မှာ၊ *တဏှာရှိ ပညတ်* ကို ရှုရမယ်၊ *တဏှာရှိ ပညတ်* ဆိုတာ၊ အခြားမဟုတ်ဘူး၊ ထိုတရား၏မရှိမှုကိုရှုတာ သဘောကျပြီလား၊ ထိုဖြစ်ပေါ်လာသောတရား၏ မရှိမှုကို ရှုတာ... (*တဏှာရှိ* ဆိုတာ မြန်မာလိုဘယ်လိုပါလဲဘုရား)၊ *တဏှာရှိ* ဆိုတာ ထိုသဘောတရားမူလပေါ်သွားတဲ့ သဘော တရားကလေး၊ အဲဒါတွေကိုမရှုဘူး *ပညတ်* ကိုမရှုဘူး၊ ထို ဖြစ်ပေါ်လာသောတရားတို့၏ မရှိမှုကိုအကြည့်ခိုင်းတာ၊ ဒါ– *ဝိပဿနာ* သဘောပါပြီလား။

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက၊ ရှေ့စိတ်ကို နောက်စိတ်ကရှုတာ *ဝိပဿနာ*။

ရှေ့ *ဝိညာဏ်* ကို နောက် *ဝိညာဏ်* က ရှုတာ *ဝိပဿနာ*။

ရှေ့အသေကို နောက်အနေကကြည့်တာ *ဝိပဿနာ*။

(၁)စိတ်ကို (၂)စိတ်နဲ့ရှုတာ *ဝိပဿနာ*။

http://www.dhammadownload.com



(၁) စိတ်က – အရှုခံ၊ (၂) စိတ်က ရှုညာဏ်။

*ဝိပဿနာ* ဆိုတာ ရှိတာကို ရှုရမှာမဟုတ်ဘူး။ ရှိတာရှုရင် *နိစ္စ* ဖြစ်မယ်။ မရှိတာကိုရှုရမှာလဲမဟုတ်ဘူး။ မရှိတာရှုရင်လဲ *အဘာဝပညတ်*။ ဘာမှမရှိတဲ့ *ပညတ်* ကို ရှုရာရောက်မယ်။ ရှိရာက မရှိတာကိုရှုမှသာ *ဝိပဿနာညာဏ်* ဖြစ်ပါတယ်။

*"ဟုတွာ အဘာဝတ္တေန အနိစ္စံ"။ ဟုတွာ*–ဖြစ်ပြီး၍၊ *အဘာဝတ္တေန*–ဤနေရာမှာမရှိခြင်းကြောင့်၊ *အနိစ္စံ – အနိစ္စ* ဟု ပါဠိတော်က ဖွင့်ပါတယ်။ မိုးကုတ်ဆရာတော်ဘုရားကြီး ဟောတဲ့တရားနာပါ။ ဆရာတော် စာအုပ်တွေကြည့်ပြီးမှ၊ စွဲစွဲမြဲမြဲ တရားအားထုတ်ပါ။ တရားထိုင်ကြည့်ပါ။ (၁၅–၁၁–၆၀) နေ့ဟောသော အမှတ်စဉ် စာအုပ်(၁)၊ စာမျက်နှာ (၁၀၀)၊ စာကြောင်းရေ(၁၇)မှာ *"တရားမနာဘဲနဲ့ ကျင့်နေရင် ဘယ်တော့မှ မရဘူး။ ဆုံးဖြတ်ချက်ချပါ။ သဿတဒိဋ္ဌိလဲ ခွာပေးမဲ့လူမရှိ၊ ဉစ္ဆေဒဒိဋ္ဌိလဲ ခွာပေးမဲ့လူမရှိဘူး။ မရှိဘဲနဲ့ ရှုနေရင်၊ သက္ကာယဒိဋ္ဌိတန်းလန်းနဲ့ ရှု၍ အရာမရောက်ပါ။"*

❋ ❋ ❋ ❋ ❋ ❋ ❋

http://www.dhammadownload.com



## ခန္ဓာ (၄) မျိုး ခွဲခြားပြချင်ပါတယ်။

| | | |
|---|---|---|
| ၁။ | ဝိပါ | ကခန္ဓာ |
| ၂။ | ပဋ္ဌ | ကခန္ဓာ |
| ၃။ | ဥပါဒါန | ကခန္ဓာ |
| ၄။ | ပဋ္ဌုပါဒါန | ကခန္ဓာ |

### ၁။ *ဝိပါကခန္ဓာ*

*ဝိပါကခန္ဓာ* ဆိုတာ၊ *ဝိပါကဝဋ်* (၈)ပါးမှ၊ ခန္ဓာ ရသော *ပုဂ္ဂိုလ်* များ၏ အကျိုးတရား၊(ဒု.ချိန် ၃၀၊ ၄၀ ရှိသော၊ ခန္ဓာကြီးပါ)။ ဤ *ဝိပါကခန္ဓာ* မှာ၊ ရုပ်၊ *ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်* ဟု (၅)ပါးအပေါင်းရှိပါတယ်။ *ဝိပါကခန္ဓာ* သည်၊ လှေနဲ့တူပါတယ်။ လှေကောင်းမှ ဟိုမှဘက်ကမ်းရောက်အောင် ကူးနိုင်သလို၊ ဤ ခန္ဓာ ကောင်းမှ၊ ခန္ဓာ *သံသရာဝဋ်* ဆင်းရဲမှ လွတ်မြောက်အောင် ကူးနိုင်မှာပါ။

### ၂။ *ပဋ္ဌကခန္ဓာ*

*ဝိပါက်* ရုပ်နာမ် ကိုမှီပြီးရှိသော *ဒွါရ* (၆)ပါး

http://www.dhammadownload.com



(တစ်နည်း)၊ အခံဓါတ် (၆)ပါး၊ (တစ်နည်း)၊ အတွင်း *အာယတန* (၆)ပါး ဟုခေါ်သော၊ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်စိတ်၊ နှင့် *အာရုံ* (၆)ပါး၊ အတိုက်ဓါတ်(၆)ပါး၊ (တစ်နည်း)၊ အပြင် *အာယတန* (၆)ပါး ဟုဆိုသော၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ တွေ့ထိစရာ၊ ကြံတွေးစရာ၊ ဟူသော *အာရုံ* (၆)ပါး နှင့် ပေါင်းဆုံမိသောအခါ –

| | |
|---|---|
| မြင် | စိတ် |
| ကြား | စိတ် |
| နံ့ | စိတ် |
| စား | စိတ် |
| တွေ့ထိ | စိတ် |
| ကြံတွေး | စိတ် |

တို့သည် *ပဉ္စက္ခန္ဓာ* ဟုခေါ်သော ခန္ဓာ (၅)ပါးပါ။ အကျယ်ကို ဤစာအုပ် စာမျက်နှာ(၁၁၇) - မှ (၁၂၄)၊ စာကြောင်းရေ (၄) ထိကြည့်ပါ။ *ဝိပါကက္ခန္ဓာ ကို အမှီပြု၍ ပေါ်ရသော၊* ***ဤ*** *ပဉ္စက္ခန္ဓာ ဟုခေါ်သော ခန္ဓာ(၅)ပါးသည်၊* ***ကောင်းဆိုး မသိနိုင်သော ဥပေက္ခာ သဘောနဲ့ ပေါ်ရသော ပဉ္စက္ခန္ဓာ***

http://www.dhammadownload.com



မှ **ဝိညာဏ်** များမှာ –

| | | | |
|---|---|---|---|
| ဥပေက္ခာ | သဟဂတံ | စက္ခု | ဝိညာဏ် |
| ဥပေက္ခာ | သဟဂတံ | သောတ | ဝိညာဏ် |
| ဥပေက္ခာ | သဟဂတံ | ဃာန | ဝိညာဏ် |
| ဥပေက္ခာ | သဟဂတံ | ဇိဝှါ | ဝိညာဏ် |

| ပဉ္စဒွါရမှာ | | မနောဒွါရမှာ |
|---|---|---|
| ဝိပါက်–အမှန် စိတ် | → | ဇော–အပြန် စိတ် |
| စက္ခုဝိညာဏ် ဥပေက္ခာ | → | မနောဝိညာဏ် ကောင်း + ဆိုး |
| မြင် | လို့ | ကောင်းတယ် မကောင်းဘူး |
| သောတဝိညာဏ် ဥပေက္ခာ | → | မနောဝိညာဏ် ကောင်း + ဆိုး |
| ကြား | လို့ | ကောင်းတယ် မကောင်းဘူး |

http://www.dhammadownload.com



| | | |
|---|---|---|
| ဃာနဝိညာဏ် ဥပေက္ခာ | → | မနောဝိညာဏ် ကောင်း+ဆိုး |
| နံ့ | လို့ | ကောင်းတယ် မကောင်းဘူး |
| ဇိဝှါဝိညာဏ် ဥပေက္ခာ | → | မနောဝိညာဏ် ကောင်း +ဆိုး |
| စား | လို့ | ကောင်းတယ် မကောင်းဘူး |

ဤမျှဆိုရင် ဝိပါက်စိတ်နှင့် ဇောစိတ်ဖြစ်ပုံကို ကွဲကွဲပြားပြား သဘောသိလောက်ပါပြီ။

*၃။ ဥပါဒါနက္ခန္ဓာ (၅) ပါး*

*ဥပါဒါနက္ခန္ဓာ* ကို ကွဲကွဲပြားပြား ကျကျနန သိဘို့ အလွန်လိုအပ်ပါတယ်။

*ဥပါဒါနက္ခန္ဓာ (၄) ပါး* နှင့် *ဥပါဒါနက္ခန္ဓာ (၅) ပါး* ရှိပါတယ်။

http://www.dhammadownload.com



*ဥပါဒါနက္ခန္ဓာ* (၄)ပါးက –

| | | |
|---|---|---|
| ၁။ | ကာမု | ပါဒါန် |
| ၂။ | ဒိဋ္ဌု | ပါဒါန် |
| ၃။ | သီလဗ္ဗတု | ပါဒါန် |
| ၄။ | အတ္တဝါဒု | ပါဒါန် |

ဤ(၄)ပါးက *ဝိပဿနာဉာဏ်* ဖြစ်အောင် ပြုလုပ်ရသော တရားများမဟုတ်ပါ။ ဤတရား အကျယ်ကိုသိလိုသော်၊ ဤစာအုပ် စာမျက်နှာ(၂၉)မှ(၃၆) စာကြောင်းရေ (၄)ထိကြည့်ပါ။ *ပုထုဇဉ်* များ စွဲယူထားသော *ကာမအစွဲ၊ ဒိဋ္ဌိအစွဲ၊* မှားယွင်း သော အလေ့အကျင့် *သီလအစွဲ၊ အနတ္တ*ကို မသိသော *အတ္တအယူစွဲ* နှင့် ရထားသော ခန္ဓာကြီးနဲ့တွဲနေတဲ့ *ဥပါဒါန် အစွဲ* ပါ။

| | | |
|---|---|---|
| ၁။ | ရူပု | ပါဒါနက္ခန္ဓာ |
| ၂။ | ဝေဒနု | ပါဒါနက္ခန္ဓာ |
| ၃။ | သညု | ပါဒါနက္ခန္ဓာ |
| ၄။ | သင်္ခါရု | ပါဒါနက္ခန္ဓာ |
| ၅။ | ဝိညာဏု | ပါဒါနက္ခန္ဓာ |

http://www.dhammadownload.com



ဆရာတော်ဘုရားကြီး ဟောသော တိတ်ခွေထဲက ကျွန်တော်ကိုယ်တိုင် နာကြားရတဲ့တရားမှာ၊ ဟောတဲ့ရက်စွဲ မမှတ်မိ၍ ထဲ့မရေးရတာပါ။

*ပုထုဇဉ်က သောတာပန်ဖြစ်ချင်ရင် ဥပါဒါနက္ခန္ဓာရှု။ သောတာပန်က သဒါဂါမိဖြစ်ချင်ရင် ဥပါဒါနက္ခန္ဓာရှု။ သဒါဂါမိက အနာဂါမိဖြစ်ချင်ရင် ဥပါဒါနက္ခန္ဓာရှု၊ အနာဂါမိက ရဟန္တာဖြစ်ချင်ရင် ဥပါဒါနက္ခန္ဓာရှု။* ဟု ဟောထားပါတယ်။

| | | |
|---|---|---|
| ၁။ | ရုပ် | ကိုစွဲမှီ၍ ဖြစ်တဲ့ခန္ဓာ |
| ၂။ | ခံစားမှု | ကိုစွဲမှီ၍ ဖြစ်တဲ့ခန္ဓာ |
| ၃။ | မှတ်သားမှု | ကိုစွဲမှီ၍ ဖြစ်တဲ့ခန္ဓာ |
| ၄။ | ပြုပြင်မှု | ကိုစွဲမှီ၍ ဖြစ်တဲ့ခန္ဓာ |
| ၅။ | သိမှု | ကိုစွဲမှီ၍ ဖြစ်တဲ့ခန္ဓာ |

## ခန္ဓာဝဂ္ဂသံယုတ် ပါဠိတော်မြန်မာပြန်

စာမျက်နှာ(၃၈)၊ ၆–ခန္ဓာသုတ်၊ ပုဒ်ရေ(၄၈)ကို မူမပျက်အောင် ချုံ့၍ရေးထားပါတယ်။

http://www.dhammadownload.com



## ခန္ဓာ (၅) မျိုး

သာဝတ္ထိနိဒါန်း - ရဟန်းတို့. ခန္ဓာ(၅)မျိုးနှင့် *ဥပါဒါနက္ခန္ဓာ* (၅)မျိုးဟောမည်။ ခန္ဓာ (၅)မျိုးဟူသည်၊ အဘယ်နည်း။ *အတိတ်၊ အနာဂါတ်၊ ပစ္စုပ္ပန်* ဖြစ်သော ရုပ် အားလုံးကို *ရူပက္ခန္ဓာ* ဟု ဆိုအပ်၏။

*အတိတ်၊ အနာဂါတ်၊ ပစ္စုပ္ပန်* ကာလ(၃)ပါး၌ ဖြစ်သော *ဝေဒနာ၊ သညာ၊ သင်္ခါရ* အားလုံးကို *သင်္ခါရက္ခန္ဓာ* ဟု ဆိုအပ်၏။ *အတိတ်၊ အနာဂါတ်၊ ပစ္စုပ္ပန်* ကာလ(၃)ပါး၌ ဖြစ်သော *ဝိညာဏ်* အားလုံးကို *ဝိညာဏက္ခန္ဓာ* ဟု ဆိုအပ်၏။

## ဥပါဒါနက္ခန္ဓာ (၅) မျိုး

ရဟန်းတို့. *ဥပါဒါနက္ခန္ဓာ* (၅)မျိုးဟူသည်၊ အဘယ်နည်း။ ရဟန်းတို့. *(အာသဝေါ၏)* အာရုံဖြစ်၍ စွဲလမ်းအပ်သော၊ *အတိတ်၊ အနာဂါတ်၊ ပစ္စုပ္ပန်၊* ကာလ(၃)ပါးလည်း ဖြစ်သော၊ ရုပ် အားလုံးကို *ဥပါဒါနက္ခန္ဓာ* ဟု ဆိုအပ်၏။ *(အာသဝေါ၏)* အာရုံဖြစ်၍၊ စွဲလမ်းအပ်သော *ဝေဒနာ*

http://www.dhammadownload.com



အားလုံးကို *ဝေဒနုပါဒါနက္ခန္ဓာ* ဟု ဆိုအပ်၏။ *(အာသဝေါ၏) အာရုံ* ဖြစ်၍၊ စွဲလမ်းအပ်သော၊ ကာလ(၃)ပါးလည်းဖြစ်သော *သညာ* အားလုံးကို *သညုပါဒါနက္ခန္ဓာ*။ *(အာသဝေါ၏) အာရုံ* ဖြစ်၍၊ စွဲလမ်းအပ်သော၊ *သင်္ခါရ* အားလုံးကို *သင်္ခါရုပါဒါနက္ခန္ဓာ*။ *(အာသဝေါ၏) အာရုံ* ဖြစ်၍၊ စွဲလမ်းအပ်သော၊ ကာလ(၃)ပါးလည်းဖြစ်သော၊ အဝေးအနီးလည်းဖြစ်သော၊ အကြမ်းအနုလည်းဖြစ်သော၊ *ဝိညာဏ်* အားလုံးကို *ဝိညာဏုပါဒါနက္ခန္ဓာ* ဟု ဆိုအပ်၏။

ဤတရားတို့ကို *ဥပါဒါနက္ခန္ဓာ* (၅)မျိုးဟုဆိုအပ်၏ ဟု မိန့်တော်မူ၏။

## ခန္ဓာဝဂ္ဂသံယုတ် ပါဠိတော်မြန်မာပြန်

စာမျက်နှာ(၁၂၇)၊ ၁၀-သီလဝန္တသုတ်၊ ပုဒ်ရေ(၁၂၂)

မေး - အသျှင်မဟာကောဋ္ဌိက။

ဖြေ - အသျှင်သာရိပုတ္တရာ။

မေး - *သီလ* ရှိသော *ပုဂ္ဂိုလ်* ဘယ်တရားကို နှလုံးသွင်းပါသနည်း။

http://www.dhammadownload.com



ဖြေ - *ဥပါဒါနက္ခန္ဓာ* (၅) မျိုးတို့ကို မမြဲဟူ၍ *(အနိစ္စ)*၊ ဆင်းရဲဟူ၍ *(ဒုက္ခ)*၊ ရောဂါဟူ၍၊ အနာဟူ၍၊ ငြောင့်ဟူ၍၊ ပင်ပန်းမှုဟူ၍၊ နာကျင်မှုဟူ၍၊ သူစိမ်းပြင်ပဟူ၍၊ အစိုးမရသော တရား *(အနတ္တ)* ဟူ၍၊ ဆိတ်သုဉ်းသောတရား၊ အနှစ်မရှိသော တရားဟူ၍ နှလုံးသွင်းအပ်ကုန်၏။

သီလရှိသော ရဟန်းသည်၊ *ဥပါဒါနက္ခန္ဓာ* တို့ကို မမြဲ *(အနိစ္စ)*၊ ဆင်းရဲ *(ဒုက္ခ)*၊ အစိုးမရ *(အနတ္တ)* တရားဟု *ဝိပဿနာဉာဏ်* နှင့် နှလုံးသွင်းသော် *သောတာပန်* ဖြစ်နိုင်စရာ အကြောင်းတည်း။

*သောတာပန်* သည် *ဥပါဒါနက္ခန္ဓာ* ကို မမြဲ *(အနိစ္စ)*၊ ဆင်းရဲ *(ဒုက္ခ)*၊ အစိုးမရ *(အနတ္တ)* တရားဟု *ဝိပဿနာဉာဏ်* နှင့် နှလုံးသွင်းသော် *သကဒါဂါမိ* ဖြစ်နိုင်စရာ အကြောင်း တည်း။

*သကဒါဂါမိ* မှ *အနာဂါမိ* ဖြစ်ရန် *ဥပါဒါနက္ခန္ဓာ* ကို*အနိစ္စ*၊ *ဒုက္ခ*၊ *အနတ္တ* နှလုံးသွင်းရမည်။

*အနာဂါမိ* မှ ရဟန္တာ ဖြစ်ရန် ဤ *ဥပါဒါနက္ခန္ဓာ* *ကို အနိစ္စ*၊ *ဒုက္ခ*၊ *အနတ္တ* ဟုနှလုံးသွင်းရမှာပါ။

http://www.dhammadownload.com



ဤတရားကို လေ့လာပွားများသည်ရှိသော်၊ မျက်မှောက်ဘဝ၊ ချမ်းသာစွာနေရခြင်း၊ *သတိသမ္ပဇဉ်* အလို့ှာ ဖြစ်ကုန်၏။

## ဥပါဒါနက္ခန္ဓာ (၅) မျိုး စကားပြေဖြင့်သည့်မှာ။

စာမျက်နှာ (၁၄၄၊ ၁၄၅၊ ၁၄၆၊ ၁၄၇) ကို အဓိပ္ပါယ်ရှင်းပါမည်။

*ရုပ်* ကိုင်း၊ *ဝေဒနာ* ကိုင်း၊ *သညာ* ကိုင်း၊ *သင်္ခါရ* ကိုင်း၊ *ဝိညာဏ်* ကိုင်း၊ စွဲမှီ၍ဖြစ်သော ခန္ဓာ တို့သည်၊ *အာသဝ* ၏ *အာရုံ* ဖြစ်၍၊ စွဲလမ်းအပ်သော *ရူပုပါဒါနက္ခန္ဓာ*၊ တရားရှုမှတ်သောအချိန် *အာသဝ* နှင့် ပစ္စုပ္ပန်ခန္ဓာနှင့် ဆက်မနေပါဘူး။

## အာသဝ ဆိုသည့်မှာ။

| | | |
|---|---|---|
| ၁။ | ကာမာ သဝ | (၅)ပါးအာရုံ ကာမဂုဏ်ယိုစီးတာ (ကာမတဏှာ) |
| ၂။ | ဘဝါ သဝ | ရတဲ့ဘဝမှာပျော်မွေ့တာ (ဘဝတဏှာ) |
| ၃။ | ဒိဋ္ဌာ သဝ | သက္ကာယအပေါ်မှာငါဟူသော ဒိဋ္ဌိစွဲ၊ ဒိဋ္ဌာသဝ |
| ၄။ | အဝိဇ္ဇာ သဝ | ကာမတဏှာ၊ ဘဝတဏှာ၊ သက္ကာယ ကို ငါထင်သောဒိဋ္ဌိနှင့် ဒုက္ခသစ္စာဟုမသိသော အဝိဇ္ဇာသဝ။ |

http://www.dhammadownload.com



တရားအားမထုတ်တဲ့အချိန်မှာ ပုထုဇဉ် များရဲ့ခန္ဓာသည်၊ အာသဝ နှင့် ပျော်မွေ့နေပါတယ်။

စာမျက်နှာ (၁၄၆) မှာတွေ့ရသော

ရုပ် →
ဝေဒနာ →
သညာ → ကိုစွဲမှီသောခန္ဓာ
သင်္ခါရ →
ဝိညာဏ် →

○○○○○○○

ကာလ(၃)ပါး၌ဖြစ်သောခန္ဓာ

ရုပ်ကိုစွဲမှီသောခန္ဓာ = ရူပုပါဒါနက္ခန္ဓာ

အနည်းငယ်ရှင်းပြပါမယ်၊

မနောဝိညာဏ် အသိပါ

| | | | | | | |
|---|---|---|---|---|---|---|
| ၁။ | မျက်စိ | အကြည် | နှင့် | ပန်း | ကို ပန်း | ဟုသိတယ် |
| ၂။ | နား | အကြည် | နှင့် | ယက္ကန်းသံ | ကို ယက္ကန်းသံ | ဟုသိတယ် |
| ၃။ | နှာ | အကြည် | နှင့် | ရေမွှေးအနံ့ | ကို ရေမွှေး | ဟုသိတယ် |
| ၄။ | လျှာ | အကြည် | နှင့် | ကိတ်မုန့်အရသာ | ကို ကိတ်မုန့် | ဟုသိတယ် |
| ၅။ | ကိုယ် | အကြည် | နှင့် | သားမွေး၊ကော်ဇော တွေ့ထိမှု | ကို ကော်ဇော | ဟုသိတယ် |
| ၆။ | မနော | အကြည် | နှင့် | သားအာရုံ | ကို သား | ဟုသိတယ် |

http://www.dhammadownload.com



## အထက်ပါ(၆)မျိုးကို

အတိတ်ကာလက သညာ နှင့် မှတ်၍သိခဲ့ဘူးတယ်။

အနာဂတ်ကာလမှာ မသေခင် ကြုံရင် သိရအုန်းမယ်။

ပစ္စုပ္ပန်ကာလမှာ *ဒွါရအာရုံ* တိုက်ချိန် မနော *ဝိညာဏ်* က သိနေပါတယ်။

## အထက်ပါ(၆)မျိုးသည်

| | | | | |
|---|---|---|---|---|
| ၁။ | ရုပ် | ကို စွဲမှီ၍ | ရူပ | ပါဒါနက္ခန္ဓာ |
| ၂။ | ဝေဒနာ | ကို စွဲမှီ၍ | ဝေဒန | ပါဒါနက္ခန္ဓာ |
| ၃။ | သညာ | ကို စွဲမှီ၍ | သညု | ပါဒါနက္ခန္ဓာ |
| ၄။ | သင်္ခါရ | ကို စွဲမှီ၍ | သင်္ခါရု | ပါဒါနက္ခန္ဓာ |
| ၅။ | ဝိညာဏ် | ကို စွဲမှီ၍ | ဝိညာဏ်နု | ပါဒါနက္ခန္ဓာ |

မနောမှာပေါ်သော *ဥပါဒါနက္ခန္ဓာ*။

တရားအားထုတ်သောအခါ မနော မှာပေါ်သော *ဥပါဒါနက္ခန္ဓာ* ၏ *အနိစ္စလက္ခဏာ* ဟု ညာဏ်နှင့်မြင်အောင် နှောက် မနော က ရှုရမယ်။

http://www.dhammadownload.com



ရုပ်ပါများတော့ *ဥပါဒါနက္ခန္ဓာ* ရဲ့ *အနိစ္စ* ကို၊ ကိုယ်နှင့်မဆိုင်သလို၊ အရှုခံခန္ဓာနှင့် *ရှုဉာဏ်* တို့သည်၊ ကွဲပြားခြားနားပြီး၊ အရှုခံကသီးသန့်၊ *အရှုဉာဏ်* က သီးသန့်ဖြင့် *ရှုဉာဏ်* အောက်မှာ *အနိစ္စလက္ခဏာ* ဘဲ မြင်တယ်။ *ဥပါဒါနက္ခန္ဓာ* ဆိုတာလဲ ရုပ်နာမ် ပါဘဲ။

ဆရာတော်ဘုရားက (၁-၃-၅၉)နေ့ဟော အမှတ်စဉ်စာအုပ်(၂၉)မှာ၊ သိမ်မွေ့တဲ့ ရုပ်နာမ် ရဲ့ *အနိစ္စ* ကို သူ့စိမ်းမြင်-မြင်သလို၊ *အရှုခံရုပ်နာမ်* ကို၊ *ရှုဉာဏ်* က၊ ဉာဏ်မြင်စိပ်လာတယ်။ *ဝိပဿနာ* ရှုခါစမှာ၊ ရုပ်နာမ် ရဲ့ *အနိစ္စလက္ခဏာ* ကို ကျဲကျဲမြင်တယ်။

*ခန္ဓာဝဂ္ဂသံယုတ်ပါဠိတော် စာမျက်နှာ(၃၈)၊ စာကြောင်းရေ(၁၄)မှာ (အကြမ်းအနု) လည်းဖြစ်သော (အဝေးအနီး) လည်း ဖြစ်သောဟု တွေ့ရပါတယ်။*

တရားအားထုတ်ခါစမှာ ရုပ်နာမ် ရဲ့ *အနိစ္စ* ကို ကျဲကျဲကြမ်းကြမ်းမြင်တယ်။

တရားအားထုတ်လို့ *သမာဓိ* အားကောင်းပြီး *ဉာဏ်* ထက်လာတော့၊ အရှုခံခန္ဓာပေါ်မှာ *ရှုဉာဏ်* က စိပ်စိပ်နဲ့

http://www.dhammadownload.com



သိမ်မွေ့နည့်ပြီး *ဉာဏ်* နှင့်မြင်ပါတယ်။ *ရုပ်နာမ်* ရဲ့ *အနိစ္စ* ကို ကြမ်းကြမ်းကျဲကျဲမမြင်တော့ဘဲ၊ သိမ်မွေ့တဲ့ ရုပ်နာမ် ဖြစ်ပျက်ကို ကိုယ်နှင့်မပိုင်၊ ကိုယ်နှင့်မဆိုင်သလို၊ သူစိမ်း ပြင်ပကဲ့သို့၊ ဉာဏ်နှင့်မြင်ပြီး၊ *အရှုခံ* နှင့် *ရှုဉာဏ်* အံကျ နေတော့ *ဝိပဿနုပက္ခဉာဏ်* ဝင်စားလာပါတယ်။ ရုပ်နာမ် ရဲ့ *လက္ခဏာ* ကတော့ ဉာဏ်အောက်မှာမြင်ရက်ပါဘဲ။ *အရှုခံသင်္ခါရ* တရားတွေသည်၊ *ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်* အပေါ်မှာ အစွဲအလမ်း မဟုတ်တော့ဘူး။ *အရှုခံ သင်္ခါရ* တရားကို၊ *ဥပေက္ခာ* ပြုတဲ့ *အနိစ္စလက္ခဏာ ဉာဏ်* နှင့် အံဝင်ခွင်ကျ ကိုက်နေတော့၊ *သင်္ခါရုပက္ခဉာဏ်* ရလာပါတယ်။ ရုပ် ကိုလဲမစွဲ၊ *ဝေဒနာ* ကိုလဲမစွဲဘဲနဲ့၊ ပေါ်နေသော *သင်္ခါရ* အပေါ်မှာ လျစ်လျူပြုတဲ့ ဉာဏ်ရောက် နေတော့၊ *နိဗ္ဗိန္ဒဉာဏ်* တော့ နီးနေပါပြီ။

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး ဟောသော တိတ်ခွေတစ်ခုမှာ (ရက်စွဲမမှတ်မိပါ)၊ ဆရာတော် ရဲ့ ဥပမာမှာ– ရေထဲ့ထားသောပုံးကို ငုံ့ချည်၊ စောင်းချည် လုပ်သောအခါ၊ ပဌမတော့၊ ပုံးရော၊ ရေရော လှုပ်ရှားမှုရော

http://www.dhammadownload.com



တွေ့ရပါတယ်။ ကြည့်ပါများတော့၊ လှုပ်ရှားမှု၏သဘောသာ တွေ့ရတော့တယ်ဟု ဥပမာ ပါတယ်။ အဲဒီ ဥပမာသည်၊ တရားအားထုတ်သော ယော ဂီများသာ သိပါတယ်။ တရားအားမထုတ်သေးသော ယောဂီလည်း တရားအားထုတ်လာရင် အစိပ္ပါယ်ပိုရှင်းပါလိမ့်မယ်။

ဆရာတော်က ဥပမာ ပေးသေးတယ်။ မန္တလေးက- မေမြို့သို့ ကားနဲ့သွားတော့၊ မန္တ လေးအထွက်မှာ ရွှေညောင်ပင်ဆိုသော နတ်စဉ်ရောက်တော့၊ န္တလေးနယ်နိမိတ်လွက်ပြီဟု ထင်ကြတယ်။ မန္တလေးနယ်နိမိတ်က မိုင်(၃၀)ရှိ ဘယ်။ မြို့ကသာ လွန်တာ၊ မြို့နယ်နိမိတ်က မလွတ်သေး ဘူးဟု ဟောပါတယ်။

အလွန်ကောင်းတဲ့ ဥပမာပါ။ *သခ်ီရပ ကွေညာဏ်* ရတယ်ဆိုတာ၊ အရှုခံ *ဉပါဒါနက္ခန္ဓာ* ရဲ့ *အာနိစ္စ* ၏ ... ကို မြင်ပါများတော့၊ သခ်ါရ အဆုံး ... မ ... ပေမယ့်၊ ရွှေညောင်ပင်လောက်တော ... ရောက်နေ ...

အဲဒါကို ကျွန်တော်ကတော့ *...ပါဒါနက္ခန္ဓ ... ဒု ...* *သစ္စာ* ဟု ယူဆပါတယ်။

http://www.dhammadownload.com



ကျွန်တော်သည်၊ စာပေကျတ်သော၊ ဆရာတော်ကြီးများကို၊ *ဥပါဒါနက္ခန္ဓာ* နှင့် *ပဉ္စုပါဒါနက္ခန္ဓာ* တို့သည်၊ အတူတူလား၊ တစ်ခြားစီလားဟုရားဟု လျှောက်ကြည့်ဖူးပါတယ်။ အတူတူပဲဟုဖြေပါတယ်။

ကျွန်တော်တို့ တရားအားထုတ်သောအခါ၊ ပဌမတွေ့ရတာက၊ ရုပ်ကိုစွဲမှီဖြစ်သော ခန္ဓာ၊ ဝေဒနာကိုစွဲမှီဖြစ်သော ခန္ဓာ ရဲ့ *အနိစ္စလက္ခဏာ* ကို ရှုနေပါတယ်။ ညာဏ်ရင့်တော့ စွဲမှီသောခန္ဓာဟု မတွေ့ဘဲနဲ့၊ ဖြစ်ပေါ်လာသောတရားတွေရဲ့ လက္ခဏာဘဲ တွေ့ရတော့တယ်။ *သခ်တ* နယ်မှာဘဲရှိတယ်ဆိုတာတော့ ဟုတ်ပါတယ်။ ရုပ်ကိုစွဲမှီသောခန္ဓာလည်း မဟုတ်၊ ဝေဒနာကိုစွဲမှီသောခန္ဓာလည်းမဟုတ်တော့ဘဲ *ဥပါဒါန်* ၏ အာရုံသာဖြစ်သော ခန္ဓာဖြစ်၍၊ *ပဉ္စုပါဒါနက္ခန္ဓာ* ဟု ဆိုလိုပါတယ်။

*ဝိပဿနုပက္ကိလေသာဉာဏ်* မှာလဲ၊ *သခ်တ* နယ်မှာပင်ရှိသေးတယ်။ *သင်္ခါရုပေက္ခာဉာဏ်* မှာလဲ၊ *သခ်တ* နယ်မှာပင်ရှိသေးတယ်။ *နိဗ္ဗိန္ဒာဉာဏ်* မှာလဲ၊ *သခ်တ* နယ်မှာပင်ရှိသေးတယ်။ *ခန္ဓာငါးပါး သခ်တတရား* ကတော့၊ အရှုခံနှင့်

http://www.dhammadownload.com



ရှိပေမယ့်၊ ရှုညာဏ်အောက်မှာတွေ့တာကတော့၊ *အနိစ္စလက္ခဏာ* သာ တွေ့ရပါတယ်။ *ခန္ဓာရဲ့အနိစ္စ* ကို ရှုညာဏ်နှင့်မြင်၊ ရှုညာဏ်နှင့်မုန်း၊ ညာဏ်အောက်မှာ အရှုခံဆုံးသောအခါ၊ *အရှုခံသခ်တ* မတွေ့တော့ဘဲ၊ မဖြစ်မပျက်တဲ့ *အသခ်တ* အေးငြိမ်းမှုကိုသာ ညာဏ်အောက်မှာတွေ့မှသာလျင်၊ ဆရာတော်ဘုရား ဟောသော၊ မန္တလေးနယ်နိမိတ် မိုင်(၃၀) ကလွတ်၍၊ အေးငြိမ်းရာ *အသခ်တနိဗ္ဗာန်* ကို ယမ္မုဘဝမသေခင်က *နိဗ္ဗာန်* ကို ညာဏ်နှင့်မြင်မှသာ၊ *သဥပါဒိသေသနိဗ္ဗာန်* ကို မျက်မှောက်ပြုနိုင်ပါသည်ဟု မိုးကုတ်ဆရာတော်ဘုရားကြီးက ဟောတော်မူပါသည်။

## ဝိပ္ပလ္လာသ (၁၂) ပါး ခေါင်ခြုပါမယ်။

ဆရာကောင်းမတွေ့သေး၍၊ *သစ္စာတရား* မနာရသေးသော *ပုထုဇဉ်* မှာ၊ *ဝိပ္ပလ္လာသ* ဆိုသော၊ အမှား(၁၂)ချက်နှင့် မှောင်ကျနေပါတယ်ဟု ဆရာတော်ဘုရားက ဟောထားပါတယ်။

*သက္ကာယဒိဋ္ဌိ* ပြုတ်သော၊ တရားနာရ၍၊ ခန္ဓာ(၅)ပါး

http://www.dhammadownload.com



၏ *အနိစ္စတရား* ခန္ဓာ(၅)ပါး၏ *ဒုက္ခတရား* ခန္ဓာ(၅)ပါး၏ *အနတ္တတရား* ခန္ဓာ(၅)ပါး၏ *အသုဘတရား* နှင့် ရုပ်အကြောင်း၊ နာမ်အကြောင်းသိသော၊ *နာမရူပပရိစ္ဆေဒ* ဉာဏ်ကို အသိနှင့်ပိုင်လျှင် *စူဠသောတာပန်* ဖြစ်၍၊ *ဝိပ္ပလ္လာသ* (၁၂)ပါးမှ အသိနှင့် (၈)ချက်ပြုတ်ပါတယ်။

*သောတာပန်* (၈)ချက်ပြုတ်ပုံနှင့်၊ *အနာဂမ်* (၁၀)ချက်ပြုတ်ပုံနှင့်၊ ရဟန္တာ (၁၂)ချက်ပြုတ်ပုံတို့ကို ကျေးဇူးပြုပါမယ်။

## ဝိပ္ပလ္လာသ (၁၂) ပါးအကြောင်းကို ပဌမသိရန် အချက်များမှာ

ခန္ဓာ(၅)ပါး သက္ကာယတရား ၏ အဓိပ္ပါယ် –

၁။ ရူပ က္ခန္ဓာ

၂။ ဝေဒန က္ခန္ဓာ

၃။ သညာ က္ခန္ဓာ

၄။ သင်္ခါရ က္ခန္ဓာ

၅။ ဝိညာဏ က္ခန္ဓာ

http://www.dhammadownload.com



၁။ *ရူပက္ခန္ဓာ* - သည်၊ ဖေါက်ပြန်ပျက်စီးတတ်သော သဘောအစုဖြစ်ပျက်မှု။

၂။ *ဝေဒနက္ခန္ဓာ* - သည်၊ ခံစားတတ်သော သဘောအစု ဖြစ်ပျက်မှု။

၃။ *သညာက္ခန္ဓာ* - သည်၊ မှတ်သား တတ်သော သဘော အစု ဖြစ်ပျက်မှု။

၄။ *သင်္ခါရက္ခန္ဓာ* - သည်၊ ပြုပြင်တတ်သော သဘော အစု ဖြစ်ပျက်မှု။

၅။ *ဝိညာဏက္ခန္ဓာ*- သည်၊ သိတတ်သော သဘော အစု ဖြစ်ပျက်မှု။

ခန္ဓာ(၅)ပါး သက္ကာယတရား ၏ အနှစ်သာရမှာ ခန္ဓာ(၅)ပါး *အာဒီနဝတရား၊* ခန္ဓာ(၅)ပါး *ဒုက္ခတရား၊* ခန္ဓာ(၅)ပါး *အနတ္တတရား* ခန္ဓာ(၅)ပါး *အသုဘတရား* အပေါ်မှာ အမှတ်မှား၊ အသိမှား၊ အယူမှားနှင့် အမှား(၁၂)ချက် အုပ်နေတာကို *ဝိပလ္လာသ(၁၂)ပါး* ဟုခေါ်ပါသည်။

http://www.dhammadownload.com



## ခန္ဓာ (၅) ပါး သင်္ခါရတရားအပေါ်မှာ မှောင်ကျနေသော ဝိပ္ပလ္လာသတရား (၁၂) ပါး ပုံစံ

| | အနိစ္စ | ဒုက္ခ | အနတ္တ | အသုဘ |
|---|---|---|---|---|
| | နိစ္စ | သုခ | အတ္တ | သုဘ |
| သညာဝိပ္ပလ္လာသ အမှတ်မှား | ★ | ✖ | ☮ | ✙ |
| စိတ္တဝိပ္ပလ္လာသ အသိမှား | ★ | ✖ | ☮ | ✙ |
| ဒိဋ္ဌိဝိပ္ပလ္လာသ အယူမှား | ★ | ✖ | ☮ | ✙ |

ခန္ဓာ(၅)ပါး အနိစ္စတရားကို ★ နိစ္စမြဲသည်ဟု အမှတ်မှား။

ခန္ဓာ(၅)ပါး အနိစ္စတရားကို ★ နိစ္စမြဲသည်ဟု အသိမှား။

ခန္ဓာ(၅)ပါး အနိစ္စတရားကို ★ နိစ္စမြဲသည်ဟု အယူမှား။

ခန္ဓာ(၅)ပါး ဒုက္ခတရားကို ✖ သုခဟု အမှတ်မှား။

ခန္ဓာ(၅)ပါး ဒုက္ခတရားကို ✖ သုခဟု အသိမှား။

ခန္ဓာ(၅)ပါး ဒုက္ခတရားကို ✖ သုခဟု အယူမှား။

http://www.dhammadownload.com



## ဉာတပရိညာအမှတ်(၂)တရားတော်

၊(၅)ပါး အစိုးမရသော အနတ္တတရားကို

- အတ္တအစိုးရသည်ဟု အမှတ်မှား။
- အတ္တအစိုးရသည်ဟု အသိမှား။
- အတ္တအစိုးရသည်ဟု အယူမှား။

ခန္ဓာ(၅)ပါး အသုဘတရားကို

- သုဘဟု အမှတ်မှား။
- သုဘဟု အသိမှား။
- သုဘဟု အယူမှား။

ခန္ဓာ(၅)ပါး၊ ရုပ်နာမ်တရားကို သား၊ သမီး၊ လင်နှင့် မယားဟု အမှတ်မှား၊ အသိမှား၊ အယူမှား။

၁။ သားလေးဟု အမှတ်မှား။

၂။ ငါ့သား ဟု အသိမှား။

၃။ ငါ့သားမို့ အားကိုးရမှာဘဲဟု အယူမှား။

၁။ သားခန္ဓာသည် အနိစ္စတရား မြဲသည်ဟု အမှတ်မှား။

၂။ သားခန္ဓာသည် အနိစ္စတရား မြဲသည်ဟု အသိမှား။

၃။ သားခန္ဓာသည် အနိစ္စတရား မြဲသည်ဟု အယူမှား။

http://www.dhammadownload.com



၁။ သားခန္ဓာသည် ဒုက္ခတရား သုခဟု အမှတ်မှား။

၂။ သားခန္ဓာသည် ဒုက္ခတရား သုခဟု အသိမှား။

၃။ သားခန္ဓာသည် ဒုက္ခတရား သုခဟု အယူမှား။

၁။ သားခန္ဓာသည် အနတ္တတရား အတ္တဟု အမှတ်မှား။

၂။ သားခန္ဓာသည် အနတ္တတရား အတ္တဟု အသိမှား။

၃။ သားခန္ဓာသည် အနတ္တတရား အတ္တဟု အယူမှား။

၁။ သားခန္ဓာသည် အသုဘတရား သုဘဟု အမှတ်မှား။

၂။ သားခန္ဓာသည် အသုဘတရား သုဘဟု အသိမှား။

၃။ သားခန္ဓာသည် အသုဘတရား သုဘဟု အယူမှား။

ခန္ဓာ(၅)ပါး *သက္ကာယတရား* ကို *ဝိပ္ပလ္လာသ (၁၂) ပါး* ဖုံးအုပ်ထားသော ခန္ဓာ(၅)ပါးလို့မသိတော့၊ *အတ္တ၊ အတ္တနိယ* တရား ကြီးစိုးလာတော့၊ ငါနှင့်ငါ့ဉစ္စာ၊ ငါ့သား၊ ငါ့သမီး၊ ငါ့ပစ္စည်းဟု အမှတ်မှား၊ အသိမှား၊ အယူမှား ဖြစ်တော့တာ ပါဘဲ။

ခန္ဓာ (၅) ပါး *သက္ကာယတရား* သည်၊ *အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘ* တရားဟု အမှတ်မှန်၊ အသိမှန်၊ အယူမှန်

http://www.dhammadownload.com



တာသည်၊ သမ္မာဒိဋ္ဌိဉာဏ် ရလို့ပါဘဲ။

| | |
|---|---|
| နာမရူပ ပရိစ္ဆေဒ | ဉာဏ် |
| ပစ္စယ ပရိဂ္ဂဟ | ဉာဏ် |
| ဝိပဿနာ | ဉာဏ် |
| နိဗ္ဗိန္ဒ | ဉာဏ် |

လောက် ရပြီးသားယောဂီသည်၊ သောတာပန် ကဲ့သို့ သမ္မာဒိဋ္ဌိ အမြင်မျိုး၊ ခန္ဓာ(၅)ပါး၊ အနိစ္စတရား ပေါ်မှာ

| | | |
|---|---|---|
| ၁။ | အနိစ္စဟု | အမှတ်မှန် |
| ၁။ | အနိစ္စဟု | အသိမှန် |
| ၁။ | အနိစ္စဟု | အယူမှန် |

ခန္ဓာ(၅)ပါး အနိစ္စ ဟု အမှန်သိတာသည် သမ္မာဒိဋ္ဌိ

ရူပ က္ခန္ဓာ
ဝေဒန က္ခန္ဓာ
သညာ က္ခန္ဓာ
သင်္ခါရ က္ခန္ဓာ
ဝိညာဏ က္ခန္ဓာ

ကို အနိစ္စ ဟု အမှန်သိတာသည်၊ သမ္မာဒိဋ္ဌိ

http://www.dhammadownload.com



ဤကဲ့သို့ *ခန္ဓာ၏အနိစ္စ* ကို အမှန်သိရင်။

အနိစ္စကို —
- အမှတ်မှား **သညာ** **ဝိပ္ပလ္လာသ ပြုတ်တယ်။** [၁]
- အသိမှား **စိတ္တ** **ဝိပ္ပလ္လာသ ပြုတ်တယ်။** [၁]
- အယူမှား **ဒိဋ္ဌိ** **ဝိပ္ပလ္လာသ ပြုတ်တယ်။** [၁]

ခန္ဓာ(၅)ပါး *ဒုက္ခသစ္စာ* ဟု အမှန်သိတာသည် *သမ္မာဒိဋ္ဌိ*

ရူပ က္ခန္ဓာ
ဝေဒန က္ခန္ဓာ
သညာ က္ခန္ဓာ
သင်္ခါရ က္ခန္ဓာ
ဝိညာဏ က္ခန္ဓာ

— ကို *ဒုက္ခသစ္စာ* ဟု အမှန်သိတာသည်၊ *သမ္မာဒိဋ္ဌိ*

ဝိပ္ပလ္လာသ အများ(၁၂)ချက်မှာ –

[၁] သည် *သောတာပန်* နှင့် *သကဒါဂါမ်* ပယ်သော (၈)ချက်။

[၃] သည် *အနာဂါမ်* ပယ်သော(၁၀)ချက်။

[၄] သည် *ရဟန္တာ* ပယ်သော(၁၂)ချက်။

http://www.dhammadownload.com



| | အနိစ္စ | ဒုက္ခ | အနတ္တ | အသုဘ |
|---|---|---|---|---|
| | နိစ္စ | သုခ | အတ္တ | သုဘ |
| သညာ ဝိပ္ပလ္လာသ အမှတ်မှား | ၁ | ၄ | ၁ | ၃ |
| စိတ္တ ဝိပ္ပလ္လာသ အသိမှား | ၁ | ၄ | ၁ | ၃ |
| ဒိဋ္ဌိ ဝိပ္ပလ္လာသ အယူမှား | ၁ | ၁ | ၁ | ၁ |

ဒုက္ခသစ္စာကို —
- သောတာပန်သည် **သညာ ဝိပ္ပလ္လာသ မပြုတ်သေးပါ။**
- သောတာပန်သည် **စိတ္တ ဝိပ္ပလ္လာသ မပြုတ်သေးပါ။**
- သောတာပန်သည် **ဒိဋ္ဌိ ဝိပ္ပလ္လာသ ပြုတ်ပါသည်။** [၁]

ခန္ဓာ(၅)ပါး *အနတ္တတရား* ဟု အမှန်သိတာသည် သမ္မာဒိဋ္ဌိ

ရူပ က္ခန္ဓာ
ဝေဒန က္ခန္ဓာ
သညာ က္ခန္ဓာ
သင်္ခါရ က္ခန္ဓာ
ဝိညာဏ က္ခန္ဓာ

→ ကို *အနတ္တတရား* ဟု အမှန်သိတာသည်၊ သမ္မာဒိဋ္ဌိ

http://www.dhammadownload.com

ဦးခင်စိုး ပြုစုသော

ဤကဲ့သို့ *ခန္ဓာ၏အနတ္တ* တရားကို အမှန်သိရင်။

| | |
|---|---|
| | အမှတ်မှား သညာ ဝိပ္ပလ္လာသ ပြုတ်တယ်။ [ |
| အနတ္တ တရားကို | အသိမှား စိတ္တ ဝိပ္ပလ္လာသ ပြုတ်တယ်။ [ |
| | အယူမှား ဒိဋ္ဌိ ဝိပ္ပလ္လာသ ပြုတ်တယ်။ [ |

ခန္ဓာ(၅)ပါး *အသုဘတရား* ဟု အမှန်သိတာသည် သမ္မ

| | |
|---|---|
| | သောတာပန်သည် သညာ ဝိပ္ပလ္လာသ မပြုတ်သေ |
| အသုဘ တရားကို | သောတာပန်သည် စိတ္တ ဝိပ္ပလ္လာသ မပြုတ်သေး |
| | သောတာပန်သည် ဒိဋ္ဌိ ဝိပ္ပလ္လာသ ပြုတ်ပါသည်။ ၂ |

ဝိပ္ပလ္လာသ(၁၂)ပါးမှာ *သောတာပန်* (၈)ချက်ပယ်

ပုံစံနှင့် ပြထားပါတယ်။

*သကဒါဂါမိ ကလဲ သောတာပန်* ကဲ့သို့ (၈)ချက်

ပါတယ်။ *သောတာပန်* သည် ခန္ဓာ(၅)ပါး *အသုဘ*

ကိုယ်ကြီးကို *သုဘ* ဟု အမှတ်မှား၊ *သုဘ* ဟု အသိ

ကျန်သေးတော့။

ဝိသာခါကျောင်းအမကြီးသည်၊ အဖိုးတစ်သိန်းထိုက်

http://www.dhammadownload.com



အဝတ်ကြီးကို ဝတ်ပါသည်။ အိမ်ထောင်မကျခင် *သောတာပန်* တည်ပါတယ်။ *သောတာပန်* မကြီး၊ ခလေးတွေမွေးပါတယ်။ အဲဒီ *အသုဘ* ခန္ဓာကြီးကို *သုဘ* ဟု အမှတ်မှားနှင့် *သုဘ* ဟု အသိမှား ကျန်သေးတော့၊ လင်ယူ၊ ခလေးတွေမွေး၊ အဖိုးတစ်သိန်းထိုက်တဲ့ အဝတ်ကိုဝတ်တာပေါ့။ ဆရာတော်ဘုရား ဟောတဲ့ ဝိသာခဆိုသော သူဌေးနှင့် ဓမ္မဒိန္နာဆိုသော သူဌေးကတော်တို့သည်၊ ဝိသာခသူဌေးကြီး ဘုရားကျောင်းက ပြန်လာတော့၊ သူဌေးကတော်က တိုက်လှေခါးအတက်မှာ သူဌေးကြီးအား လက်ကိုဆွဲဘို့လက်ကမ်းတော့၊ သူဌေးကြီးက သူဌေးကတော်၏လက်ကို မကိုင်တော့တာသည်၊ *အသုဘ* ခန္ဓာကိုယ်ကြီးကို *သုဘ* ဟု *သညာဝိပ္ပလ္လာသ* [၃] *သုဘ* ဟု *စိတ္တဝိပ္ပလ္လာသ* [၃] *အသုဘ* ခန္ဓာကိုယ်ကြီးကို *အနာဂါမ်* ကြီးက *သုဘ* ဟု အမှတ်မှား၊ *သုဘ* ဟု အသိမှား ပြုတ်လို့ပါ။

ကျွန်တော်တို့ရိပ်သာမှာ၊ တရားအားထုတ်သော ဒေါ်ခင်နှင့် ဒေါ်စန်းဆိုသော ယောဂီနှစ်ဦး အလှူသွားဖို့ရန်၊ ဒေါ်ခင်က ဒေါ်စန်းတိုက် သွားခေါ်တော့၊ ဒေါ်စန်းက ကိုယ်လုံးပေါ်မှန်ကြီး

http://www.dhammadownload.com



တပ်ထားသော၊ အဝတ်ဘီရိုကြီးရှေ့မှာ၊ လုံချည်တွေ၊ အင်္ကျီတွေကို ခါးကပ်ကြည့်လိုက်၊ အောက်ပုံချလိုက် လုပ်နေတာ၊ လုံချည်၊ အင်္ကျီတွေက အပုံလိုက်၊ အဲဒါ အန်တီစန်း စိတ်ကြိုက်ရွေးမပြီးသေးဘူး။ စောင့်ရသော ဒေါ်ခင်က စိတ်မရှည်သောအမူအရာနှင့် ဒေါ်စန်း၏တင်ပါးကို လက်ဝါးနှင့်ရိုက်ပြီးတော့၊ ဒီ *အသုဘ* ခန္ဓာကြီးကို ပြုလို့၊ ပြင်လို့ကိုမပြီးနိုင်ဘူးဟု ဒေါ်ခင်ကပြောတော့၊ ဒေါ်စန်းက *အသုဘ* ခန္ဓာကြီးကို *သုဘ* ဟု အမှတ်မှားနှင့် *သုဘ* ဟု အသိမှား ကျန်သေးတော့ ပြင်လို့မပြီးသေးတာပေါ့။

ဆရာတော်ဘုရားကြီးဟောထားတဲ့ တရားနာပြီး အားထုတ်ထားတော့၊ *အသုဘ* ခန္ဓာကြီးကို အယူမှား *ဒိဋ္ဌိ ဝိပ္ပလ္လာသ* ပြုတ်တာတော့ ကြာပါပြီတဲ့။

အခါတစ်ပါး၌ ရဟန္တာ ကိုယ်တော်မြတ်ကြီးတစ်ပါးသည်၊ ဆွမ်းစားရန် စားပွဲမှာထိုင်ပြီး ဆွမ်းစားခါနီး၊ *ဒုက္ခ ဒုက္ခ ဒုက္ခ* ဟု နှုတ်တော်ကဆိုသောအခါ၊ အနားမှာထိုင်နေသော၊ *ကပ္ပိယ* ကြာသော် က၊ အဲဒီ *ဒုက္ခ* မျိုး ကြာသော် တို့များ ခံစားချင်လိုက်တာဟုဆိုပါတယ်။

http://www.dhammadownload.com



ဆိုလိုရင်းအဓိပ္ပါယ်မှာ - ရဟန္တာ ကိုယ်တော်မြတ်ကြီးသည်၊ *သုခ သညာဝိပ္ပလ္လာသ* [၄]နှင့် *သုခ စိတ္တဝိပ္ပလ္လာသ* [၄]တို့ ကုန်ခန်းနေတော့၊ ခန္ဓာ(၅)ပါး *ဒုက္ခသစ္စာတရား* ပေါ်မှာ *သုခ* ဟူသော အမှတ်များနှင့် *သုခ* ဟူသော အသိများ *ဝိပ္ပလ္လာသ* ပြုတ်တော့ ရဟန္တာ ကိုယ်တော်မြတ်ကြီး ဖြစ်တော့တာပေါ့ခင်ဗျား။

ကျွန်တော်သည် ဤတရားစာအုပ်ရေးရခြင်းအကြောင်းမှာ "လ"လိုလိမ်၍ အပေါက်ချန်ထားသော (ကမ္မ ဘဝ) နှင့် *ဥပပတ္တိဘဝ* အပါအဝင် *ဥပါဒါနက္ခန္ဓာ* နှင့် *ဝိပ္ပလ္လာသ* (၁၂)ပါးဆိုသော ဤတရားများကို ပါးစပ်နှင့်သာ အားရပါးရ သဘောပေါက်အောင်၊ ပြောလိုက်ချင်ပါတယ်။ စာနဲ့ရေးရတာ အားမရဘူး။ ကျွန်တော်က စာရေးဆရာလဲမဟုတ်ဘူး။ တရားဟောဆရာလဲမဟုတ်ဘူး။ ဆရာတော်ဘုရားကြီးဟောတဲ့ တရားတွေကို နာကြား၍ အားထုတ်လို့ သဘောပေါက် ဉာဏ်ရောက်သလောက်ကလေး တင်ပြရတာပါ။

ဆရာတော်ရဲ့တရားကို လိုက်စားခါစ ယောဂီများအတွက် နားလည်သဘောပေါက်စေချင်တာကလဲ၊ အလွန်

http://www.dhammadownload.com



ပါဘဲ။ စာမျက်နှာ(၁၄၄) မှ (၁၅၃) ထိအောင်၊ ဝိပ္ပလ္လာသ (၁၂)ပါးကို စာမျက်နှာ(၁၅၃) မှ (၁၇၁) ထိ အထပ်ထပ် ခဏခဏ ကြည့်ရင် ရှင်းရှင်းလင်းလင်း သိပါလိမ့်မယ် ခင်ဗျား။

ကျွန်တော်သည်၊ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး တရားများကို လိုက်စားနေစဉ်၊ (၁၉၇၈–၇၉) ခုလောက်မှာ အမှတ်မထင်၊ တဘောင်တစ်ခုတွေ့တယ်။ ဒီ တဘောင်သည်၊ သာသနာမှာ ဖြစ်ရပ်နဲ့ကိုက်တယ်ဟု ကျွန်တော်ယူဆမိပါတယ်။

တဘောင်က

| | | |
|---|---|---|
| အင်းခမ်း | တော့ | လယ်တည် |
| လယ်တည် | တော့ | ငှက်ကျ |
| ငှက်ကျ | တော့ | ကြောင်ခုတ် |
| ကြောင်ခုတ် | တော့ | ထွန်ဆင်း |
| ထွန်ဆင်း | တော့ | မိုးရွာ |

ဒီတစ်ခါရွာတဲ့မိုး ချိုးမိအောင်ချိုး

ဒီစာကို ကျွန်တော်ကြိုက်၍ သိမ်းထားပါသည်။

(၁၄–၉–၉၀) ခုနှစ်၊ ညနေ (၄) နာရီ (၃၀) မိနစ်မှာ၊ ပခုက္ကူမြို့၊ ဝိသုတာရာမအလယ်တိုက်မှာ၊ စားရေးဆရာတော်

http://www.dhammadownload.com



ဦးကေလာ ထံ ဖုန်းဆက်၍ ဤ တဘောင်အကြောင်း မေးလျှောက်ပါသေးတယ်။

ဆရာတော် ဦးကေလာက ဆရာတော်ကြားဘူးသော တဘောင်ကို ဖုန်းထဲမှာပြောပါသေးတယ်။

"အင်းခမ်းလို လယ်တည်
ရွာပြီကွဲ့ မိုး
မိလက်ခူ တောင်သူဘဝ
စိုက်လိုက်ကြပျိုး။"

ဆရာတော်က ဤကဲ့သို့မိန့်ပါသေးတယ်။

ကျွန်တော်က ဆရာတော် ဦးကေလာ ထံ၊ ယခု တဘောင်မှာပါသော၊ ဆရာတော်ကြီးများရဲ့မွေးနေ့၊ လ၊ ခုနှစ် ဤဘဝ ခန္ဓာစွန့်တဲ့ခုနှစ်များ ဖုန်းနှင့်မေးလျှောက်သောအခါ၊ ဆရာတော် ဦးကေလာက ဤကဲ့သို့ မိန့်ရှိပါတယ်။

http://www.dhammadownload.com



| မွေး | ခန္ဓာဝန်ချ |
|---|---|
| အင်းကန်း ဝိသုတာဆရာတော် ၁၂၀၀ပြည့်၊ ဝါဆိုလွှန်း(၁၃)ရက် | အင်းကန်း ဝိသုတာဆရာတော် ၁၂၈၇၊ ဝါဆိုလွှန်း(၈)ရက် |
| လယ်တီဆရာတော် ၁၂၀၈၊ နတ်တော်လွှန်း(၁၃)၊ အင်္ဂါနေ့ | လယ်တီဆရာတော် ၁၂၈၅၊ ဝါဆိုလပြည့် ဗုဒ္ဓဟူးနေ့ |
| ငှက်တွင်းဆရာတော် ၁၁၉၃၊ ပ–ဝါဆိုလွှန်း(၇) ကြာသပတေးနေ့ | ငှက်တွင်းဆရာတော် ၁၂၇၂၊ သီတင်းကျွတ်လွှန်း(၉) |
| ကြောင်ပန်းဆရာတော် ၁၂၂၂၊ သီတင်းကျွတ်လွှန်း(၃)ရက် | ကြောင်ပန်းဆရာတော် ၁၂၈၈၊ ပြာသိုလွှန်း(၃) ရက် |
| စွန်းလွန်းဆရာတော် (ဝါ) ထွန်ဆင်းဆရာတော် ၁၂၃၉၊ တပေါင်းလွှန်း(၂) ရက် | စွန်းလွန်းဆရာတော် (ဝါ) ထွန်ဆင်းဆရာတော် ၁၃၁၄၊ ကဆုန်လွှုပ်(၉)ရက် ည(၅)နာရီ |
| မိုးကုတ်ဆရာတော် ၁၂၆၁၊ နတ်တော်လွှုပ်(၁၁)ရက် ဗုဒ္ဓဟူးနေ့ | မိုးကုတ်ဆရာတော် ၁၃၂၄၊ သီတင်းကျွတ်လွှုပ်(၄) နေ့လည်(၁)နာရီ(၂၀)မိနစ် သက်တော်(၆၃)၊ ဝါတော်(၄၄) |

http://www.dhammadownload.com



နိုင်ငံတော်အစိုးရ၊ သာသနာရေးဌာနမှ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးအား အဂ္ဂမဟာပဏ္ဍိတဘွဲ့ ဆက်ကပ်သောနှစ် (၁၃၂၄)ခုနှစ်၊ ဝါဆိုလဆန်း(၇)ရက်၊ တနင်္ဂနွေနေ့။

## လယ်တီဆရာတော်ဘုရားအား ဆက်ကပ်ခံရသော ဘွဲ့တံဆိပ်

၁၂၇၃-ခုနှစ်၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့ကို မြန်မာနိုင်ငံတွင် ပဌမဦးဆုံးရ၏။

၁၂၇၅-ခုနှစ်တွင် တည်ထောင်သည့်၊ နိုင်ငံခြား သာသနာပြုအသင်းကြီး၌ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည်။

၁၂၈၃-ခုနှစ်၊ နတ်တော်လ၌ ရန်ကုန်တက္ကသိုလ်ကျောင်း ကြီး ဖွင့်လှစ်သည့်အထိမ်းအမှတ် အဖြစ်၊ တက္ကသိုလ်အဓိပတိ ဖြစ်သော ဘုရင်ခံက (ဒီလစ်) (Doctor of Literature) ဘွဲ့တံဆိပ် ဆက်ကပ်လှူဒါန်း ခြင်း ခံယူရရှိတော်မူသည်။

http://www.dhammadownload.com



## ပြုစုသောကျမ်းများ

- အဘိဓမ္မာ သင်္ဂဟအဖွင့်
- ပရမတ္ထဒီပနီဋီကာ
- ပဋိစ္စသမုပ္ပါဒ်လင်္ကာ

စသည်တို့အပါအဝင် ကျမ်းပေါင်း(၁၀၀)ကျော် ကို ရေးသားစီစဥ်တော်မူခဲ့သည်။

## အင်းကန်းဆရာတော်ဘုရား နှင့် ရုပ်သေးမင်းသားကြီး ဦးဖိုးညို တို့ အလှူပွဲတွင်။

ကျွန်တော်နေသော အောင်တော်မူရပ်နှင့် မဝေးလှသော နေရာမှာ၊ အင်းကန်းကျောင်းတိုက် ရှိပါတယ်။ မြန်မာမင်း လက်ထက်မှာ ရုပ်သေးမင်းသားကြီး ဦးဖိုးညိုက အင်းကန်း ဆရာတော်ထံ ဆွမ်းအုပ်ကြီးပိုက်ပြီး ဆွမ်းကပ်ရန် လာသော အခါ၊ အင်းကန်းဆရာတော်က၊ မောင်ဖိုးညို၊ မင်း... ဆွမ်းကပ် လာသလားကွ – ဟု မေးပါတယ်။ မင်း – က ရှာစဥ်လယ်ပြီး မီးရှို့တဲ့အကောင်၊ မင်း – ဆွမ်း ငါ – မစားဘူး၊ ပြန်ယူသွား။ မင်း – ဆွမ်း စားစေချင်ရင် ဝမ္မစကြာပါဠိနှင့်အနက်ကို ရအောင်ကျက်ခဲ့။ ကျက်ပြီးမှ၊ မင်း – ဆွမ်း၊ ငါ – စားမယ်ဟု

http://www.dhammadownload.com



မိန့်တော်မူပါတယ်။

(၇) ရက်အတွင်း၊ ဓမ္မစကြာရ၍၊ ဆရာတော်ထံလာသော အခါ။ ဆရာတော်က၊ ရုပ်သေးမင်းသားကြီး ဦးဖိုးညိုအား နေရာကောင်းစွာပေး၍၊ ဦးဖိုးညိုရွတ်ဆိုသော ဓမ္မစကြာပါဠိ အနက်တရားကို လေးစားစွာနာကြား၍ပြီးသောအခါ၊ သာဓု-သာဓု-သာဓု ဟု (၃)ကြိမ်ခေါ်၍၊ ဆွမ်းစားတော်မူပါသည်တဲ့။


အင်းကန်းကျောင်းအနီးနေသော၊ သက်ကြီးရွယ်အိုတစ်ဦးက ကျွန်တော့်အား၊ ပြောပြဘူးသော အင်းကန်းဆရာတော်နှင့် ရုပ်သေးမင်းသားကြီး ဦးဖိုးညိုတို့၏ အထုပ္ပတ္တိကလေး ဖြစ်ပါသည်။ အဲဒီခေတ်က၊ အင်းကန်းဆရာတော်သည် ရဟန္တာဟုရင်း၊ လယ်တီဆရာတော်၏ဆရာဟုရင်း၊ ကြားမိဘူးပါသည် ခင်ဗျား။

ဤတွင် ပြီးဆုံးပါပြီ။

★ ★ ★ ★ ★

ဦးခင်မိုး [မိုးကျော်ပိဋကသုတေသနစာပြန့်ပွားရေး]
အမှတ် (၁၇၁)၊ မြစ်ခွာလမ်း။
အောင်တော်မူရပ်၊ မန္တလေးမြို့။ ☎ - ၆၆၂၀၉

http://www.dhammadownload.com



http://www.dhammadownload.com